

တက္ကသိုလ်
သီဟဒေအောင်
ဝမ်အင်း၏ ရိစန်းဗိန့်
သိုင်းလောက
တစ်ကျော့ပြန်
ဒုတိယပိုင်း
ဇာတ်သိမ်း

ပိုးတယ်ရေး-၀၁၉

တက္ကသိုလ်
သီဟအောင်

# သိုင်းလောကတစ်ကျော့ပြန်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

# တိုးတက်ရေး-စာပေ

## ခုတ်ရာတစ်ခြား ထစ်ရာတစ်ခြား

နေဝန်းနီမှာ မိုးကုပ်စက်ဝိုင်း အနောက်ဘက်သို့ ငုပ်လျှိုးသွားပြီ ဖြစ်၏။

မှိန်ဖျော့သွားသော အလင်းရောင်များကြားသို့ အမှောင်ထုက အစားထိုးနေရာယူလိုက်ပြီ ဖြစ်သည်။

မကြာမီ မိုးချုပ်တော့မည် ဖြစ်သည်။

ကြုံမှာမြို့၏ အိမ်တိုင်းလိုလိုပင် မီးများ ထွန်းညှိထားပြီ ဖြစ်သည်။

လမ်းပေါ်တွင် လူသွားလူလာ ကင်းရှင်းနေပြီ ဖြစ်၏။

မကြာမီ...

အိပ်စက်အနားယူကြတော့မည် ဖြစ်သည်။

သူဌေးမင်းတည်းခိုခန်းသို့ ဝမ်းဖုံး ပြန်လည်ရောက်ရှိလာသောအခါ အချို့လူများမှာ အိပ်ယာဝင်ကုန်ပြီ ဖြစ်လေသည်။

စားသောက်ခန်းမကိုပင် ပိတ်ထားပြီ ဖြစ်သောကြောင့် ယနေ့ညအတွက် စားသောက်စရာများ ရနိုင်တော့မည် မဟုတ်ချေ။

သို့သော်...

တည်းခိုခန်းနေသူ ဧည့်သည်များအတွက်မူ သီးသန့်အခန်းငယ်တစ်ခု ဖွင့်လှစ်ကာ ထားပေးလေသည်။

ကိုယ်တိုင်သွား၍ စားသောက်စရာ မလိုဘဲ ဆိုင်လုလင်များအား မှာကြားခြင်းအားဖြင့် အလိုရှိသမျှ ရနိုင်ပေသည်။

ဝမ်းဖုံးသည် သူ၏အိပ်ခန်းသို့ ပြန်လည် ရောက်ရှိသွားသည်နှင့် ဆိုင်လုလင်တစ်ယောက်အား ခေါ်ယူလိုက်သည်။

ထို့နောက်...

စားသောက်ဖွယ်ရာနှင့် အရက်တစ်အိုး မှာကြားလိုက်၏။

မကြာမီ...

ဆိုင်လုလင်သည် စားသောက်ဖွယ်ရာနှင့် အရက်တစ်အိုး ယူဆောင်ကာ ပြန်လည် ရောက်ရှိလာလေသည်။

ဝမ်းဖုံးက ဆုချသည့် သဘောဖြင့် ဆိုင်လုလင်အား ငွေစအနည်းငယ် ထုတ်ပေးလိုက်၏။

"မင်း ညဘက် တာဝန်ယူထားရတယ် မဟုတ်လား"

ဆိုင်လုလင်က ငွေစများ ရရှိသဖြင့် ဝမ်းသာအားရ လေသံ



ဖြင့် ပြောလိုက်သည်။

"ဟုတ်ပါတယ် ဆရာ၊ အချိန်မရွေး ခေါ်ခိုင်းနိုင်ပါတယ်"

ဝမ်းဖုံး ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"အင်း မင်းတို့လည်း ပင်ပန်းမှာပဲ၊ ဒါထက် ဆိုင်ပိုင်ရှင်ကကော တစ်ညလုံး ထိုင်စောင့်နေတာပဲလား"

ဝမ်းဖုံးက ဆိုင်လုလင်ကလေးအား စကားထောက်လိုက်ခြင်း ဖြစ်ပေသည်။

ဆိုင်လုလင်က ရယ်ကျဲကျဲဖြင့် ပြန်ဖြေလိုက်၏။

"ဟာ ဘယ်ထိုင်စောင့်ပါ့မလဲ၊ ညဘက်ဆိုယင် အနားယူတယ်လေ"

ဝမ်းဖုံးက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ဒါဖြင့် မင်းတို့က သူနဲ့ တိုင်ပင်မှ ဖြစ်မယ့်အလုပ် ပေါ်လာယင်ကော"

ဆိုင်လုလင်က ပြုံးကာ...

"လွယ်ပါတယ်၊ သူ့ကို သွားနှိုးလိုက်ရုံပေါ့"

ဝမ်းဖုံး ကျေနပ်သွားသည်။

"သြော် ဒီလိုလား"

ဆိုင်လုလင် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဆိုင်ပိုင်ရှင်ရဲ့ အိမ်ဟာ ဒီခြံဝင်းအတွင်းမှာပဲ ရှိတယ်"

"ဟုတ်လား"

"အနောက်ဘက်က အဆောင်တစ်ခု တွေ့တယ် မဟုတ်

လား"

ဝမ်းဖုံး သတိမထားသော်လည်း ခေါင်းညိတ်ပြလိုက်၏။

"အင်း တွေ့သားပဲ"

ဆိုင်လုလင်က မျက်နှာလို မျက်နှာရဖြင့် ပြောလိုက်၏။

"အဲဒါ သူနေတဲ့ အိမ်ပေါ့"

ဝမ်းဖုံး ကျိတ်ပြုံးလိုက်သည်။

သူက သိလိုသည်များကို သိလိုက်ရပြီ ဖြစ်သောကြောင့် ဆိုင်လုလင်အား ပြန်လွှတ်လိုက်သည်။

"ကဲ မင်းလဲ လုပ်စရာရှိတာ သွားလုပ်ပါ၊ ကျုပ် အေးအေးဆေးဆေး စားသောက်ယင်း အနားယူဦးမယ်"

ဆိုင်လုလင်မှာ ဝမ်းဖုံးအား အကြိမ်ကြိမ် နှုတ်ဆက်ယင်း ထွက်ခွာသွား၏။

ဝမ်းဖုံးမှာ အစားအသောက်များကို မှာကြားလိုက်သော်လည်း လက်တွေ့တွင်မူ စားသောက်ခြင်း မရှိချေ။ ထိုနည်းတူ...

အိပ်စက်အနားယူနိုင်ခြင်း မရှိချေ။

သူသည် လူခြေတိတ်သည့် အချိန်ကို စောင့်ကာ ဆိုင်ရှင်ထံ သွားရောက် အကဲခတ်ရန် ဆုံးဖြတ်ထား၏။ အကြောင်းကား...

မြေခွေးမားဖိန် သူ၏အခန်းထဲသို့ ဝင်ရောက်လာနိုင်ခြင်းမှာ ဆိုင်ပိုင်ရှင်၏ အကူအညီ ရ၍သာဖြစ်မည်ဟု ကျိန်းသေယုံကြည်ထားသောကြောင့် ဖြစ်သည်။

* * *



ည...

ဝန်းကျင်တစ်ခုလုံး မှောင်မဲနေ၏။

သို့သော်...

မပီပိုးတဝါး လင်းလက်လျက်ရှိသော ကြယ်ကလေးများနှင့် လကွေးကွေးကလေးကြောင့် လက်တစ်ကမ်းအကွာအဝေးသို့ မှုန်ဝါးဝါး မြင်နိုင်ပေသည်။

ညဉ့်နက်ပြီ ဖြစ်သောကြောင့် တည်းခိုခန်းတစ်ခုလုံး အိပ်မောကျနေပုံရ၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေလေသည်။

ဝမ်းဖုံးသည် လူခြေတိတ်ဆိတ်သွားသောအခါ အိပ်ခန်းပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ခုန်ထွက်လိုက်လေသည်။

ထို့နောက်…

အနောက်ဘက်ရှိ သီးသန့်အဆောင်သို့ တိတ်တဆိတ် ချဉ်းကပ်လာခဲ့သည်။

ယင်းအဆောင်မှာ မကြီးလွန်း မငယ်လွန်းသော သီးသန့်အဆောင် ဖြစ်သည်။

ဝမ်းဖုံးက အမှောင်ရိပ်ကို ကွယ်ယင်း အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

အဆောင်အနီးတစ်ဝိုက်တွင် အစောင့်အကြပ်ဟူ၍ လုံးဝမတွေ့ရချေ။

ယင်းကြောင့် အတင့်ရဲလာကာ အဆောင်တွင်းသို့ ဝင်ရန် လမ်းရှာဖွေလိုက်သည်။

မကြာမီ…

ကျောက်ပြားများ ခင်းထားသော စင်္ကြံလမ်းတစ်ခုအား တွေ့လိုက်ရ၏။

ထိုစင်္ကြံအတိုင်း လျှောက်သွားရာ အခန်းတစ်ခုသို့ ရောက်သွားလေသည်။

ဝမ်းဖုံးက ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။

လူရှင်းနေပါသည်။

သူက ပြတင်းပေါက်မှ ချောင်းကြည့်လိုက်၏။

မှုန်ဝါးဝါး လရောင်ကြောင့် မွေ့ရာခုတင်များ အပြည့်အစုံရှိသည့် အိပ်ခန်းတစ်ခုဖြစ်ကြောင်း တွေ့ရ၏။

ထို့အပြင်…



ခုတင်ထက်တွင် လူတစ်ယောက် လှဲအိပ်နေသည်ကိုပါ မသဲမကွဲ တွေ့မြင်လိုက်ရသည်။

ဝမ်းဖုံးမှာ အခန်းတွင်းသို့ ဝင်ရန် လမ်းစရှာဖွေလိုက်၏။

သို့သော်…

အခန်းတံခါး လုံခြုံစွာ ပိတ်ထားသောကြောင့် ဝင်ရောက်ရန် မလွယ်ကူပါချေ။

ဝမ်းဖုံးသည် မတတ်သာသည့်အဆုံးတွင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

သူသည် အခန်းတံခါးအား ကိုယ်စောင်းဖြင့် တိုက်ဖွင့်ကာ အတွင်းဘက်သို့ ခုန်ဝင်သွား၏။

တိတ်ဆိတ်နေသော ညအချိန်ဖြစ်၍ တံခါးဖွင့်သံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဝုန်း"

အိပ်ပျော်နေသူမှာ လန့်နိုးလာပြီး ရုတ်တရက် ထထိုင်လိုက်၏။

တဒင်္ဂအချိန်အတွင်းမှာပင်…

ဝမ်းဖုံးသည် ထိုလူအနီးသို့ ရောက်ရှိသွားပြီး လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်သည်။

ခုတင်ပေါ်မှ လူမှာ ပခုံးသွေးကြောကို ထိုးပိတ်ခြင်း ခံရသဖြင့် လှုပ်ရှားနိုင်စွမ်း မရှိတော့ချေ။

ဝမ်းဖုံးက ထိုလူအား ပွေ့ချီလိုက်ပြီး လရောင်ထိုးကျရာသို့ ခေါ်ဆောင်သွားလေသည်။

သို့သော်...

သူ၏စိတ်ထဲတွင် ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ဆိုင်ပိုင်ရှင်၏ခန္ဓာကိုယ်မှာ လေးလံမှုမရှိဘဲ သေးသေးသွယ်သွယ်နှင့် နူးညံ့ပျော့ပျောင်းနေသည်ကို သတိပြုမိလိုက်၏။

ထို့အပြင်...

ဆိုင်ပိုင်ရှင်အား ပွေ့ချီထားသောကြောင့် သူ၏ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားမှုများ ခံစားလာရလေသည်။

ယင်းကြောင့်...

အလင်းရောင်အောက်တွင် ပွေ့ချီထားသူကို သေသေချာချာ ကြည့်လိုက်၏။

ထိုအခါ...

သူ၏ခန္ဓာကိုယ်မှာ တောင့်တင်းသွားသည်။

"ဟိုက် ဒုက္ခပဲ"

နှုတ်မှလည်း အလန့်တကြား ရေရွတ်မိ၏။

သူ ပွေ့ချီထားသူမှာ ဆိုင်ပိုင်ရှင်မဟုတ်ဘဲ မိန်းကလေးတစ်ယောက် ဖြစ်နေချေသည်တကား။

ဝမ်းဖုံးမှာ မိန်းကလေးအား လွှတ်ချရန် ဟန်ပြင်လိုက်၏။

ယင်းအခိုက်...

"သူခိုး..သူခိုး

ဆူညံသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။



တဆက်တည်းပင်...

မီးတုတ်ကိုင်ဆောင်ထားသော အစောင့်များ သူ့ထံသို့ ပြေးလာကြသည်ကို တွေ့လိုက်ရပြန်သည်။

ဝမ်းဖုံး မျက်လုံးပြူးသွားမိသည်။

သူက တုန့်ဆိုင်းမနေတော့ဘဲ မိန်းကလေးအား ပွေ့ချီယင်း သုတ်ခြေတင် ပြေးထွက်ခဲ့ရလေတော့သည်။

* * *

## အမှား

သူဌေးမင်းတည်းခိုခန်း ခြံဝင်းထဲတွင် မီးတုတ်များ ဟိုဟို သည်သည် ရွေ့လျားနေသည်။

အော်ဟစ်သံများလည်း ကြွက်ကြွက်စီ ထွက်ပေါ်နေလေသည်။

ဝမ်းဖုံးမှာကား သူ၏အခန်းတွင်းသို့ ပြန်လည် ရောက်ရှိနေပြီ ဖြစ်၏။

မိန်းကလေးမှာလည်း သူနှင့်အတူ ပါလာသည်။

ဝမ်းဖုံးမှာ မီးအိမ်ကို ထွန်းညှိလိုက်၏။

မီးလင်းသောအခါ မိန်းကလေးအား သေချာစွာ ကြည့်လိုက်သည်။



ထိုအချိန်တွင် ဆူညံနေသော အသံများမှာ ငြိမ်သက်သွားပြီ ဖြစ်၏။

ဝမ်းဖုံးသည် မီးရောင်အောက်တွင် နုနယ်ချောမောလှပသည့် မိန်းကလေးတစ်ယောက်အား တွေ့လိုက်ရသည်။

မိန်းကလေးမှာ ဝိုင်းစက်ပြူးကျယ်နေသော မျက်လုံးများဖြင့် သူ့အား အထိတ်တလန့် ကြည့်နေ၏။

"ဟင်"

ယင်းမိန်းကလေးအား တွေ့လိုက်ရသောအခါ ဝမ်းဖုံးမှာ မျက်လုံးပြူးကျယ်သွားသည်။

အကြောင်းကား...

သူက ဆိုင်ပိုင်ရှင်အမှတ်နှင့် သွေးကြောပိတ် ခေါ်ဆောင်လာသည့် မိန်းကလေးမှာ ချင်းစန်း၏သမီး ကျင်းကျင်း ဖြစ်နေခြင်းကြောင့် ဖြစ်၏။

ဝမ်းဖုံးမှာ မည်သို့ လုပ်ရမှန်း မသိတော့ချေ။

ကျင်းကျင်းကိုတစ်လှည့် အပြင်တစ်လှည့် ကြည့်ပြီး ဗျာများနေသည်။

အခြားတစ်စုံတစ်ယောက်အား ယခုကဲ့သို့ ဖမ်းဆီးခေါ်ဆောင်လာမိခဲ့လျှင် အကြောင်းမဟုတ်ချေ။

ယခုမူ...

ငယ်ရွယ်နုနယ်ပြီး ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

ဝမ်းဖုံးမှာ တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးသော ထိတ်

လန့်တုန်လှုပ်မှုမျိုး ဖြစ်ပေါ်ခံစားလာရလေသည်။

သံမဏိတံတိုင်းပမာ တင်းမာလှသော သူ၏စိတ်ဓာတ်တို့မှာလည်း ဖရိုဖရဲ ပြိုကွဲသွား၏။

အမြဲတစေ ခက်ထန်မောက်မာပြီး တင်းမာသော မျက်နှာပေါ်တွင် စိတ်ဓာတ်ကျဆင်းသည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

ဝမ်းဖုံးမှာ အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်နေသည်ကို ကျင်းကျင်းကလည်း ရိပ်မိလိုက်သည်။

အမှန်တွင်...

သူက ဝမ်းဖုံးအား ကြည့်မရခဲ့ချေ။

သုန်သုန်မှုန်မှုန်နေတတ်ပြီး ခက်ထန်ကြမ်းကြုတ်မည့် လူတစ်ယောက်ဟု ထင်မှတ်ထားခဲ့သည်။

သို့သော်...

ယခုတွင်မူ ဝမ်းဖုံး မျက်နှာထားမှာ ပျော့ပျောင်းနေသည့်အပြင် စိတ်ဓာတ်ကျဆင်းနေသည့် ဟန်ပန်များလည်း အထင်းသားပေါ်လွင်နေ၏။

ယင်းကြောင့်...

ကျင်းကျင်းမှာ အလွန်အံ့သြသွားသည်။

ထို့အပြင်...

သူသည် မိမိအား မကောင်းကြံစည်လိုသော စိတ်ဖြင့် ခေါ်ဆောင်လာခြင်း မဟုတ်ကြောင်း တဖြည်းဖြည်း ရိပ်စားမိလာလေသည်။



ဤသို့ဆိုပါလျှင်...

ဝမ်းဖုံးက သူမအား အဘယ်ကြောင့် ခေါ်ဆောင်လာရပါသနည်း။

ဝမ်းဖုံးမှာ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်သည်။

ထို့နောက်...

ကျင်းကျင်း အနီးသို့ တိုးကပ်သွားသည်။

တစ်ဖန်...

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး အသံတိုးတိုးဖြင့် ပြောလိုက်၏။

"ကျုပ်"ဆိုင်ရှင်ကို ဖမ်းမလို့ ရည်ရွယ်တာပါ၊ ဒါပေမယ့် လူမှားပြီး ခင်ဗျားကို ဖမ်းလာမိတယ်၊ ဒါကြောင့် ကျုပ်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ဗျာ"

ကျင်းကျင်း စကားမပြောနိုင်ချေ။

သူ့ကိုသာ မျက်လုံးပြူး၍ စိုက်ကြည့်နေ၏။

ဝမ်းဖုံး သက်ပြင်းချလိုက်သည်။

"ကျုပ် ခင်ဗျားကို သွေးကြောဖွင့်ပေးပါ့မယ်၊ ဒါပေမယ့် အော်ဖို့တော့ မကြိုးစားပါနဲ့"

ပြောပြောဆိုဆိုဖြင့် သွေးကြောဖွင့်ပေးလိုက်၏။

ကျင်းကျင်းမှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသော သိမ်းငှက်အာမခံဌာနအဖွဲ့ခေါင်းဆောင် ကျင်းစန်း၏သမီး ဖြစ်သည်။

ထို့ကြောင့် သတ္တိမနည်းချေ။

ထို့အပြင်...

သိုင်းလောက အတွေ့အကြုံ အနည်းငယ် ရှိနေသောကြောင့် သွေးကြောများ ပွင့်သွားသောအခါ အော်ဟစ်ခြင်း မရှိပါချေ။

ဝမ်းဖုံးအား စိုက်ကြည့်ကာ...

"နေပါဦး၊ ရှင်က ကျွန်မကို လူမှားပြီး ဖမ်းခေါ်လာတာ ဟုတ်လား"

သူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ကျင်းကျင်းက မကျေနပ်သော လေသံဖြင့် ပြောလိုက်၏။

"ရှင်က ကျွန်မ အခန်းထဲ ဝင်လာတာတော့ ဘယ်ကောင်းပါ့မလဲ"

ဝမ်းဖုံးက...

"ကျုပ် မသိလို့ပါဗျာ၊ ဒါပေမယ့် အဲသည်မှာ ဆိုင်ပိုင်ရှင် ရှိနေတယ် မဟုတ်လား"

ကျင်းကျင်းက...

"ဟုတ်တယ်၊ ဒါပေမယ့် ဆိုင်ပိုင်ရှင်က အ ါ ထပ်မှာနေတာ"

ထိုစကားကြောင့် သူ၏မျက်နှာ ရှုံ့မဲ့သွား၏။

သူ၏ပေါ့လျော့မှုအား သူ့ကိုသူ အပြစ်တင်လိုက်၏။

အနောက်ဘက်အဆောင်မှာ သီးသန့်ဆောင် ဖြစ်၍ ဆိုင်



ပိုင်ရှင်တစ်ယောက်တည်းသာ နေထိုင်လိမ့်မည်ဟု သူ ထင်မှတ်ခဲ့လေသည်။

စေ့စပ်သေချာမှု မရှိသော သူ၏လုပ်ရပ်ကြောင့် နှာခေါင်းသွေး ထွက်ရမည့် အခြေအနေ ဆိုက်နေပြီး စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းချလိုက်၏။

"ကျုပ်က ဆိုင်ပိုင်ရှင်ကို သွားဖမ်းတာပါ၊ အဲသည်မှာ သူတစ်ယောက်တည်းပဲ ရှိလိမ့်မယ်လို့ ထင်ခဲ့တာပါ"

ဝမ်းဖုံး အမှန်အတိုင်း ပြောလာသည်ဟု ကျင်းကျင်း ယုံကြည်လားသည်။

ယခင်က မှုန်တေတေ မျက်နှာထားကြောင့် သူ့အား မုန်းစရာ ကောင်းသည်ဟု ထင်မှတ်ထားခဲ့လေသည်။

ယခုမူ...

ဝမ်းဖုံးမှာ စိတ်ဝင်စရာကောင်းသည့် လူတစ်ယောက်ဖြစ်ကြောင်း တွေ့မြင်လာရသည်။

ဝမ်းဖုံး နောက်ကွယ်တွင် မြုပ်ကွက်များစွာ ရှိနေပုံရ၏။

ထိုသို့ တွေးမိသည်နှင့် ကျင်းကျင်းမှာ ဝမ်းဖုံးအား စိတ်ဝင်စားလာသည်။

ယင်းကြောင့်...

ဝမ်းဖုံးအား အကဲခတ်ကြည့်ကာ မေးလိုက်၏။

"ရှင် ဘာကြောင့် ဆိုင်ရှင်ကို သွားဖမ်းရတာလဲ"

ဝမ်းဖုံး၏ခန္ဓာကိုယ်မှာ မသိမသာ တုန်ခါသွားသည်။

ရုတ်တရက် အဖြေမပေးနိုင်ဘဲ ကြောင်အမ်းအမ်း ဖြစ်နေ

၏။

ကျင်းကျင်း၏အမေးကို မည်သို့ ပြန်ဖြေရမှန်းမသိ ဖြစ်နေလေသည်။

ဝမ်းဖုံး အဖြေရခက်နေမှန်း သိသောအခါ ကျင်းကျင်းမှာ ပို၍ သိချင်စိတ် ပြင်းပျလာ၏။

ထို့ကြောင့်...

မျက်နှာထားတင်းတင်းဖြင့် မေးလိုက်ပြန်သည်။

"ပြောလေ၊ ရှင် ဘာကြောင့် ဆိုင်ပိုင်ရှင်ကို သွားဖမ်းရတာလဲ"

ဝမ်းဖုံး မည်သည့်အဖြေမျှ မပေးပါချေ။

နှုတ်ခမ်းကိုသာ တင်းတင်းစေ့ထား၏။

ကျင်းကျင်း နှာခေါင်းရှုံ့လိုက်သည်။

"ရှင် မပြောယင် ကျွန်မ အော်လိုက်မယ်"

ထိုစကားကြောင့် ဝမ်းဖုံးမှာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွား၏။

ကျင်းကျင်းအား အထိတ်တလန့် ကြည့်ကာ...

"ဘာ မင်း အော်လိုက်မယ် ဟုတ်လား"

ဟု မေးလိုက်သည်။

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရှင် ကျွန်မကို မတရားအဓမ္မ ဖမ်းခေါ်လာပါတယ်လို့ အော်လိုက်မယ်"

ပြောယင်း အော်ဟစ်ရန် ပြင်လိုက်၏။



ဝမ်းဖုံးမှာ ငယ်ထိပ်မြွေပေါက်သည့်ပမာ ထိတ်လန့်တုန်လှုပ်သွားသည်။

လက်ကာပြယင်း အထိတ်တလန့် ပြောလိုက်၏။

"မ..မအော်ပါနဲ့"

ကျင်းကျင်းက နောက်သို့ မသိမသာ ဆုတ်သွားသည်။

"ရှင် ကျွန်မကို တစ်ခုခုလုပ်ဖို့ ကြံယင် အခြေအနေ ပိုရှုပ်ထွေးသွားမယ်"

ဝမ်းဖုံးမှာ ကြက်နာတစ်ကောင်အလား ခေါင်းငိုက်စိုက်ကျသွား၏။

သူ၏ဘဝ တစ်သက်တာတွင် မည်သူ့ကိုမျှ အရှုံးမပေးခဲ့ချေ။

သူ့အား နိုင်ထက်စီးနင်း ခြိမ်းခြောက်လာလျှင် ပြတ်ပြတ်သားသား ဖြေရှင်းပစ်ခဲ့သည်။

သို့သော်...

ယခုတလော စိတ်ဓာတ်ကျဆင်းဖွယ်ရာ ကိစ္စများနှင့်သာ ဆက်တိုက် ကြုံတွေ့နေရ၏။

ပထမအကြိမ်တွင် တုကုချင်းက စုမာထင်းအား ဓားစာခံပြုကာ သူ့အား ခြိမ်းခြောက်ခဲ့သည်။

ဒုတိယအကြိမ် မားဖိန်က နောက်ထပ် မြင်းလှည်းတစ်စီး အပိုခေါ်သွားရန် အမိန့်ပေးခဲ့၏။

ယခုတစ်ကြိမ်တွင်...

ကျင်းကျင်းက သူ့အား ခြိမ်းခြောက်လာပြန်ချေပြီ။

ဝမ်းဖုံးသည် တတိယအကြိမ်အဖြစ် ကျင်းကျင်းကို အရှုံး ပေးရဦးမည်လော။

* * *

ဝမ်းဖုံး၏မျက်နှာ သိသိသာသာ ညှိုးကျသွား၏။

သူ၏ဟန်ပန်မှာ စိတ်ဓာတ်ကျဆင်းနေကြောင်း အထင်းသား ပေါ်လွင်နေပေသည်။

သူက တုန်ယင်သော လေသံဖြင့် ကျင်းကျင်းအား မေးလိုက်လေသည်။

"မင်း ဘာကြောင့် သည်ကိစ္စကို သိချင်ရတာလဲ"

ကျင်းကျင်းက အေးတိအေးစက် လေသံဖြင့်...

"ရှင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ရှင်းပြနိုင်မှ ဖြစ်မှာပေါ့၊ ဒါမှမဟုတ်ယင် လူတောထဲ ကျွန်မ ဘယ်လိုလုပ်ပြီး မျက်နှာပြရမှာလဲ"

ပြောယင်း မျက်နှာနီရဲလာကာ ခေါင်းငုံ့ထားလိုက်၏။

ဝမ်းဖုံးမှာ စိတ်လှုပ်ရှားသွားသည်။

ကျင်းကျင်းအား ကြည့်ယင်း ရင်ထဲ၌ အမျိုးအမည် မသိသော ဝေဒနာများ ဖြစ်ပေါ်ခံစားလာရ၏။

သို့သော်...



စိတ်ကို အတတ်နိုင်ဆုံး ချုပ်တည်းကာ ပြောလိုက်၏။

"အို ဘာပူစရာရှိလဲ၊ ကျုပ် ခင်ဗျားကို လူမှားပြီး ဖမ်းခေါ်လာတာပဲ"

ကျင်းကျင်းက ဝမ်းဖုံးအား မကျေမနပ်ဖြင့် ကြည့်လိုက်၏။

"ဒါကြောင့် ပြောတာပေါ့ရှင်၊ ဆိုင်ပိုင်ရှင်ကို သွားဖမ်းရတဲ့ အကြောင်းရင်းကို ကျွန်မ မသိရယင် ဘယ်လိုလုပ် ရှင်းပြနိုင်မှာလဲ"

ဝမ်းဖုံး မည်သည့်စကားမျှ မဆိုနိုင်ဘဲ တွေဝေသွားလေ၏။

ကျင်းကျင်းက သူ့အား အကဲခတ်ကြည့်ကာ ဆက်ပြောလိုက်လေ၏။

"ကျွန်မကို ရှင်းပြမှ ဖြစ်မယ်ဆိုတာကိုလဲ ရှင် သဘောပေါက်မှာပဲ"

ဝမ်းဖုံးမှာ မနေသာတော့ချေ။

အမှန်အတိုင်း ဖွင့်ပြောရန် ဆုံးဖြတ်လိုက်တော့သည်။

ထို့ကြောင့်...

ကျင်းကျင်းအား စိုက်ကြည့်ကာ မေးလိုက်၏။

"ခင်ဗျားတို့ အာမခံဌာနကို ဘာကြောင့် ငှားရမ်းခဲ့ရတယ်ဆိုတာ သိသလား"

ကျင်းကျင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်းပါတယ်၊ မြင်းလှည်းတွေထဲမှာပါတဲ့ ငွေသေတ္တာတွေကို စောင့်ရှောက်ဖို့ပဲ မဟုတ်လား"

ဟု မေးလိုက်သည်။

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် အဲသည်ငွေတွေကို ဘယ်နေရာသွားပို့မယ်ဆိုတာကော သိသလား"

ကျင်းကျင်း မျက်မှောင်ကြုတ်ကာ...

"ရှင်က မပြောတော့ ကျွန်မတို့ ဘယ်လိုလုပ် သိမှာလဲ"

ဟု ပြောလိုက်၏။

ဝမ်းဖုံး သက်ပြင်းချလိုက်သည်။

"ကျုပ် ဘာကြောင့် မပြောသလဲဆိုတာကော ရိပ်မိရဲ့လား"

ကျင်းကျင်း ပါးစပ်ပိတ်ထားလိုက်သည်။

ဝမ်းဖုံးက သူမအား အကဲခတ်ကြည့်ကာ ဆက်ပြောလိုက်၏။

"ပို့ရမယ့်နေရာကို ကျုပ်ကိုယ်တိုင် မသိလို့ပါပဲဗျာ"

ထိုစကားကြောင့် ကျင်းကျင်းမှာ အကြီးအကျယ် အံ့သြသွားလေသည်။

ဝမ်းဖုံးအား မယုံကြည်နိုင်စွာဖြင့် ကြည့်ကာ—

"ရှင်ကိုယ်တိုင် မသိဘူး ဟုတ်လား"

ဟု မေးလိုက်သည်။

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျင်းကျင်း မျက်နှာကို မဲ့လိုက်၏။

"ရှင် လိမ်ပြောတာ"

ဝမ်းဖုံး၏မျက်နှာ နီရဲသွားသည်။



သူက ကျင်းကျင်းအား စေ့စေ့ကြည်ကာ ပြောလိုက်၏။

"ဝမ်းဖုံးဟာ ဘယ်တော့မှ မုသားစကား မပြောတတ်ဘူးဆိုတာ မင်း မြဲမြဲမှတ်ထားပါ"

ဝမ်းဖုံး မခံမရပ်နိုင် ဖြစ်နေသည်ကို တွေ့သောအခါ ကျင်းကျင်းမှာ အံ့သြသွားပြန်သည်။

ယင်းကြောင့်...

သူမအား အမှန်အတိုင်း ပြောပြနေခြင်း ဖြစ်မည်ဟုလည်း ယုံကြည်လာသည်။

ထို့ကြောင့် ဝမ်းဖုံးအား စေ့စေ့ကြည့်ယင်း...

"ရှင် တကယ် မသိဘူးပေါ့"

သူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကျင်းကျင်းက အနည်းငယ် စဉ်းစားကာ ပြောလိုက်၏။

"ဒါဖြင့် ရှင့်ကို ခိုင်းတဲ့လူ ရှိရမယ်"

ဝမ်းဖုံး ပြုံးလိုက်၏။

ကျင်းကျင်း၏အကင်းပါးမှုကို သူက သဘောကျသွားမိ၏။

"မင်း မဆိုးဘူး"

ကျင်းကျင်းက...

"အဲသည်လူ ဘယ်သူလဲ"

ဟု မေးလိုက်၏။

ဝမ်းဖုံး၏မျက်နှာ တည်ကြည်လေးနက်သွားပြီး...

"ပင့်ကူနက်ဂိုဏ်းက ဒုဂိုဏ်းချုပ် တုကုချင်း"

ဟု ဖြေလိုက်သည်။

"တုကုချင်း ဟုတ်လား"

"ဟုတ်တယ်"

ကျင်းကျင်း တွေဝေသွားသည်။

ပင့်ကူနက်ဂိုဏ်းဌာနချုပ်မှာ လုယန်မြို့အနီးတွင် ရှိ၍ တုကုချင်းအကြောင်းကို သူမ ကောင်းစွာ သိထား၏။

သခင်လေး ပျောက်ဆုံးသွားသည့်ကိစ္စနှင့် ပတ်သက်၍ ပင့်ကူနက်ဂိုဏ်းမှာလည်း မြို့စားထံတွင် အစစ်အဆေး ခံခဲ့ရသေးသည် မဟုတ်ပါလား။

ပင့်ကူနက်ဂိုဏ်းတွင် ထိပ်သီးသိုင်းသမား အမြောက်အမြားရှိနေလျက် အဘယ်ကြောင့် ဝမ်းဖုံးကိုမှ ခိုင်းရပါသနည်း။

ဤအချက်မှာ ကျင်းကျင်းအတွက် တွေးစရာ အချက်တစ်ချက် ဖြစ်လာလေသည်။

ယင်းကြောင့်...

ဝမ်းဖုံးအား စေ့စေ့ကြည့်ကာ...

"တုကုချင်းက ရှင့်ကို ဘာကြောင့် ခိုင်းရတာလဲ၊ သူ့မှာ ခိုင်းစရာလူတွေ အပြည့်ရှိနေသားပဲ"

ဟု မေးလိုက်သည်။

ဝမ်းဖုံး မျက်နှာမှာ တည်ကြည်လေးနက်လာသည်။

"ဟုတ်တယ်၊ ဘာကြောင့် ခိုင်းသလဲတော့ မသိဘူး၊ ကျုပ် မိတ်ဆွေ စုမာထင်းအတွက် ကျုပ်က အလုပ်လုပ်ပေးနေရတာပါ"

ကျင်းကျင်း မျက်မှောင်ကြုတ်လိုက်၏။



"သူတို့ ခိုင်းတာ မလုပ်ယင် ရှင့်မိတ်ဆွေကို သတ်ပစ်မယ့်သဘောပေါ့"

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က သိုင်းလောကကို စွန့်ခွာခဲ့တာ ကြာပါပြီ၊ အခု မိတ်ဆွေတစ်ယောက်ကြောင့် ပြန်လည် လှုပ်ရှားလာရတာ ပါဗျာ"

ဝမ်းဖုံးမှာ သဘောထား မြင့်မြတ်သည့်အပြင် မိတ်ဆွေကောင်းပီသသူဖြစ်ကြောင်း ကျင်းကျင်း ရိပ်စားမိလိုက်၏။

ထို့အပြင်...

သူ့အား မတရားစေခိုင်းခဲ့သူများအပေါ် မကျေနပ်သဖြင့် မှုန်တေတေ မျက်နှာထား ရှိနေကြောင်းကိုလည်း သဘောပေါက်လာသည်။

ကျင်းကျင်းသည် တုကုချင်း၏ လျှို့ဝှက်လှုပ်ရှားမှုအပေါ် စိတ်ဝင်စားလာ၏။

ထို့ကြောင့်...

ဝမ်းဖုံးအား မေးလိုက်သည်။

"တုကုချင်းက ခရီးစဉ် တစ်ပိုင်းတစ်စကို ပြောပြပြီး လမ်းမှာ ရှင့်ကို သူ့လူတွေနဲ့ ဆက်သွယ်ပြီး ရှေ့ကို ဘယ်လိုခရီးဆက်ရမယ်ဆိုတာ ပြောပြတယ်ပေါ့"

သူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ကျင်းကျင်းက အနည်းငယ် စဉ်းစားလိုက်၏။

"ဒါနဲ့ ဆိုင်ပိုင်ရှင်ကို ဖမ်းရတာဟာ ဘယ်လို ပတ်သက်နေလို့လဲ"

ဝမ်းဖုံးမှာ ကျင်းကျင်းအား လျှို့ဝှက်မထားတော့ချေ။

ထို့ကြောင့်...

ဖြစ်ပျက်သမျှ အကြောင်းစုံကို မကွယ်မဝှက် ပြောပြလိုက်လေတော့သည်။

* * *



အခန်းတွင်းတွင် တိတ်ဆိတ်နေ၏။

ဝမ်းဖုံး၏စကားမှာ ပြီးဆုံးသွားပြီ ဖြစ်သည်။

ယင်းကြောင့် ကျင်းကျင်းနှင့် ဝမ်းဖုံးတို့မှာ အတွေးကိုယ်စီဖြင့် **နှုတ်ဆက်နေကြခြင်း ဖြစ်၏။**

**အတန်ကြာမှ...**

ကျင်းကျင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြောလိုက်လေသည်။

"လက်စသတ်တော့ သည်လိုကိုး၊ ပင့်ကူနက်ဂိုဏ်းနဲ့ မြေခွေးနက်အဖွဲ့ ပေါင်းပြီး သခင်လေးကို ဖမ်းထားကြတယ်လို့ ရှင်ထင်နေတယ်ပေါ့"

ဝမ်းဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကျင်းကျင်းက မျက်ခုံးပင့်ကာ မေးလိုက်သည်။

"ရှင် ထင်သလို ဖြစ်နေယင် ဘယ်လိုလုပ်မလဲ"

သူက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"လွယ်ပါတယ်၊ သခင်လေးကို ရအောင် ကယ်မှာပေါ့"

ထိုစကားကို ကျင်းကျင်း သဘောကျသွား၏။

ဝမ်းဖုံးမှာ တရားမျှတသည့် စိတ်ထား ရှိနေသေးသည် မဟုတ်ပါလား။

ပင့်ကူနက်ဂိုဏ်းချုပ်သည် နယ်စားကြီးအား ထီးနန်းလုရန် ကြံစည်နေသည်ဟု သတင်းသိုးသိုးသန့်သန့် ထွက်ခဲ့သည်။

ဤသို့ဆိုလျှင်...

နယ်စားကြီး၏သားတော် သခင်လေးသည် ပင့်ကူနက်ဂိုဏ်းအတွက် အလွန်တန်ဖိုး ရှိနေသည် မဟုတ်ပါလား။

နယ်စားနေရာလုယူရန်အတွက် သခင်လေးအား ဓားစာခံ ဖမ်းထားခြင်းပင် ဖြစ်ပေလိမ့်မည်။

ဝမ်းဖုံးနှင့် ကျင်းကျင်း၏ရင်ထဲတွင် လေးလံလာသည်။

သူက ဝမ်းဖုံးအား ကြည့်ကာ မေးလိုက်၏။

"တကယ်လို့ သခင်လေးကို သူတို့ ဖမ်းထားကြတယ်ဆိုယင် ဘယ်ကို ပို့မယ်လို့ ရှင် ထင်သလဲ"

ယခုတစ်ကြိမ်တွင် အံ့သြသွားရသူက ဝမ်းဖုံးပင် ဖြစ်၏။

သူသည် သခင်လေးအား ဖမ်းထားနိုင်သည်ဟုသာ တွေးမိပြီး မည်သည့်နေရာသို့ ခေါ်ဆောင်သွားမည်ကို လုံးဝမတွေးမိချေ။

သူသည် အနည်းငယ် စဉ်းစားကာ ပြောလိုက်သည်၊



"ပင့်ကူနက်ဂိုဏ်းချုပ်ကြီးဆီ ပို့မယ် ထင်တာပဲ"

ကျင်းကျင်း မျက်မှောင်ကြုတ်လိုက်သည်။

"ပင့်ကူနက်ဂိုဏ်းချုပ်ဟာ ဘယ်သူလဲဆိုတာ ရှင် သိသလား"

ဟု မေးလိုက်သည်။

ဝမ်းဖုံး ခေါင်းငိုက်စိုက်ကျသွားသည်။

အတန်ကြာမှ ခေါင်းကို လေးတွဲစွာ ခါယမ်းကာ ပြောလိုက်၏။

"အင်း ဒါတော့ ကျုပ်လဲ မသိဘူး"

ကျင်းကျင်းသည် သူ့အား စေ့စေ့ကြည့်ကာ မေးလိုက်၏။

"သည်ကိစ္စကို ရှင်တစ်ယောက်တည်း ဖော်ထုတ်ဖို့ ကြိုးစားမှာလား"

ဝမ်းဖုံး မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

ကျင်းကျင်းက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"သူတို့က အဖွဲ့အစည်းနဲ့ လှုပ်ရှားတာ၊ ရှင့်မိတ်ဆွေကိုလည်း ဓားစာခံအဖြစ် ဖမ်းထားသေးတယ်၊ ရှင်တစ်ယောက်တည်းနဲ့ မဖြစ်နိုင်ဘူး"

ဝမ်းဖုံးက ကျင်းကျင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်၏။

သူ့အနေနှင့် ငယ်ရွယ်နုနယ်သော မိန်းကလေးတစ်

ယောက်ထံမှ ရင့်ကျက်သော စကားများကို ကြားရလိမ့်မည်ဟု မထင်မှတ်ခဲ့ချေ။

ထို့ကြောင့်...

အံ့သြသော လေသံဖြင့် မေးလိုက်သည်။

"မင်း ဘာကို ဆိုလိုတာလဲ"

ကျင်းကျင်းက လေးနက်စွာ ပြောလိုက်၏။

"သည်ကိစ္စဟာ အားလုံးနဲ့ သက်ဆိုင်နေတယ်၊ နောက်ပြီး သည်ကိစ္စကို နယ်စားအဖွဲ့ကလည်း အပူတပြင်း စုံစမ်းနေကြတယ်၊ ဒါကြောင့် ရှင့်အနေနဲ့ နယ်စားတပ်ဖွဲ့နဲ့ ပူးပေါင်းသင့်တယ်လို့ ကျွန်မ ထင်တယ်"

ဝမ်းဖုံး ပါးစပ်ပိတ်ထားလိုက်သည်။

ကျင်းကျင်း၏စကားများမှာ သွေးထွက်အောင် မှန်ကန်နေသည် မဟုတ်ပါလား။

သို့သော်...

သူ၏အကျင့်ကိုကား ဖျောက်၍ မရချေ။

တစ်ကိုယ်တော် စွန့်စားလိုစိတ် ပြင်းထန်နေသည်။

ထို့ကြောင့်...

ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"မပြောမဖြစ်လို့ သည်ကိစ္စတွေကို ကျုပ် ပြောပြခဲ့ပြီးပါပြီ၊ ဘယ်သူ့ကိုမှ ပြန်မပြောရဘူးလို့ ကတိပေးရမယ်"

ကျင်းကျင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မ ကတိမပေးနိုင်ဘူး"



ဝမ်းဖုံး မျက်လုံးပြူးသွားသည်။

"ဘာ..ဘာပြောတယ်"

ကျင်းကျင်းက ဝမ်းဖုံးအား စိုက်ကြည့်ယင်း...

"ကျွန်မ ကတိမပေးနိုင်ဘူး၊ သည်ကိစ္စဟာ ရှင်တစ်ယောက်တည်းနဲ့ ဆိုင်တာ မဟုတ်ဘူး၊ နယ်စားကြီးရဲ့ ကျေးဇူးကို စောင့်သိရှိသေတတ်သူတိုင်းနဲ့ ဆိုင်တယ်၊ ဒါကြောင့် ကျွန်မတို့လဲ ပါဝင်လှုပ်ရှားရမှာပဲ"

ဝမ်းဖုံး မျက်လုံးအောက်မှ ကြွက်သားများ တဆတ်ဆတ်တုန်ခါလာသည်။

သူက လက်ဝါးနှစ်ဖက်ကို ဖြန့်ထားလိုက်သည်။

ထို့နောက် ကျင်းကျင်းအား ကြည့်ကာ...

"မင်း ဘယ်သူ့ကိုမှ မပြောရဘူး"

ကျင်းကျင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မကတော့ ပြောရမှာပဲ"

"မင်း.."

ဝမ်းဖုံး မျက်နှာပေါ်တွင် ထူးခြားသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာ၏။

ကျင်းကျင်းအား ကြည့်ကာ...

"မင်း ကျုပ် စကားကို နားမထောင်ဘူးလား"

ဟု မေးလိုက်သည်။

ကျင်းကျင်းက တည်ငြိမ်သော လေသံဖြင့် ပြန်ပြောလိုက်သည်။

"နားထောင်စရာ မလိုဘူး"

ဝမ်းဖုံး၏မျက်နှာ တင်းမာသွားသည်။

သူက ကျင်းကျင်းအား စူးစူးစိုက်စိုက်ကြည့်ကာ ပြောလိုက်၏။

"မင်းကို ကျုပ် သတ်ပစ်လိုက်မယ်"

သူ၏အသံမှာ လည်ချောင်းကွဲပြီး ဗလုံးဗထွေး ထွက်လာခြင်း ဖြစ်သည်။

ဝမ်းဖုံးကိုယ်တိုင်ပင် သူ၏အသံကို မမှတ်မိချေ။

ကျင်းကျင်း၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားလေသည်။

ဝမ်းဖုံး၏စိတ်ထားမှာ ချက်ချင်း ပြောင်းလဲသွားပြီဖြစ်ကြောင်း သူမ နားလည်လိုက်သည်။

ထို့ကြောင့်...

ကျင်းကျင်း ရင်ထိတ်သွားသည်။

ဝမ်းဖုံးက သူမအား သတ်ပစ်လိုက်လျှင် ခဲယဉ်းမည် မဟုတ်ချေ။

သူ့လို လူစားမျိုးအား သူမ တစ်သက်တာတွင် မတွေ့ခဲ့ဘူးချေ။

နေရာဒေသအလိုက် အခြေအနေနှင့် အချိန်အခါလိုက်၍ အရောင်အသွေး ပြောင်းလဲတတ်သော ကင်းလိပ်ချောလို လူစားမျိုးဟု ကျိတ်၍ တွေးနေမိသည်။

သို့သော်...

သူသည် သစ္စာဖောက်တစ်ယောက်တော့ မဖြစ်နိုင်ပါချေ။



သူ့အား ခြိမ်းခြောက်စေနိုင်သည့် တုကုချင်း၏အကြံအစည်ကို သူကိုယ်တိုင် ဖော်ထုတ်မည်ဟု ဆုံးဖြတ်ထားပုံရ၏။

ထို့အပြင်...

နောက်ဆက်တွဲ ဖြစ်ပေါ်လာသော သခင်လေးနှင့် ပတ်သက်သည့် ကိစ္စများကိုလည်း ဖြေရှင်းရန် သူ့ထံတွင် တာဝန်ရှိသည်ဟု ယူဆထားပုံရသည်။

သူသည် နဂါးထက် ကြောက်စရာကောင်းသည့် လူစားမျိုး ဖြစ်နေသည်တကား။

ကျင်းကျင်းမှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ မသိမသာ ဆုတ်သွား၏။

ဝမ်းဖုံးမှာ လှုပ်ရှားနေသော စိတ်အစဉ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်လိုက်သည်။

ထို့နောက်...

လေသံကို တည်ငြိမ်အောင် ကြိုးစားကာ ပြောလိုက်လေသည်။

"မင်း ကျုပ်ကို နားလည်မှာပါ၊ ကျုပ် စကားကို နားထောင်မှာပါ၊ ကျုပ် ပြောတာ ဟုတ်တယ် မဟုတ်လား"

သူ၏ဆွဲဆောင်မှုမှာ အင်အားကြီးမားလွန်းလှသည်။

ကျင်းကျင်း စိတ်ဓာတ်ကျသွား၏။

"ဟုတ်..ဟုတ်ကဲ့ နားထောင်ပါ့မယ်ရှင်"

ပြောပြီးသည်နှင့် ခန္ဓာကိုယ် ချာခနဲလှည့်ကာ ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ ခုန်ထွက်သွားလေသည်။

ထို့နောက်...

အမှောင်အတွင်းသို့ တိုးဝင်ကာ ပျောက်ကွယ်သွားတော့၏။

ကျင်းကျင်းမှာ သူ၏လျှို့ဝှက်ချက်များကို သိရှိသွားပြီး မည်သူ့ကိုမျှ မပြောပါဟု ကတိပေးသွားပေသည်။

သို့သော်...

သူမအား ယုံကြည်ရမည်လော။

ဝမ်းဖုံးက ကျင်းကျင်းအား ယုံကြည်စိတ်ချမိ၏။

ဤသို့ဆိုပါလျှင်...

* * *



## အမှောင်ထဲမှဓား

ညဉ့်နက်လာပြီ ဖြစ်သည်။

လေတဟူးဟူး တိုက်ခတ်လာသည်။

အအေးဓာတ်မှာ သိသိသာသာ ပိုကဲလာ၏။

ညဉ့်နက်ပြီ ဖြစ်သော်လည်း အခန်းတွင်း၌ မီးရောင်များ ရှိနေသေး၏။

ထို့အပြင်...

စကားပြောသံသဲ့သဲ့ ထွက်ပေါ်နေသည်။

ထို့ကြောင့်...

အခန်းရှင် မအိပ်သေးကြောင်း သိသာနိုင်၏။

အမှန်တွင်...

အခန်းပိုင်ရှင်က မအိပ်သေးဘဲ စကားပြောနေခြင်း မဟုတ်ချေ။

ယင်းအခန်းမှာ ကျင်းကျင်း၏အခန်း ဖြစ်သည်။

အခန်းတွင်း ရောက်ရှိကာ စကားပြောနေကြသူများမှာ ကျင်းစန်း၊ ကျင်းရှောင်နှင့် လှေမင်းတို့ပင် ဖြစ်ပေသည်။

သူတို့သည် အစောင့်များ၏အသံကို ကြားရသောအခါ ကျင်းကျင်းအတွက် စိတ်ပူသွားပြီး သူမ၏အခန်းတွင်းသို့ လာကြည့်ကြခြင်း ဖြစ်သည်။

ထိုအခါ...

အခန်းတံခါး ပွင့်နေပြီး ကျင်းကျင်းအား မတွေ့ရတော့ချေ။

ကျင်းစန်းမှာ အထိတ်တလန့် ဖြစ်သွားရလေသည်။

ထို့ကြောင့်...

ချက်ချင်းပင် လိုက်လံရှာဖွေရန် ဟန်ပြင်လိုက်လေသည်။

သို့သော်...

ကျင်းစန်းသည် တစ်စုံတစ်ရာအား သတိရသွား၏။

သမီးဖြစ်သူ ကျင်းကျင်းမှာ သိုင်းပညာခေသူ မဟုတ်ချေ။

တော်ရုံတန်ရုံ ရန်သူတစ်ယောက်အား ကောင်းစွာ ရင်ဆိုင်နိုင်မည် ဖြစ်သည်။

ထို့အပြင် အခန်းတွင်း၌ တိုက်ပွဲ ဖြစ်ပွားခဲ့သည့် အရိပ်လက္ခဏာများ မတွေ့ရချေ။



ထို့ကြောင့် ကျင်းကျင်းမှာ အကြောင်းတစ်ခုခုကြောင့် အပြင်ထွက်သွားခြင်း ဖြစ်နိုင်၏။

သူမမှာ မကြာမီ ပြန်ရောက်လာနိုင်သည်။

ထိုသို့ တွေးမိသည်နှင့် ကျင်းစန်းက အခန်းတွင်းမှ ထိုင်စောင့်နေရန် ဆုံးဖြတ်လိုက်သည်။

သူတို့သုံးယောက်မှာ ကျင်းကျင်းအား ငြိမ်သက်စွာ စောင့်ဆိုင်းနေကြသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြော ဖြစ်ကြချေ။

အတန်ကြာသောအခါ...

ကျင်းရှောင်က တိတ်ဆိတ်မှုကို သည်းမခံနိုင်တော့ပါချေ။

"ဖေဖေ ညီမလေး ဘာကြောင့် အခုလို ထွက်သွားတယ် ထင်သလဲ"

ကျင်းစန်း အနည်းငယ် စဉ်းစားလိုက်သည်။

"အကြောင်းတစ်ခုခု ရှိလိမ့်မယ်၊ အပြင်ဘက်မှာ မသင်္ကာစရာတွေ့လို့ နောက်ယောင်ခံလိုက်သွားသလားမှ မသိတာ"

ထိုစကားကို လှေမင်းက ထောက်ခံလိုက်၏။

"ဆရာ ပြောတာ ဖြစ်နိုင်ပါတယ်၊ သည်အခန်းထဲမှာ တိုက်ပွဲ ဖြစ်ပွားခဲ့တဲ့ အရိပ်လက္ခဏာ မတွေ့ခဲ့ရတော့ ကျင်းကျင်းဟာ အပြင်ဘက်မှာ တစ်စုံတစ်ခု တွေ့ပြီး ထလိုက်သွားတာ ထင်တယ်"

ကျင်းရှောင်မှာ စကားမပြောတော့ချေ။

ကျင်းစန်းနှင့် လှေမင်းတို့က ကျင်းကျင်း၏သိုင်းပညာ မခေကြောင်းကိုသာ ထပ်တလဲလဲ ပြောဆိုနေပြီး အန္တရာယ် မဖြစ်နိုင်ဟု

ယုံကြည်ထားကြ၏။

ကျောင်းရောင်ကတော့ ဤသို့ မဟုတ်ပါချေ။

သိုင်းပညာ မည်မျှပင် တော်ပါစေ ကိုယ့်ထက်သာသူ ရှိနိုင်သည်ဟု ယုံကြည်ထားပေသည်။

ထို့ကြောင့်...

ကျောင်းကျောင်းကိုလည်း တစ်စုံတစ်ယောက်က ဖမ်းဆီးခေါ်ဆောင်သွားခြင်း ဖြစ်နိုင်၏။

ဤသို့ ဆိုပါလျှင်...

မည်သူ၏လက်ချက် ဖြစ်နိုင်မည်နည်း။

တွေးယင်းတွေးယင်းနှင့် ကျောင်းကျောင်းအတွက် စိတ်ပူလာလေသည်။

အကယ်၍...

ကျောင်းကျောင်းအား ဖမ်းဆီးထားပြီး မြင်းလှည်းများတွင် ပါလာသော ငွေသေတ္တာများနှင့် လဲရမည်ဟု လူတစ်စုက အကြပ်ကိုင်လာပါက မည်သို့ လုပ်ရပါမည်နည်း။

ကျောင်းကျောင်း၏အသက်မှာ ရွှေငွေကျောက်မျက်ရတနာများထက် အဖိုးတန်ပေသည်။

ထို့ကြောင့်...

ကျိန်းသေလဲလှယ်ရမည် ဖြစ်သည်။

ဤသို့ဆိုလျှင် ဝမ်းဖုံး အနေဖြင့် မည်သို့ ရှိမည်နည်း။

ဝမ်းဖုံးအကြောင်း တွေးလိုက်မိသည်နှင့် ကျောင်းရောင်၏စိတ်ထဲတွင် ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။



ဝမ်းဖုံးမှာ ထူးဆန်းသော လူတစ်ယောက် ဖြစ်၏။

သူသည် မြင်းလှည်းတန်း၏ခရီးစဉ်ကို လုံးဝဖော်မပြဘဲ လျှို့ဝှက်ထားခဲ့သည်။

မြင်းလှည်းများပေါ်တွင် ပါလာသည့် ရွှေငွေသေတ္တာများ အမှန်ပင် ဖြစ်နေသလော။

သို့မဟုတ်...

အခြားပစ္စည်းများ ဖြစ်နေလျှင်...

ကျန်းရောင်မှာ ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

“ဖေဖေ ကျွန်တော် ညီမလေးကို ခြံဝင်းထဲမှာ သွားရှာလိုက်ဦးမယ်”

ပြောယင်း အခန်းတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

ကျောင်းစန်း ဟန့်တားခြင်း မပြုချေ။

သားဖြစ်သူမှာ အန္တရာယ်ကို ကောင်းစွာ ကာကွယ်နိုင်စွမ်း ရှိနေပြီ မဟုတ်ပါလား။

မကြာမီ...

ကျန်းရောင်မှာ အခန်းအပြင်ဘက်သို့ ရောက်ရှိသွားလေတော့သည်။

* * *

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။

အသံဗလံဟူ၍ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

တည်းခိုခန်းမှ အစောင့်များလည်း ရှာဖွေ၍ မတွေ့တော့ချေ။

သူဌေးမင်းတည်းခိုခန်းတွင် လုံခြုံရေးအစောင့် သုံးယောက်မျှသာ ရှိ၏။

ထို့ကြောင့်...



ကျင်းကျင်း၏အခန်းတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသောအခါ သူခိုးကပ်ခြင်းဟုသာ တင်မှတ်ခဲ့ကြလေသည်။

လူရိပ်လူယောင်မျှ မတွေ့ရသောအခါ ပေါ့ပေါ့တန်တန်သဘောထားကာ လှည့်ပြန်သွားခဲ့ကြ၏။

ကျင်းရှောင်မှာ ဟိုကြည့်သည်ကြည့်ဖြင့် တည်းခိုခန်းခြံဝင်းအတွင်း ရပ်ထားသော မြင်းလှည်းအနီးသို့ လျှောက်သွားမိလေ၏။

အမှန်တွင်...

သူသည် မြင်းလှည်းများပေါ်တွင် ငွေသေတ္တာများ ရှိမရှိ စစ် ဆေးကြည့်လို၍ ဖြစ်၏။

မြင်းလှည်းများ ခြံဝင်းအတွင်း စီးတန်းရပ်ထား၏။

အနီးပတ်ဝန်းကျင်တွင် သိမ်းငှက်အာမခံဌာနမှ သိုင်းသမားများ စောင့်ကြပ်နေကြ၏။

သို့သော်...

အချို့မှာ အဝေးသို့ ရောက်နေကြပြီး အချို့မှာ အိပ်ငိုက်နေကြသည်ကို စိတ်ပျက်ဖွယ် တွေ့မြင်လိုက်ရလေသည်။

ကျင်းရှောင်သည် အစောင့်များကို ဖြတ်ကျော်ကာ မြင်းလှည်းတမ်းများ အနီးသို့ ချဉ်းကပ်သွား၏။

ကျင်းရှောင်က ရှေ့ဆုံးမှ မြင်းလှည်းမှ နောက်ဆုံး မြင်းလှည်းအထိ သေသေချာချာ စစ်ဆေးကြည့်ရှုလိုက်သည်။

မြင်းလှည်းများမှာ လေးပင်သော ဝန်များ တင်ဆောင်ထားပုံရသည်။

တံခါးတိုင်းလိုလို အနီရောင်ဖဲကြိုးများ ချည်နှောင်ထားပြီး

ချိတ်ပိတ်ထားလေသည်။

ထို့အပြင်...

ကြီးမားသော ကြေးဝါသော့ခလောက်ကြီးများ ခတ်ထားသေး၏။

မြင်းလှည်း၏ကိုယ်ထည်ကို သံမဏိများဖြင့် တည်ဆောက်ထားသည်။

ထို့ကြောင့်...

မီးလောင်လျှင်ပင် ပျက်စီးလိမ့်မည် မဟုတ်ချေ။

အခိုင်အမာ ပြုလုပ်ထားသော မြင်းလှည်းမှသာ ငွေသယ်ရန် သင့်တော်မည် မဟုတ်ပါလား။

ကျင်းရှောင်မှာ မြင်းလှည်းတစ်စီးပြီးတစ်စီး စစ်ဆေးကြည့်ရှုယင်း နောက်ဆုံး မြင်းလှည်းအနီးသို့ ရောက်လာ၏။

ထိုအခါ...

မြင်းလှည်း၏ ထူးခြားချက်တစ်ခုအား သတိပြုမိလိုက်လေသည်။

နောက်ဆုံးမြင်းလှည်း တံခါးပေါက်ရှိသော သော့ခလောက်ပတ္တာမှာ မဆိုသာရုံလေး ဟနေ၏။

ဤအတိုင်းဆိုပါလျှင် ပတ္တာချက် ပြုတ်သွားနိုင်ပေသည်။

ထိုအခါ မြင်းလှည်းတံခါးလည်း ပွင့်သွားနိုင်၏။

ကျင်းရှောင်မှာ အမှတ်မထင် သော့ခလောက်ကို လှမ်းဆွဲကြည့်လိုက်မိသည်။

ယင်းသို့ ဆွဲလိုက်မိသည်နှင့် အခိုင်မာ ခတ်ထားသော



သော့ခလောက်မှာ အနည်းငယ် ရွေ့လျားသွားသည်ကို တွေ့လိုက်ရ၏။

ကျင်းရှောင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

တံခါးပတ္တာချက်မှာ ဟနေရုံမက လုံးဝ ပြုတ်ထွက်နေ၏။

သို့သော်...

သတိမထားမိလျှင် သော့ခတ်ထားသည်ဟုပင် ထင်ရပေမည်။

ကျင်းရှောင်မှာ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ယင်း မြင်းလှည်းတံခါးကို ဆွဲဖွင့်လိုက်၏။

သူသည် လက်တစ်ဖက်ကို တိုက်ခိုက်ရန် အသင့်ပြင်ထားယင်း မျက်လုံးအစုံက မြင်းလှည်းအတွင်းသို့ မမှိတ်မသုန် စိုက်ကြည့်ကာ သတိဖြင့် ဆွဲဖွင့်လိုက်ခြင်း ဖြစ်သည်။

တံခါးမှာ တဖြည်းဖြည်းခြင်း ပွင့်သွား၏။

တံခါးပွင့်သွားသည်နှင့် အတွင်းဘက်ကို ကောင်းစွာ မြင်တွေ့လိုက်ရလေသည်။

ထိုအခါ...

"ဟာ"

ကျင်းရှောင်၏မျက်လုံးအစုံ ပြူးကျယ်သွားသည်။

သူသည် အံ့ဩလွန်းအားကြီး၍ မလှုပ်နိုင် မရှားနိုင် ငေးကြည့်နေမိသည်။

ယင်းအခိုက်...

အလင်းတန်းတစ်ခုက သူ၏ရင်ဝသို့ ရုတ်တရက် တိုးဝင်

လာ၏။

ကျင်းရှောင်မှာ သတိဝင်လာပြီး ကမန်းကတန်း ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။

သို့သော်...

နောက်သို့ ခြေတစ်လှမ်းဆုတ်ရန် ဟန်ပြင်လိုက်စဉ်မှာပင် သူ၏ရင်ဝတွင် စူးရှပြင်းထန်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရ၏။

အော်ဟစ်လိုက်သော်လည်း အသံမှာ လည်ချောင်းဝတွင် တစ်ဆို့ပျောက်ကွယ်သွားသည်။

သူ၏မျက်လုံးအစုံမှာ အဆမတန် ပြူးကျယ်သွားပြီး ခန္ဓာကိုယ် ယိမ်းယိုင်ကာ မြေပေါ်သို့ နောက်ပြန်လဲကျသွားသည်။

မြေပေါ်သို့ မကျမီမှာပင် သူ၏ဝိညာဉ်မှာ ခန္ဓာကိုယ်မှ ဖယ်ခွာသွားလေတော့သည်။

* * *



## လျှို့ဝှက်ချက်

ညသည် တိတ်ဆိတ်ငြိမ်သက်နေဆဲ ဖြစ်၏။

ထိုစဉ်...

ပေါ့ပါးဖြတ်လတ်သော ခြေသံတစ်သံ ရုတ်ခြည်း ထွက်ပေါ်လာ၏။

ကျင်းစန်းနှင့် လွေမင်းတို့မှာ ဆတ်ခနဲ ပြိုင်တူ ထရပ်လိုက်မိကြ၏။

သူတို့နှစ်ယောက် တိုင်ပင်ထားသည့်အလား တံခါးဝအား လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ...

အခန်းတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ကြရ၏။

ထိုသူမှာ ကျင်းကျင်းပင် ဖြစ်သည်။

ကျင်းစန်း ဝမ်းသာသွားသည်။

ယခုမှ...

သူက စိတ်သက်သာရာ ရသွားဟန်ဖြင့် သက်ပြင်းချလိုက်၏။

"သမီးငယ် ပြန်လာပြီကိုး"

ကျင်းကျင်းမှာ သူမ၏အခန်းတွင်းမှ မီးရောင်များ ထွက်ပေါ်နေသည်ကို တွေ့ကတည်းက တစ်စုံတစ်ယောက် ရောက်ရှိနေပြီဖြစ်ကြောင်း ရိပ်မိထားလေသည်။

ထို့ကြောင့်...

ဖခင်ဖြစ်သူနှင့် လွှေမင်းကို တွေ့ရသောအခါ အံ့သြခြင်းမရှိချေ။

သူမက ရယ်ရယ်ပြုံးပြုံးဖြင့် ပြောလိုက်၏။

"ဖေဖေနဲ့ ဦးလေးလွှေတို့ ရောက်နေကြတာကိုး"

ကျင်းစန်းက သမီးဖြစ်သူအား အကဲခတ်ကာ ပြောလိုက်သည်။

"သမီး အခန်း ဆူဆူညံညံ အသံကြားလို့ ဘာများဖြစ်သလဲလာကြည့်တာ"

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ် ဖေဖေ၊ သမီး အခန်းကို သူခိုးလာကပ်လို့ မောင်းထုတ်ပစ်လိုက်တာ"

ကျင်းစန်း အံ့အားသင့်သွားသည်။

ကျင်းကျင်းအား ကြည့်ကာ...

"သူခိုး ဟုတ်လား"

ဟု မေးလိုက်သည်။

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ဘယ်"

လွှေမင်း မျက်မှောင်ကြုတ်ကာ...

"အခု ဘယ်ရောက်သွားပြီလဲ"

"ဆ..ဆရာ"

အရေးထဲတွင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသဖြင့် ကျင်းစန်းက စိတ်မရှည်နိုင်တော့ချေ။

"ဘာလဲ ဘာကိစ္စ ရှိလို့လဲ မြန်မြန်ပြောစမ်း"

စုအန်း တံထွေးတစ်ချက် မျိုချလိုက်၏။

သူက စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ကာ ပြောလိုက်၏။

"ဆရာကြီးရဲ့ သား ကျင်းရောင် အသတ်ခံလိုက်ရပါတယ်"

"ဘာ"

ကျင်းစန်း အထိတ်တလန့် အော်လိုက်မိ၏။

စုအန်းအား မယုံကြည်နိုင်စွာ ကြည့်ယင်း...

"ငါ့...ငါ့သား အသတ်ခံရတယ် ဟုတ်လား"

ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်၏။

စုအန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ သူ့ရဲ့အလောင်းကို ခြံဝင်းအပြင်ဘက်မှာ တွေ့ခဲ့ရပါတယ်"

စုအန်း စကားဆုံးသောအခါ ကျင်းစန်းမှာ ထပ်မံမေးမြန်းခြင်း မပြုတော့ချေ။

"အား"

ရူးရူးဝါးဝါးတစ်ချက် အော်ဟစ်လိုက်ပြီး အရူးတစ်ယောက်သဖွယ် အပြင်ဘက်သို့ ပြေးထွက်သွား၏။

စုအန်း၊ လွေမင်းနှင့် ကျင်းကျင်းတို့လည်း နောက်မှ ထပ်ကြပ်မကွာ ပြေးလိုက်သွားကြလေတော့သည်။

* * *



ညဏ်လေပြည်လေညင်းကလေးများ ဝှေယမ်းတိုက်ခတ်လာ၏။

သို့သော်...

ကျင်းစန်း၏ရင်ကို မအေးနိုင်ချေ။

ခြံဝင်းအပြင်ဘက် လမ်းနံဘေး၌ မီးတုတ်များ အစီအရီထွန်းညှိထားသဖြင့် လင်းထိန်နေ၏။

လမ်းမ၏နံဘေးပေါ်တွင် လူတစ်ယောက် လဲလျောင်းနေ၏။

မကြာသေးမီက ညီမဖြစ်သူ ကျင်းကျင်းအတွက် စိတ်ပူပင်ခဲ့သည့် ကျင်းရှောင်မှာ စိတ်မပူနိုင်တော့ချေ။

မြေပေါ်တွင် လဲလျောင်းယင်း လူ့လောကအား စွန့်ခွာသွားပြီ ဖြစ်သည်။

သူ၏ရင်ဝမှ သွေးများမှာ မခြောက်သေးချေ။

ထို့ကြောင့်…

သေဆုံးသွားသည့်အချိန်မှာ မကြာလှသေးကြောင်း သိသာနိုင်၏။

မည်သူက ကျောင်းရှောင်အား ဓားတစ်ချက်တည်းဖြင့် သတ်ဖြတ်သွားနိုင်ပါသနည်း။

ကျောင်းရှောင်၏မျက်လုံးအစုံ ပြူးကျယ်နေသည်။

အသက်မသေဆုံးမီ ထိတ်လန့်အံ့သြဖွယ်ရာ တစ်စုံတစ်ခုကို မြင်တွေ့သွားပုံရ၏။

ထို့အပြင်…

သူ့အနေဖြင့် မထင်မှတ်လဲ အသတ်ခံလိုက်ရသောကြောင့် အံ့သြတုန်လှုပ်နေပုံရလေသည်။

နောက်ဆုံးတွင်…

ကျောင်းရှောင်မှာ တစ်စုံတစ်ခုအား တွေ့မြင်ခဲ့သဖြင့် အံ့သြထိတ်လန့်နေစဉ် ရက်စက်စွာ လုပ်ကြံခံလိုက်ရခြင်းဖြစ်ကြောင်း ကောက်ချက်ချလိုက်ကြ၏။

ကျင်းကျင်းမှာ လုံးဝမငိုချေ။

မျက်ရည်တစ်စက်မှ မကျဘဲ အံကို တင်းတင်းကြိတ်ထားသည်။

ရင်ထဲ၌ ဝမ်းနည်းကြေကွဲမှုများ ဖိစီးလွှမ်း၍ ငိုရန်ပင် မေ့



လျော့နေပုံပေါ်၏။

ကျင်းစန်းမှာမူ သားဖြစ်သူ၏ရင်ဝမှ ဓားဒဏ်ရာကို စိုက်ကြည့်နေ၏။

ဒဏ်ရာကို ကြည့်ခြင်းအားဖြင့် အလွန်ပါးလျှာသော ဓားတစ်လက်ဖြင့် တစ်ချက်တည်း ထိုးသတ်လိုက်ခြင်းဖြစ်ကြောင်း သိသာနိုင်ပေသည်။

ကျင်းစန်းအနေဖြင့် ကျောင်းရှောင် သေဆုံးသွားခြင်းမှာ သူ၏ဘဝတွင် အစားထိုး မရနိုင်သော ဆုံးရှုံးမှုတစ်ရပ် ဖြစ်၏။

ဇနီးသည် ကွယ်လွန်သွားပြီးနောက် သားသမီးနှစ်ယောက်ကို အရိပ်တကြည့် ကျွေးမွေးပြုစုခဲ့သည်။

အရွယ်ရောက်လာသောအခါ သိုင်းပညာ သင်ကြားစေပြီး သိုင်းလောကသို့ ခြေချစေခဲ့၏။

သားသမီးနှစ်ယောက်မှာလည်း အရွယ်နှင့် မလိုက်အောင်ပင် ကြိုးစားခဲ့ကြသည်။

ထို့ကြောင့်…

အချိန်တန်သောအခါ သိုင်းလောကတွင် လူတစ်လုံး သူတစ်လုံး ဖြစ်ကာ ရပ်တည်လာနိုင်ခဲ့ကြသည်။

ထို့အပြင်…

သိမ်းငှက်အာမခံဌာနအား ဖခင်ထံမှ ပခုံးပြောင်း တာဝန်ထမ်းဆောင်နေကြပြီ မဟုတ်ပါလား။

ယခုတွင်မူ…

သားကြီးကျောင်းရှောင်အား ဆုံးရှုံးခဲ့ရချေပြီ။

ကျင်းစန်း၏ရုပ်သွင်မှာ ဆယ်နှစ်ခန့် ပို၍ပင် အိုစာသွားသည်ဟု ထင်ရပေသည်။

ကျင်းကျင်း၏ပခုံးကို လက်ဖြင့် ဆုပ်ကိုင်ထားယင်း လွှမင်းအား ကြည့်ကာ...

"ငါ့သားကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်လိုက်ပါကွာ"

လေးလေးပင်ပင် ပြောလိုက်၏။

ထို့တက်ပို၍ မပြောနိုင်တော့ချေ။

ဤမျှနှင့်ပင် လုံလောက်ပြီဖြစ်ကြောင်း နားလည်လိုက်ကြ၏။

ကျင်းစန်းနည်းတူ လွှမင်းမှာလည်း ဝမ်းနည်းကြေကွဲနေရလေသည်။

ကျင်းရှောင်နှင့် ကျင်းကျင်းမှာ သူ၏လက်ပေါ်တွင် ကြီးပြင်းလာကြသူများ မဟုတ်ပါလား။

မိမိ၏သားတစ်ယောက် ဆုံးရှုံးသွားသလို ခံစားနေရခြင်းဖြစ်၏။

ကျင်းစန်း ပြောသည့်အတိုင်း ကျင်းရှောင်အား ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးမည့်အပြင် လူသတ်တရားခံကိုလည်း မရမက ဖော်ထုတ်သွားမည်ဟု လွှမင်း ဆုံးဖြတ်လိုက်လေသည်။

ယင်းအဖြစ်ဆိုးသည်ကား သိမ်းငှက်အာမခံဌာနသို့ ပထမဆုံး ကျရောက်လာသည့် ကြမ္မာဆိုးပင် ဖြစ်သည်။

မကောင်းမှု အကုသိုလ်သည် အဖော်အပေါင်းနှင့် လာတတ်ပေသည်။



ထို့ကြောင့်...

သိမ်းငှက်အာမခံဌာနသို့ နောက်ထပ်တစ်ကြိမ် ကြမ္မာဆိုး ကျရောက်လာလေဦးမည်လား။

* * *

ကျောင်းရှောင်၏အလောင်းကို မြို့ပြင်သုသာန်တွင် ညတွင်းချင်းပင် သင်္ဂြိုလ်လိုက်ကြ၏။

အသုဘ အခမ်းအနားမှာ ပျင်းရိခြောက်သွေ့ဖွယ် ကောင်းလှပေသည်။

သိမ်းငှက်အာမခံဌာနမှ ယနေ့ညတွင် တာဝန်ကျသော အစောင့်များမှာ စိတ်မကောင်း ဖြစ်နေကြသည်။

သူတို့၏တာဝန် ပေါ့လျော့မှုကြောင့် ကျောင်းရှောင် သေဆုံးသွားရသည် မဟုတ်ပါလား။

သို့သော်...

ကျောင်းစန်းက အပြစ်တင်စကား တစ်ခွန်းတစ်လေမှပင် ပြောဆိုခြင်း မပြုချေ။

ဤသည်မှာ အကြောင်းရှိ၏။



လျို့ဝှက်လူသတ်သမားမှာ မမျှော်လင့်သည့်နေရာမှ သူတို့အား ထိုးဖောက်တိုက်စစ်ဆင်နေသည်ဟု ယုံကြည်ထားလေသည်။

သူ့အနေဖြင့် အဖွဲ့သားများ စည်းစည်းလုံးလုံး ရှိနေမှသာ လူသတ်သမားအား ဖော်ထုတ်နိုင်မည်ဟု ယူဆထားသည်။

ထို့ကြောင့်ပင် အဖွဲ့သားများ စိတ်ဓာတ်မကျစေရန် အပြစ်တင်စကား မဆိုခြင်း ဖြစ်သည်။

တည်းခိုခန်းမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားသောကြောင့် တည်းခိုခန်းပိုင်ရှင်နှင့် အခြားဧည့်သည့်များ နိုးလာကြ၏။

သို့သော်...

ဤကဲ့သို့သော အဖြစ်အပျက်များအား မကြာခဏ ဆုံတွေ့ဖူး၍ ရိုးနေကြဟန်တူသည်။

အနည်းငယ်မျှသာ စုံစမ်းမေးမြန်းကြပြီး ကိုယ့်အခန်းကိုယ် ပြန်သွားကြ၏။

တည်းခိုခန်းပိုင်ရှင်မှာလည်း ကျောင်းစန်းအား စိတ်မကောင်းကြောင်း ဝမ်းနည်းစကား ပြောဆိုပြီးနောက် ပြန်သွားလေသည်။

ဤကိစ္စမှာ သူနှင့်လားလားမျှ မဆိုင်သည့် သဘောပင် ဖြစ်လေသည်။

ထူးခြားသည်ကား...

ဝမ်းဖုံးတစ်ယောက် ပျောက်ချက်သားကောင်းနေခြင်း ဖြစ်၏။

ယင်းအချက်ကို မည်သူမျှ သတိမပြုမိကြချေ။

ကျင်းကျင်းတစ်ယောက်သာ သတိထားမိလိုက်ကြ၏။

သို့သော်...

သူမက ထုတ်ဖော်ပြောဆိုခြင်း မပြုချေ။

သူမ အဘယ်ကြောင့် ထုတ်ဖော်မပြောရပါသနည်း။

ကျင်းစန်းတို့ တည်းခိုခန်း ပြန်ရောက်ပြီး လူစုခွဲကြသောအခါ အဖြေပေါ်လာလေတော့သည်။

* * *



ကျင်းစန်းက ကျင်းကျင်းအား စိုက်ကြည့်နေ၏။

သူ့အနေဖြင့် သူမအား သားဖြစ်သူကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံတွေ့ရမည်ကို လုံးဝ မလိုလားချေ။

ထို့ကြောင့်...

ကျင်းကျင်းအား စောင့်ရှောက်ပေးရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော်...

ကျင်းကျင်းက လက်မခံချေ။

သူမသည် ကလေးမဟုတ် ကိုယ့်ကိုကိုယ် ကာကွယ်နိုင်စွမ်းရှိသည်ဟူသော အကြောင်းပြချက်ဖြင့် အိပ်ခန်းသို့ တစ်ယောက်တည်း ပြန်လာခဲ့၏။

ကျင်းစန်းမှာ သမီးဖြစ်သူ၏ဆန္ဒကို လိုက်လျောခဲ့ရလေတော့သည်။

လူသတ်သမားမှာ တစ်ညတည်းဖြင့် သူ့သားသမီးနှစ်ယောက်အား သတ်မသွားနိုင်ဟု ယုံကြည်ထား၏။

ကျင်းကျင်းမှာ အိပ်ခန်းသို့ လျှင်မြန်စွာ ပြန်လာပြီး ဆောင်ဓားကို ထုတ်ယူလိုက်သည်။

ထို့နောက်...

လူရိပ်လူခြည်ကို အကဲခတ်လိုက်ပြီး ဝမ်းဖုံး၏အခန်းသို့ ထွက်လာခဲ့၏။

သူ၏အခန်းလွတ်တွင် မီးများ မှိတ်ထားပြီး မှောင်မည်းနေ၏။

ကျင်းကျင်းမှာ နောက်ယောင်ခံ လိုက်ပါလာသူ မရှိကြောင်း သေချာမှ ဝမ်းဖုံး၏အခန်းအနီးသို့ ချဉ်းကပ်သွား၏။

ထို့နောက်...

တံခါးခေါက်ရန် ဟန်ပြင်လိုက်၏။

သို့သော်...

တံခါးမခေါက်ရသေးမီ အခန်းတံခါး ပွင့်လာ၏။

"ဟင်"

ကျင်းကျင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ယင်းအခိုက်...

အခန်းတွင်းမှ လက်တစ်ဖက် ရုတ်ချည်း ရှည်ထွက်လာပြီး သူမအား ဆွဲသွင်းလိုက်သည်။

ကျင်းကျင်း အထိတ်တလန့်ဖြင့် အော်မည်ပြုလိုက်လေ၏။

ထိုအခါ...



အမှောင်အတွင်းမှ စကားသံတိုးတိုး ထွက်ပေါ်လာသည်။

"ကျုပ်ပါ အသံမထွက်ပါနဲ့"

အမှောင်ထုကြောင့် မျက်နှာကို သေသေချာချာ မမြင်ရသော်လည်း ဝမ်းဖုံး၏အသံ ဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။

အကြောင်းရှိ၍သာ ဖြစ်မည်ဟု ကျင်းကျင်း တွေးမိကာ အသာငြိမ်နေလိုက်သည်။

ထိုစဉ်...

ပေါ့ပါးဖျတ်လတ်သော ခြေသံ မသဲမကွဲ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ခြေသံမှာ စင်္ကြံလမ်းကလေးအတိုင်း လျှောက်လာပြီး ဝမ်းဖုံး၏အခန်းရှေ့မှ ဖြတ်ကျော်သွားလေသည်။

တဖြည်းဖြည်း ဝေး၍ဝေး၍ သွားပြီး နောက်ဆုံးတွင် ပျောက်ကွယ်သွားသည်။

ထိုအခါမှ...

ဝမ်းဖုံး သက်ပြင်းချလိုက်၏။

"မင်းနောက်ကို ခြေရာခံလိုက်တဲ့လူ ရှိတယ်"

ပြောပြောဆိုဆိုဖြင့် အမှောင်ထုအတွင်း လှုပ်ရှားသံများ ထွက်ပေါ်လာပြီး မီးလင်းလာလေသည်။

ဝမ်းဖုံးက မီးအိမ်ထွန်းညှိလိုက်ခြင်း ဖြစ်လေသည်။

မီးအိမ်ကို ခပ်မှိန်မှိန်ကလေးသာ ထွန်းညှိထား၍ အပြင်ဘက်မှ ကြည့်လျှင် အခန်းတွင်းမှ မီးရောင်ကို မမြင်နိုင်ချေ။

ကျင်းကျင်းမှာ သူ့အား မျက်လုံးအဝိုင်းသားနှင့် ကြည့်ကာ

မေးလိုက်သည်။

"ကျွန်မနောက်ကို ခြေရာခံလိုက်လာတဲ့လူ ပါလာတယ် ဟုတ်လား"

သူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျင်းကျင်းက မျက်မှောင်ကြုတ်ကာ....

"ဘယ်သူလဲ ရှင် သိလား"

ဟု မေးလိုက်သည်။

ဝမ်းဖုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်သိပ့်မလဲ၊ ဒါပေမယ့် စိတ်မပူပါနဲ့. မင်းကို အန္တရာယ် ပြုမဲ့လူတော့ မဖြစ်နိုင်ဘူး"

ကျင်းကျင်း အံ့အားသင့်သွား၏။

ဝမ်းဖုံးအား စေ့စေ့ကြည့်ကာ...

"ဒါဖြင့် ဘယ်သူ ဖြစ်မယ် ရှင် ထင်လဲ"

ဟု မေးလိုက်သည်။

ဝမ်းဖုံး တွေဝေသွားသည်။

အနည်းငယ်စဉ်းစားလိုက်ပြီးမှ...

"မင်းကို စိတ်မချလို့ မင်းအဖေ ထည့်လိုက်တဲ့ လူယုံတော် တစ်ယောက်ယောက် ဖြစ်မှာပေါ့"

ဟု ဖြေလိုက်၏။

ကျင်းကျင်း ပါးစပ်ပိတ်ထားလိုက်သည်။

ဝမ်းဖုံးကလည်း စကားမပြောဘဲ သူမအား စိုက်ကြည့်နေ



လိုက်၏။

ထို့ကြောင့်...

အခန်းတွင်း၌ တိတ်ဆိတ်ငြိမ်သက်ခြင်းသာ ကြီးစိုးမင်းမူနေ၏။ အတန်ကြာမှ...

ကျင်းကျင်းက တိတ်ဆိတ်ငြိမ်သက်ခြင်းကို စတင်ဖြိုခွဲလိုက်သည်။

"ကျွန်မအစ်ကို အသတ်ခံရတာ ရှင် သိလား"

သူက ခေါင်းညိတ်လိုက်သည်။

"သိပါတယ်"

ကျင်းကျင်းက ဝမ်းဖုံးအား စိုက်ကြည့်ကာ...

"အဲဒါ ဘယ်သူ့လက်ချက်လဲ"

ဟု မေးလိုက်သည်။

သူမ၏လေသံတွင် ဒေါသသံ ပါဝင်နေ၏။

ဝမ်းဖုံး သဘောကျစွာ ပြုံးလိုက်သည်။

"ဘာလဲ မင်းက ကျုပ် သတ်တယ်လို့များ ထင်နေသလား"

ကျင်းကျင်းက အေးတိအေးစက် လေသံဖြင့် ပြောလိုက်လေသည်။

"ရှင်ဟာ ကျွန်မကို သွေးကြောပိတ်ပြီး ခေါ်လာနိုင်မှတော့ ကျွန်မအစ်ကိုကိုလည်း ဓားတစ်ချက်တည်းနဲ့ သတ်နိုင်မှာပဲ"

သူက မည်သည့်စကားမျှ မပြောချေ။

ကျင်းကျင်းကသာ ငေးကြည့်နေ၏။

ကျင်းကျင်းက သူ့အား လူသတ်သမားဟု စွပ်စွဲပြောဆို

လိုက်သော်လည်း စိတ်ဆိုးသွားပုံ မရချေ။

ကျင်းကျင်းမှာ သူ့အား ကြည့်ကာ ခံပြင်းလာသည်။

ယင်းကြောင့်...

သူမ လက်ထဲတွင် ကိုင်ထားသော ဆောင်ဓားအား မြှောက်ပြလိုက်၏။

"ရှင်က လူသတ်တရားခံ ဖြစ်ခဲ့ယင် ကျွန်မကိုယ်တိုင် သတ်ပစ်မယ်ဆိုတာ မြဲမြဲမှတ်ထားပါ"

ဝမ်းဖုံး သက်ပြင်းချလိုက်သည်။

"မင်း ကျုပ်ကို စွပ်စွဲနေမယ့်အစား လူသတ်တရားခံအစစ်ကို လိုက်ရှာဖို့ ကောင်းတယ်"

ကျင်းကျင်းက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်လေသည်။

"ဘာလဲ ရှင်က လူသတ်တရားခံ မဟုတ်ဘူးလို့ ငြင်းချင်လို့လား"

ဝမ်းဖုံး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

ကျင်းကျင်းအား စေ့စေ့ကြည့်ကာ...

"ငြင်းနေစရာ မလိုပါဘူး၊ ကျုပ်မှ လူသတ်သမား မဟုတ်တာ၊ ကျုပ် လက်ချက်နဲ့ သေတဲ့လူမှန်သမျှ ဒဏ်ရာဟာလည်း လည်ပင်းမှာပဲ ရှိတယ်ဆိုတာ မင်း မြဲမြဲမှတ်ထားပါ"

ထိုစကားကြောင့် ကျင်းကျင်းမှာ သူမ၏ဖခင် ပြောပြခဲ့သည့် အကြောင်းအရာများအား ပြန်လည် အမှတ်ရလာလေသည်။

ဖခင်ဖြစ်သူက သိုင်းလောကမှ ထိပ်သီးသိုင်းသမားများအ



ကြောင်းကို သူတို့မောင်နှမအား ဗဟုသုတအဖြစ် ပြောပြခဲ့ခြင်း ဖြစ်၏။

ကျင်းကျင်းမှာ ဝမ်းဖုံးအကြောင်းကို ထိုအချိန်ကတည်းက ကြားဖူးခဲ့ခြင်း ဖြစ်သည်။

ဖခင်ဖြစ်သူ၏ ပြောပြချက်အရ ဝမ်းဖုံး၏သံစူးကို ရှောင်တိမ်းနိုင်သူ မရှိဟု လက်ခံထားကြကြောင်း သိရ၏။

ဝမ်းဖုံးမှာ ရန်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်လျှင် ချက်ကောင်းဖြစ်သော လည်ပင်းဆီသို့သာ သံစူးဖြင့် ပစ်ပေါက်အနိုင်ယူတတ်ပေသည်။

ယနေ့တိုင် လွဲချော်ခဲ့ဖူးခြင်း မရှိချေ။

ကျင်းကျင်းမှာ ဤအကြောင်းကို ပြန်လည် တွေးတောမိသည်နှင့် ဝမ်းဖုံး၏စကားမှာ အမှန်ဖြစ်ကြောင်း ယုံကြည်လာ၏။

သူ့လိုလူစားမျိုးမှာ လူသတ်ပြီးလျှင် သူ မသတ်ပါဟု ငြင်းမည့်လူစားမျိုး မဟုတ်ချေ။

ကျင်းကျင်းက ဝမ်းဖုံးအား စိုက်ကြည့်ကာ...

"ရှင် မသတ်ယင် ဘယ်သူသတ်တာလဲ"

ဟု မေးလိုက်၏။

ဝမ်းဖုံး ပခုံးတွန့်လိုက်သည်။

"ကျုပ်လဲ သည်မေးခွန်းရဲ့ အဖြေကို သိချင်နေပါတယ်ဗျာ"

ကျင်းကျင်း ပါးစပ်ပိတ်ထားလိုက်သည်။

အခြေအနေမှာ တစ်စထက်တစ်စ ရှုပ်ထွေးနေပြီ ဖြစ်လေသည်။

တုက္ကချင်းနှင့် မ၁းဖိန်တို့၏ အကြောင်းကို စုံစမ်းမည်ကြံ ကာ ရှိသေးသည်။

သို့သော်...

မိမိတို့ဘက်မှ လူတစ်ယောက် ဆုံးရှုံးသွားရပြီ မဟုတ်ပါ လား။

ဝမ်းဖုံးက ကျင်းကျင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်ကာ ပြောလိုက်၏။

"မင်းအစ်ကို အသတ်ခံရတာ သိပ်ထူးဆန်းတယ်၊ မင်း ကျုပ် အချန်းက ပြန်သွားတဲ့ အချိန်လောက်မှာ ဖြစ်မယ် ထင်တယ်"

ကျင်းကျင်းက...

"ဟုတ်တယ်၊ ကျွန်မလဲ သည်လိုပဲ တွေးမိတယ်ရှင့်"

ဝမ်းဖုံးက ခေါင်းကို တဆတ်ဆတ် ညိတ်ကာ ပြောလိုက်၏။

"ကောင်းပြီ အခု ဖြစ်ပျက်နေတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး တို့နှစ်ယောက် ဆွေးနွေးကြရအောင်"

ကျင်းကျင်း မျက်မှောင်ကြုတ်သွား၏။

"ဘာကို ဆွေးနွေးမှာလဲ"

သူက တည်ကြည်လေးနက်သော မျက်နှာ ထားဖြင့်...

"ဒီမြင်းလှည်းတန်းရဲ့ ခရီးစဉ်နဲ့ ပတ်သက်ပြီး မင်းတို့ မသိ တာတွေကို ကျုပ် တစိတ်တဒေသ သိတယ်၊ ဒါပေမယ့် အခုလော လောဆယ် သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ ကိစ္စတွေကို မျက်ခြည် ပြတ်နေတယ်၊ ဒါကြောင့်.."

ပြောလက်စ စကားကို တစ်ပိုင်းတစ်စနှင့် ရပ်တန့်လိုက်ပြီး



ကျင်းကျင်းအား စိုက်ကြည့်လိုက်၏။

ကျင်းကျင်း မျက်မှောင်ကြုတ်သွားသည်။

"ရှင်ဆိုလိုတာက.."

ဝမ်းဖုံးက...

"သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းတွေကို မင်း ပြောပြရမယ်၊ ကျုပ်ကတော့ ဒီမြင်းလှည်းနဲ့ ပတ်သက်တဲ့ အခြေအ နေကို ရှင်းပြမယ်၊ နှစ်ယောက်ပေါင်းလိုက်ယင် ထူးခြားချက် တစ်ခုခု တော့ တွေ့ရလိမ့်မယ် ထင်တယ်"

ထိုစကားကြောင့် ကျင်းကျင်းမှာ စိတ်ဝင်စားသွားသည်။

ထို့ကြောင့်...

ချက်ချင်းပင် ခေါင်းညိတ်သဘောတူလိုက်၏။

"ကောင်းပြီ၊ ရှင် သိချင်တာမေးပါ ကျွန်မ ဖြေမယ်၊ ကျွန်မ သိချင်တာ မေးယင်လဲ ရှင်ဖြေရမယ်"

ဝမ်းဖုံး ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်၏။

"စိတ်ချ"

ကျင်းကျင်းက မျက်ခုံးပင့်ကြည့်ကာ...

"ကဲ ဘယ်သူစမေးမှာလဲ"

ဟု မေးလိုက်၏။

ဝမ်းဖုံးက အနည်းငယ် စဉ်းစားလိုက်သည်။

"ကျုပ်ရဲ့အကြောင်း တစ်ချို့တစ်ဝက်ကို မင်း သိထားပြီးပြီ၊ ဒါကြောင့် ကျုပ် စမေးမယ် သဘောတူရဲ့လား"

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

"သဘောတူပါတယ်ရှင်၊ ရှင် မေးချင်တာသာ မေးပါ"

ဝမ်းဖုံးက တစ်စုံတစ်ရာအား လေးလေးနက်နက် တွေးတောလိုက်၏။

ထို့နောက်...

ကျင်းကျင်းအား ကြည့်ကာ...

"ပင့်ကူနက်ဂိုဏ်းအကြောင်း မင်း ဘယ်လောက် သိသလဲ"

ဟု မေးလိုက်၏။

ကျင်းကျင်းက တည်ကြည်သော လေသံဖြင့် ပြောလိုက်လေသည်။

"ပင့်ကူနက်ဂိုဏ်းဟာ ထူးခြားတဲ့ အဖွဲ့တစ်ခုပဲ၊ တရားမျှတတဲ့ လူကောင်းတွေလို့ ပြောမရသလို လူဆိုးတွေလို့လဲ ပြောလို့မရဘူး"

ဝမ်းဖုံး မျက်မှောင်ကြုတ်လိုက်သည်။

"ဒါဖြင့် သူတို့ဟာ သိုင်းလောကမှာ အသိရခက်တဲ့ လူစားတွေပေါ့"

ကျင်းကျင်းက နှာခေါင်းရှုံ့ကာ ဖြေလိုက်၏။

"ဟုတ်တယ်၊ ရှင့်လိုပဲပေါ့"

ဝမ်းဖုံး ပြုံးလိုက်မိသည်။

ထို့နောက်...

ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြောလိုက်သည်။

"ပင့်ကူနက်ဂိုဏ်းဟာ ခင်ဗျားတို့ ရှိတဲ့ လုယန်မြို့ အနီးတစ်ဝိုက်မှာပဲ ရှိတယ်မဟုတ်လား၊ ဒါကြောင့် သူတို့ရဲ့ အကြောင်း တော်တော်များများကို ခင်ဗျား သိထားမယ် ထင်တယ်"

ကျင်းကျင်း သက်ပြင်းချလိုက်၏။

"ရှင် ထင်သလိုတော့ မဟုတ်ဘူး၊ ကျွန်မတို့ မသိတဲ့ ကိစ္စတွေ အများကြီး ရှိဦးမှာပါ။ ဥပမာ သခင်လေး အဖမ်းခံရတဲ့ ကိစ္စပေါ့"

ထိုစကားကြောင့် ဝမ်းဖုံးမှာ တစ်စုံတစ်ခုကို သတိရသွားလေသည်။

"ဟုတ်ပြီ၊ သခင်လေး အဖမ်းခံရတဲ့ အချိန်မှာ ပင့်ကူနက်ဂိုဏ်းရဲ့ လှုပ်ရှားမှုဟာ ဘယ်လို ရှိသလဲ"

ကျင်းကျင်းက ချက်ချင်း အဖြေမပေးပါ။

လေးနက်စွာ စဉ်းစားနေပုံရသည်။ အတန်ကြာမှ...

တည်ငြိမ်သော လေသံဖြင့် ပြောလိုက်သည်။

"ရှင် ပြောမှ သတိရတယ်၊ အဲသည် အချိန်တုန်းက ပင့်ကူနက်ဂိုဏ်းသား အတော်များများဟာ လုယန်မြို့ထဲမှာ ရောက်နေကြတယ်၊ ဖေဖေကတောင် သိုင်းလောကသားတွေ ခြေရှုပ်လှချည်လားလို့ ညည်းညူနေသေးတယ်"

ဝမ်းဖုံး မျက်မှောင်ကြုတ်သွား၏။

"သိုင်းလောကသားတွေ ဟုတ်လား၊ ဒါဆို ပင့်ကူနက်ဂိုဏ်းက လူတွေအပြင် အခြားသိုင်းသမားတွေလည်း ရောက်နေကြတယ်ပေါ့"

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သိုင်းလောကမှာ နာမည်ကြီးတဲ့လူ တော်တော်များများ ရောက်လာကြတယ်"

ဝမ်းဖုံး၏မျက်လုံးများ ဝင်းလက်သွားသည်။

သူက အားတက်သရောဖြင့် မေးလိုက်ပြန်သည်။

"မင်း သတိထားမိယင် မှတ်မိသလောက် ပြောပြပါလား"

ကျင်းကျင်းက အနည်းငယ် စဉ်းစားပြီးမှ ပြန်ဖြေလိုက်၏။

"စုံလို့ပါပဲရှင်၊ ဒင်္ဂါးအဖွဲ့တွေ၊ တစ်ကိုယ်တော် သိုင်းသမားတွေ၊ လမ်းဓားပြတွေ တော်တော်များလို့ တစ်ယောက်ချင်း ပြောပြရယင် ဆုံးမှာမဟုတ်ဘူး၊ အဲ ထူးထူးခြားခြား ကျွန်မ သတိထားမိတဲ့ လူတစ်ယောက်တော့ ရှိတယ်"

သူက အလောတကြီး မေးလိုက်ပြန်သည်။

"ဘယ်သူလဲ"

ကျင်းကျင်းက ဝမ်းဖုံးအား စိုက်ကြည့်ကာ ပြောလိုက်လေသည်။

"ကိုယ်ရံတော် သိုင်းသမားဆိုတာ ရှင် ကြားဖူးသလား"

ထိုစကားကြောင့် ဝမ်းဖုံးမှာ ထခုန်မိမတတ် ထိတ်လန့်တုန်လှုပ်သွား၏။

ကိုယ်ရံတော် သိုင်းသမားဟူသော အမည်ကို သူ ကောင်းစွာ သိထားပေသည်။

သူက စိတ်ဝင်စားမှုကို မချုပ်ထိန်းနိုင်တော့ဘဲ မေးလိုက်၏။

"ကိုယ်ရံတော် သိုင်းသမားဆိုတာ နန်းကုန်းစုကို ပြောတာ မဟုတ်လား"

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်"

ဝမ်းဖုံးက မျက်မှောင်ကြုတ်ကာ မေးလိုက်၏။

"နေစမ်းပါဦး၊ နန်းကုန်းစုက လုယန်မြို့ကို ရောက်လာခဲ့တာ ဘာကြောင့်လဲ"

ကျင်းကျင်းက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြန်ဖြေသည်။

"သခင်လေး ခရီးထွက်လာယင်း လုယန်မြို့မှာ တစ်ညရပ်နားဖို့ စီစဉ်ထားတယ်၊ ဒါကြောင့် နန်းကုန်းစုက ကြိုတင်ရောက်လာပြီး အန္တရာယ် ပြုနိုင်တဲ့ လူတွေကို မောင်းထုတ်ပစ်လိုက်တာပဲ"

သူသည် သက်ပြင်းချလိုက်သည်။

"လက်စသတ်တော့ သည်လိုကိုး၊ ဒါပေမယ့် သူ ဘယ်လောက်ပဲ တော်တော် သခင်လေးကတော့ ပျောက်ဆုံးသွားပြီ မဟုတ်လား"

ကျင်းကျင်းက...

"နန်းကုန်းစုဟာ လုယန်မြို့ကို ရောက်နေတဲ့ လူဆိုးဓားပြတွေကို မြို့စားကြီး အကူအညီနဲ့ ဖမ်းလိုက်တယ်၊ သခင်လေး ပျောက်ဆုံးသွားတဲ့ အချိန်မှာ သူဟာ ထွက်ပြေးလွတ်မြောက်သွားတဲ့ လူဆိုးဓားပြတွေနောက်ကို လိုက်နေတုန်းရှင့်၊ သူသာ ရှိယင် သခင်လေး ဘယ်ပျောက်သွားပါ့မလဲ"

ကျင်းကျင်း ပြောသည်မှာ အမှန်ပင် ဖြစ်၏။

နန်းကုန်းစုသာ ရှိနေလျှင် သခင်လေး ပျောက်ဆုံးသွားမည် မဟုတ်ချေ။

နန်းကုန်းစုမှာ နယ်စားကြီးထံတွင် အမှုထမ်းနေသော အာဏာသားအဖွဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်သည်။

သူသည် ရာဇဝတ်မှုများ နှိမ်နင်းရာတွင် လက်သံပြောင်လှ၏။

ယင်းကြောင့် လူဆိုးဓားပြတိုင်းက သူ့အား ကြောက်ရွံ့ကြလေသည်။

သူသည် တွေးတောနေယင်းမှ ကျင်းကျင်းအား လှမ်းမေးလိုက်သည်။

"သခင်လေးဟာ ဘယ်လိုပျောက်ဆုံးသွားတာလဲ၊ သူ့ကို စောင့်ရှောက်မယ့်လူတွေ မရှိဘူးလား"

ကျင်းကျင်းက တည်ငြိမ်သော လေသံဖြင့် ရှင်းပြလိုက်၏။

"ရှိပါတယ်၊ ဒါပေမယ့် သခင်လေးဟာ အစောင့်အရှောက် အနည်းငယ်နဲ့ လုယန်မြို့ကို တိတ်တဆိတ် လာခဲ့တာ၊ သူ့ရဲ့ ခရီးစဉ်ကိုလဲ ဘယ်သူမှ မသိကြဘူး၊ ဒါပေမယ့် သခင်လေးဟာ လုယန်မြို့ကို ရောက်မလာဘဲ ပျောက်ဆုံးသွားတော့တာပဲ"

ဝမ်းဖုံး မျက်မှောင်ကြုတ်လိုက်သည်။

"သခင်လေးကို လိုက်မရှာကြဘူးလား"

ကျင်းကျင်း သက်ပြင်းချလိုက်သည်။

"အချိန်တန်လို့ ရောက်မလာတော့ လိုက်ရှာကြတယ်၊ အဲ မြို့ပြင်တောအုပ်တစ်ခုမှာ သခင်လေးရဲ့ ကိုယ်ရံတော်တွေ သေဆုံးနေတာကိုသာ တွေ့ကြရတယ်၊ သခင်လေးကို ရှာလို့ မတွေ့ကြတော့ဘူး"



ဝမ်းဖုံး စဉ်းစားတွေးတောလိုက်၏။

သခင်လေး လုယန်သို့ လာမည့်ခရီးစဉ်ကို ကြိုတင်သိထားပြီး လမ်းမှ တိတ်တဆိတ် ချောင်းမြောင်းတိုက်ခိုက်ခြင်း ဖြစ်နိုင်၏။

ယင်းသို့ ပြုလုပ်ရာတွင် လူတစ်ယောက်တည်း မဖြစ်နိုင် လူတစ်စုမှသာ ဖြစ်နိုင်လိမ့်မည်ဟု သူက ယူဆထားသည်။

လုယန်မြို့အနီး လူအင်အားကောင်းပြီး သိုင်းပညာ ထက်မြက်သည့် လူစု ဘယ်နှစ်စုများ ရှိနေပါသနည်း။

လုယန်မြို့အနီးမှာ ဆိုလျှင် ပင့်ကူနက်ဂိုဏ်းမှ အများဆုံး ဖြစ်နိုင်၏။

သို့သော်...

အခြားအဖွဲ့အစည်း တစ်ခုခုမှ လူများ ကြိုတင်ရောက်ရှိလာပြီး သခင်လေးအား ဖမ်းဆီးသွားခြင်းလည်း ဖြစ်နိုင်ပေသည်။

ဝမ်းဖုံးမှာ မည်သို့မျှ စဉ်းစားမရ ဖြစ်နေသည်။

သူ ငြိမ်သက်နေသည်ကို တွေ့သောအခါ ကျင်းကျင်းက ဆက်ပြောသည်။

"သခင်လေးကို စောင့်ရှောက်ပြီး လိုက်ပါလာတဲ့ ကိုယ်ရံတော်တွေ တစ်ယောက်မကျန် နှုတ်ပိတ်ခံလိုက်ရတယ်၊ ဒါကြောင့် ဘာသတင်းမှ မရခဲ့တဲ့အပြင် သဲလွန်စတောင် ရှာမတွေ့ခဲ့ဘူး"

ဝမ်းဖုံးမှာ နန်းကုန်းစုအား သတိရလာ၏။

သခင်လေး ပျောက်ဆုံးသွားသည့် ကိစ္စတွင် နန်းကုန်းစုအပေါ်၌ များစွာ တာဝန်ရှိပေသည်။

ယင်းကြောင့်...

နယ်စားကြီးကလည်း နန်းကုန်းစုကို ခွင့်လွှတ်မည် မဟုတ်ချေ။ နန်းကုန်းစုကလည်း မရမက ရှာဖွေပေလိမ့်မည်။

ဝမ်းဖုံးမှာ နန်းကုန်းစုအား တွေ့လိုစိတ် ပြင်းပျလာ၏။

နန်းကုန်းစုနှင့် တွေ့လျှင် ပြဿနာ အရပ်ရပ်ကို အဖြေရှာနိုင်လိမ့်မည်ဟု ယုံကြည်လာသည်။

ဝမ်းဖုံးမှာ ကျင်းကျင်းအား အကဲခတ်ကြည့်ကာ...

"ဒါထက် သခင်လေး ပျောက်ဆုံးပြီးတဲ့ နောက်ပိုင်း နန်းကုန်းစုကိုကော တွေ့ရသေးသလား"

ကျင်းကျင်း အနည်းငယ် စဉ်းစားလိုက်၏။

"နန်းကုန်းစုဟာ လူဆိုးတွေကို မောင်းထုတ်ပြီး လုယန်မြို့ကို ပြန်ရောက်လာတယ်၊ သခင်လေးရဲ့ အကြောင်းကို ကြားလိုက်ရတဲ့အခါ အဲသည် နေရာကို သွားစစ်ဆေးကြည့်တယ်၊ မြို့စားကြီးကလည်း သူ့ကို ခေါ်တွေ့တယ်၊ နောက်ပိုင်းကျတော့ သူ့သတင်းကို မကြားရတော့ပါဘူးရှင့်"

ဝမ်းဖုံးက ကျင်းကျင်းအား မျက်ခုံးပင့်ကြည့်ကာ ပြောလိုက်သည်။

"နန်းကုန်းစုဟာ တာဝန်ပေါ့လျော့တဲ့အတွက် နယ်စားကြီးက အပြစ်ပေးလိမ့်မယ် ထင်တယ်"

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ဝမ်းဖုံးက တွေးတွေးဆဆဖြင့် ပြောလိုက်သည်။

"သည်လိုဆိုယင် သူဟာ သခင်လေးကို မရမနေ လိုက်ရှာလိမ့်မယ် ထင်တယ်"



ကျင်းကျင်းက သက်ပြင်းချလိုက်၏။

"ကျွန်မလဲ သည်အတိုင်းပဲ ယူဆတယ်၊ နန်းကုန်းစုဟာ ကိုယ်ယောင်ဖျောက်ပြီး သခင်လေးကို လိုက်ရှာနေမှာပဲ"

ပြောယင်း ဝမ်းဖုံးအား အကဲခတ်ကြည့်လိုက်သည်။

ပြီးမှ...

စိတ်ဝင်စားသော မျက်နှာထားဖြင့် ပြောလိုက်၏။

"ရှင် မေးစရာ ကုန်ပြီဆိုယင် ကျွန်မ မေးချင်တယ်"

ဝမ်းဖုံးက သူမအား ကြည့်လိုက်သည်။

သူက ရင်ထဲ၌ မရှင်းလင်းသည့် အချက်များစွာ ရှိနေသေး၏။

သို့သော်...

ကျင်းကျင်းကို မေးလျှင်လည်း အကြောင်းထူးမည် မဟုတ်ချေ။

ထို့ကြောင့်...

သက်ပြင်းချကာ ပြောလိုက်၏။

"အင်း ကျုပ် မေးစရာ ရှိတာတွေ နောက်မှပဲ မေးပါမယ်၊ အခု မင်း မေးချင်တာမေးပါ"

ကျင်းကျင်းက အနည်းငယ် စဉ်းစားကာ...

"တုကုချင်းက မြင်းလှည်းတွေကို ရှင့်ကို တာဝန်ယူပြီး ပို့ခိုင်းတယ် ဟုတ်လား"

ဝမ်းဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကျင်းကျင်းက ဆက်၍ မေးလိုက်ပြန်သည်။

"မြင်းလှည်းတွေထဲမှာ ငွေသေတ္တာတွေ ပါလာတာ အမှန်ပဲလားရှင့်"

ဝမ်းဖုံး ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ကျုပ်လဲ မသိဘူးဗျ"

ကျင်းကျင်းမှာ အံ့သြသွား၏။

"ရှင် မသိဘူး ဟုတ်လား"

ဝမ်းဖုံး သက်ပြင်းချလိုက်သည်။

"ဟုတ်တယ်၊ တုကုချင်းရဲ့ အကူအညီ တောင်းမှုကို လက်ခံပြီး ခရီးထွက်မယ့်နေ့ မနက်မှ မြင်းလှည်းတွေကို တွေ့ရတာ ငွေသေတ္တာတွေ တင်ထားပြီးပြီလို့ ပြောတာပဲ"

ကျင်းကျင်းက မျက်ခုံးပင့်ကြည့်ကာ မေးလိုက်၏။

"ကျွန်မတို့ အာမခံဌာနကို ရှင် ရောက်လာတော့ မြင်းလှည်းတွေ တွေ့ခဲ့ပြီးပြီလား"

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"တွေ့ပြီးပါပြီ"

ကျင်းကျင်းက အတန်ကြာ စဉ်းစားလိုက်၏။

"ရှင့်အနေနဲ့ မြင်းလှည်းတွေပေါ်မှာ ပါလာတာ ငွေသေတ္တာတွေလို့ ထင်သလား"

ဝမ်းဖုံးမှာ ရုတ်တရက် မည်သို့ ပြောရမှန်း မသိချေ။

အတန်ကြာမျှ တွေဝေနေလေသည်။



ကျင်းကျင်းက သူ့အား မျက်မှောင်ကြုတ်ကြည့်လိုက်၏။

"ရှင့်ရဲ့ သဘောထားကို ပြောမပြနိုင်ဘူးလား"

ဝမ်းဖုံးက သက်ပြင်းတစ်ချက်ချကာ...

"သဲဝါလွင်ပြင်ကို ဖြတ်တုန်းက မြင်းလှည်းတွေကို ခင်ဗျား သတိထားမိလား"

ကျင်းကျင်း အံ့သြသွားသည်။

"ဘာများလဲရှင့်"

ဝမ်းဖုံးက တည်ကြည်သော မျက်နှာထားဖြင့်...

"မြင်းလှည်းတွေပေါ်မှာ အလေးအပင်တွေ ပါလာပုံရတယ်၊ မြင်းလှည်းဘီးတွေဟာ သဲပြင်ထဲမှာ ခပ်နက်နက် မြုပ်ဝင်နေတာ ကျုပ် သတိထားမိတယ်ဗျ"

ကျင်းကျင်းမှာ ဝမ်းဖုံး၏စေ့စပ်သေချာမှုကို တိတ်တခိုး ကျိတ်၍ ချီးကျူးမိလေသည်။

ဝမ်းဖုံးမှာ တော်ရုံတန်ရုံ လူအများ သတိမပြုမိသည့် အချက်များကို တွေ့မြင်နိုင်ခဲ့သည် မဟုတ်ပါလား။

သူက ဆက်ပြောလိုက်သည်။

"ဒါကြောင့် မြင်းလှည်းပေါ်မှာ ငွေသေတ္တာတွေ ပါလာမယ်လို့ ကျုပ် ထင်တာပဲ"

ကျင်းကျင်းက မျက်မှောင်ကြုတ်ကာ ပြောလိုက်လေသည်။

"မြင်းလှည်းပေါ်မှာ ပါလာတဲ့ ပစ္စည်းတွေဟာ ငွေသေတ္တာ မဟုတ်ဘဲ တခြား လေးလံတဲ့ ပစ္စည်းတွေကော မဖြစ်နိုင်ဘူးလား"

အမှန်တွင်...

ကျင်းကျင်းမှာ ဘာရယ်မဟုတ် မေးလိုက်ခြင်း ဖြစ်၏။

သို့သော်...

ထိုစကားကြောင့် ဝမ်းဖုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တောင့်တင်းသွားသည်။

သူက ကျင်းကျင်းအား အံ့သြစွာ စိုက်ကြည့်လိုက်လေသည်။

"ဘာ မြင်းလှည်းပေါ်မှာ တခြားပစ္စည်းတွေ ပါလာနိုင်တယ် ဟုတ်လား"

ဝမ်းဖုံးက ထိတ်လန့်တကြား မေးလိုက်ခြင်း ဖြစ်သည်။

ယင်းကြောင့်...

ကျင်းကျင်းမှာ ကြောက်လန့်သွားမိသည်။

သူမ၏စကား မှားယွင်းနေပြီလောဟုပင် သံသယဝင်လာ၏။

ကျင်းကျင်းက သူ့အား မျက်လုံးအဝိုင်းသားဖြင့် ကြည့်ကာ မေးလိုက်သည်။

ဝမ်းဖုံးမှာ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ယင်း လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

ကျင်းကျင်း ပြောသော အမှတ်မထင် စကားတစ်ခွန်းမှာ သူ့အတွက် အလွန်အရေးပါနေသည် မဟုတ်ပါလား။

မြင်းလှည်းများတွင် ငွေသေတ္တာတင်ဆောင်ထားသည်ဆိုသော တုကုချင်း၏စကားကို ယုံကြည်၍ မရချေ။

ငွေသေတ္တာ မဟုတ်ဘဲ အခြားပစ္စည်းများလည်း ဖြစ်နိုင်၏။

သခင်လေးအား ပင့်ကူနက်ဂိုဏ်းမှ ဖမ်းဆီးခဲ့ပြီး မြင်းလှည်း



အတွင်းသို့ ထည့်သွင်းကာ သူ့အား လုယန်မြို့တွင်းမှ ထွက်ခွာသွားစေသလော။

သို့သော်...

မြင်းလှည်းများ လုယန်မြို့မှ အထွက်တွင် အစောင့်များ၏ စစ်ဆေးခြင်းကို မခံခဲ့ရပါချေ။

ဝမ်းဖုံး တစ်စုံတစ်ခုအား သတိရလာသည်။

ကျင်းကျင်းအား ကြည့်ကာ...

"ကျုပ်က ကြားဖြတ်ပြီး ခင်ဗျားကို မေးခွန်းတစ်ခု မေးချင်တယ်"

ဟု ပြောလိုက်သည်။

ကျင်းကျင်းက တည်ကြည်သော မျက်နှာထားဖြင့် ခေါင်းညိတ်လိုက်သည်။

"မေးပါရှင်"

ဝမ်းဖုံး အနည်းငယ်စဉ်းစားကာ...

"ခင်ဗျားတို့ သိမ်းငှက်အာမခံဌာနဟာ မြို့စားကြီးနဲ့ ရင်းနှီးမှု ရှိတယ် မဟုတ်လား"

ဟု မေးလိုက်သည်။

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဖေဖေနဲ့ မြို့စားကြီးဟာ ညီရင်းအစ်ကိုလို ချစ်ခင်ကြတဲ့ လူတွေပါ"

ဝမ်းဖုံး မျက်နှာ ဝင်းလက်သွား၏။

"ဟုတ်ပြီ၊ ခင်ဗျားတို့ အာမခံဌာနဟာ တရားဥပဒေနဲ့ ငြိ

စွန်းတဲ့ ကုန်ပစ္စည်းတွေကို သယ်ဆောင်ပို့ပေးခြင်း မရှိဘူး၊ လူဆိုးဓားပြတွေကိုလည်း လက်မခံခဲ့ဘူး၊ ဒါကြောင့်လဲ သိုင်းလောကမှာ နာမည်ကောင်း ရတာပေါ့"

ကျင်းကျင်းက ဘာမျှ မပြောဘဲ ပြုံး၍သာ ကြည့်နေသည်။

ဝမ်းဖုံးက မျက်ခုံးပင့်ကာ မေးလိုက်၏။

"အဲသည် နာမည်ကောင်းကြောင့် မြို့စောင့်ရဲမက်တွေက ခင်ဗျားတို့ အာမခံဌာနက သယ်ယူလာတဲ့ ပစ္စည်းဆိုယင် တစ်ခါမှ မစစ်ဆေးဘူး မဟုတ်လား"

ကျင်းကျင်းက ဂုဏ်ယူဝင့်ကြွားသော လေသံဖြင့် ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျွန်မတို့ရဲ့ ပစ္စည်းတွေကို စစ်ဆေးတယ်ဆိုတာ တစ်ခါမှ မရှိခဲ့ဘူးရှင့်"

ဝမ်းဖုံး၏မျက်နှာပေါ်တွင် ထူးခြားသည့် အရိပ်အယောင်များ ထွက်ပေါ်လာ၏။

ဝမ်းဖုံး သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်သည်။

တရားဥပဒေနှင့် ငြိစွန်းသော ပစ္စည်းများ၊ အစောင့်အကြပ်အစစ်ဆေးမခံနိုင်သည့် လျှို့ဝှက်ပစ္စည်းများကို လုယန်မြို့ထဲမှ ထုတ်ယူသွားလိုလျှင်...

သိမ်းငှက်အာမခံဌာနအား အသုံးပြုခြင်းမှာ အကောင်းဆုံး မဟုတ်ပါလား။

ဝမ်းဖုံး၏ရင်ထဲတွင် လေးလံလာ၏။

သခင်လေးကိုသာ တုကုချင်းတို့လူစုက ဖမ်းဆီးထားခဲ့လျှင်



ဤမြင်းလှည်း တစ်စီးစီးအတွင်းသို့ ထည့်ကာ မြို့ပြင်သို့ ထုတ်ယူလာနိုင်သည် မဟုတ်ပါလား။

သူ တစ်ချိန်လုံး စောင့်ရှောက်လာခဲ့သည့် မြင်းလှည်းများအတွင်း၌ သခင်လေး ပါဝင်လာနိုင်သည်။

ဝမ်းဖုံးမှာ မြင်းလှည်းများအား ချက်ချင်းပင် သွားရောက်စစ်ဆေးလိုစိတ်များ ဖြစ်ပေါ်လာ၏။

ထို့ကြောင့်...

ကျင်းကျင်းဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"ကျုပ်တို့ မြင်းလှည်းတွေကို သွားစစ်ဆေးကြည့်ယင် ကောင်းမယ်"

သို့သော်...

ကျင်းကျင်းက သဘောမတူပါချေ။

ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ကျွန်မ သဘောမတူဘူး"

ဝမ်းဖုံး မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

ကျင်းကျင်းက ပြတ်သားသော လေသံဖြင့် ပြောလိုက်လေသည်။

"ပြဿနာတစ်ရပ်ကို ရှင် ဖော်ထုတ်မယ်ဆိုရင် ကျွန်မ အစ်ကို့ကို သတ်တဲ့ လူသတ်တရားခံကို အရင်ဆုံး ဖော်ထုတ်ပေးရမယ်၊ ရှင်ကိုယ်တိုင် ဖော်ထုတ်ယင်ရမယ်လို့ ကျွန်မ ထင်တယ်"

ဝမ်းဖုံး အခက်ကြုံသွားသည်။

သို့သော်...

ကျင်းရှောင် အသတ်ခံရသည့် ကိစ္စနှင့် သခင်လေး ပျောက်ဆုံးသွားရသည့် ကိစ္စတို့မှာ ဆက်စပ်နေနိုင်သည်ဟု တွေးမိလိုက်၏။

ထို့ကြောင့်...

တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ကောင်းပြီလေ၊ မင်းအစ်ကို အသတ်ခံရတဲ့ ကိစ္စကို ကျုပ်စုံစမ်းပေးပါ့မယ်"

ထိုစကားကြောင့်...

ကျင်းကျင်း ဝမ်းသာသွားလေသည်။

မည်သည့်အကြောင်းကြောင့်မှန်း မသိဘဲ တစ်ချိန်က ကြည့်မရခဲ့သော ထိုလူအား အားကိုးလိုစိတ်များ ပေါ်လာလေသည်။

အများအမြင်တွင် ဝမ်းဖိုးမှာ အေးစက်ခက်ထန်သူတစ်ယောက် ဖြစ်လင့်ကစား ကျင်းကျင်းကမူ နှစ်လိုဖွယ်ကောင်းသည့် လူတစ်ယောက်ဟု ထင်မြင်လာလေတော့သည်။

* * *



## သဲလွန်စ

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

မိုးမလင်းသေးချေ။

သို့သော်...

မကြာမီ အရှေ့ဘက်ဆီမှ ရောင်နီများ ထွက်ပေါ်လာတော့မည် ဖြစ်သည်။

လမ်းမပေါ်တွင် နံနက်စောစော လုပ်ငန်းခွင်ဝင်ရန် သွားလာနေကြသော လူတစ်ယောက်စနှစ်ယောက်စအား တွေ့ရ၏။

သူဌေးမင်းတည်းခိုခန်း ခြံဝင်းအပြင်ဘက်တွင် လူနှစ်ယောက် ရပ်နေ၏။

ထိုလူနှစ်ယောက်မှာ...

ကျင်းကျင်းနှင့် ဝမ်းဖုံးတို့ပင် ဖြစ်သည်။

ကျင်းကျင်းက နေရာတစ်နေရာသို့ ညွှန်ပြကာ ပြောလိုက်သည်။

"ဟောသည် နေရာမှာ ကျွန်မအစ်ကိုရဲ့ အလောင်းကို တွေ့ခဲ့ရတာပါ"

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

ထို့နောက်...

သူက ကျင်းရှောင်၏အလောင်း တွေ့ခဲ့ရသည့် နေရာတွင် မြေပေါ်သို့ ဒူးထောက်ထိုင်ချလိုက်၏။

ထို့နောက်...

မြေပြင်အား သေချာစွာ ကြည့်ရှုအကဲခတ်လိုက်သည်။

မြေပြင်ပေါ်တွင် လူတစ်ယောက် လဲကျခဲ့သည့် ပုံသဏ္ဌာန် တွေ့ရ၏။

သို့သော်...

ခပ်ရေးရေးမျှသာ ဖြစ်သည်။

ဖုန်မှုန့်၊ သဲမှုန့်များ ရှိခြင်းကြောင့်သာ လူတစ်ဦးတစ်ယောက် ဟန်ပန်ထင် ကျန်ခဲ့ခြင်း ဖြစ်၏။

သူက အနီးအနားတစ်ဝိုက်သို့ အကဲခတ်ကြည့်လိုက်ပြန်၏။

အနီးအနားတစ်ဝိုက်၌ ရန်းယင်းဆန်ခတ် တိုက်ပွဲ ဖြစ်ပွားခဲ့ပုံ လုံးဝမတွေ့ရချေ။

သို့သော်...



မထင်မရှား ခြေရာအများအပြားကို တွေ့ရ၏။

ယင်းခြေရာများမှာ အလောင်းကို ဝိုင်းအုံကြည့်ရှုသူများ၏ ခြေရာဖြစ်နိုင်ကြောင်း ခန့်မှန်းရလေသည်။

ဝမ်းဖုံးက မြေပြင်ပေါ်သို့ စိုက်ကြည့်ယင်း သူမအား မေးလိုက်သည်။

"မင်းအစ်ကိုဟာ ဓားဒဏ်ရာတစ်ချက်တည်းနဲ့ သေသွားတယ် ဟုတ်လား"

အနီးမှ ဝမ်းဖုံး၏လှုပ်ရှားမှုများကို အကဲခတ်နေသော ကျင်းကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝမ်းဖုံးက တွေးတွေးဆဆဖြင့်...

"သည်လိုဆိုယင် ဒဏ်ရာက သွေးများများ ထွက်မှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

ကျင်းကျင်း သက်ပြင်းချလိုက်သည်။

"အစ်ကိုကြီး တစ်ကိုယ်လုံး သွေးတွေ ပေကျံနေပါတယ်ရှင်"

ပြောယင်း စိတ်မကောင်း ဖြစ်လာဟန်ဖြင့် ခေါင်းငုံ့ထားလိုက်သည်။

ဝမ်းဖုံးက တစ်စုံတစ်ခုအား စဉ်းစားမိဟန်ဖြင့် မျက်မှောင်ကြုတ်သွားသည်။

ကျင်းကျင်းအား ဖျတ်ခနဲကြည့်ကာ...

"ဒီနေရာကို ဘယ်သူမှ လာပြီး မရှင်းလင်းကြသေးဘူး မ

ဟုတ်လား"

ဟု မေးလိုက်သည်။

ကျင်းကျင်း အံ့သြသွားသည်။

ဝမ်းဖုံးအား နားမလည်နိုင်စွာဖြင့် ကြည့်ကာ...

"ရှင်းစရာလိုသေးလို့လားရှင့်"

ဟု ပြန်မေးလိုက်သည်။

ဝမ်းဖုံးက...

"မဟုတ်သေးဘူး။ ကျင်းရှောင်ဟာ သည်နေရာမှာ အသတ်ခံလိုက်ရတယ်ဆိုယင် မြေပေါ်မှာ သွေးစသွေးနတွေ တွေ့ရမယ် မဟုတ်လား"

ထိုစကားကြောင့် ကျင်းကျင်း၏ခန္ဓာကိုယ်မှာ မသိမသာ တုန်ခါသွား၏။

ဝမ်းဖုံးကိုလည်း ငေးကြည့်နေမိသည်။

ဝမ်းဖုံးက ဆက်ပြောလိုက်သည်။

"ကျုပ် စိတ်ထင်တော့ ကျင်းရှောင်ဟာ မင်းကို လိုက်ရှာတယ်ဆိုပေမယ့် ခြံဝင်းအပြင်ဘက်တော့ ထွက်လာမှာ မဟုတ်ဘူး"

ကျင်းကျင်း မျက်မှောင်ကြုတ်လိုက်၏။

"ရှင် ဆိုလိုတာ အစ်ကိုဟာ သည်နေရာမှာ အသတ်ခံရတာ မဟုတ်ဘူးပေါ့"

ဝမ်းဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူဟာ အခြားတစ်နေရာမှာ အသတ်ခံရပြီးမှ သည်ကို ရောက်လာတာ ဖြစ်ရမယ်"



ကျင်းကျင်းမှာ စကားလုံးဝ မပြောနိုင်တော့ချေ။

ဝမ်းဖုံးကိုသာ ကြောင်အမ်းအမ်းဖြင့် ကြည့်နေလေသည်။

ဝမ်းဖုံးက အပြင်ဘက်မှ နေ၍ ခြံဝင်းအတွင်းဘက်သို့ အကဲခတ်ကြည့်လိုက်သည်။

သူတို့ ရောက်ရှိနေသော နေရာမှာ ခြံဝင်း၏အနောက်ဘက် ဖြစ်၏။

ဧည့်သည်များ တည်းခိုရာအဆောင်နှင့် မိန်းကလေးများ နားခိုရာ အဆောင်နှစ်ခုကြားတွင် မြေကွက်လပ်တစ်ခု ရှိသည်။

ယင်းမြေကွက်လပ်တွင် မြင်းလှည်းများ စီတန်းနေသည်ကို တွေ့ရ၏။

အနီးပတ်ဝန်းကျင်တွင် အစောင့်အကြပ်များ စောင့်ကြပ်နေသည်ကိုလည်း တွေ့ရလေသည်။

ဝမ်းဖုံးက မေးစေ့ကို လက်ဖြင့် ပွတ်သပ်နေ၏။

"သူ ဒီနေရာမှာ အသတ်ခံရတာ မဟုတ်ဘူးဆိုယင် ဘယ်နေရာမှာ အသတ်ခံရတာလဲ"

တစ်ယောက်တည်း ကျိတ်၍ ရေရွတ်ပြောဆိုလိုက်၏။

ထို့နောက်...

အရပ်လေးမျက်နှာသို့ လှည့်လည် စစ်ဆေးကြည့်ရှုလိုက်သည်။

ကျင်းကျင်းမှာ ဝမ်းဖုံး လှုပ်ရှားသမျှကို ငေးကြည့်နေမိလေသည်။

သူမ၏စိတ်ထဲ၌ အဖြေရှာမရအောင်ပင် ရှုပ်ထွေးနေ၏။

သို့သော်...

သူမက ဝမ်းဖုံးကို ယုံကြည်သည်။

ဟိုဟိုသည်သည် အကဲခတ်ကြည့်နေသော ဝမ်းဖုံးကို ကြည့်လိုက်ကာ...

"ကျွန်မအစ်ကိုဟာ တစ်နေရာရာမှာ အသတ်ခံရပြီးမှ သည်နေရာကို ရောက်လာတာ ဟုတ်လား"

ဟု မေးလိုက်သည်။

ဝမ်းဖုံးက...

"အဲသည်လို ဖြစ်နိုင်တယ်"

ဟု တွေးတွေးဆဆဖြင့် ပြန်ဖြေသည်။

ကျင်းကျင်း မျက်မှောင်ကြုတ်သွားသည်။

"သေပြီးတဲ့လူဟာ ဘယ်လိုလုပ် နေရာပြောင်းနိုင်မှာလဲ"

ဝမ်းဖုံးက ပြုံးလိုက်၏။

"လူသတ်သမားကတော့ နေရာပြောင်းပစ်လိုက်နိုင်တယ် မဟုတ်လား"

"ဟင်"

ကျင်းကျင်း မျက်လုံးပြူးကျယ်သွားသည်။

ဤအချက်ကို သူမ လုံးဝမစဉ်းစားမိချေ။

ဝမ်းဖုံးက စကားဆက်လိုက်သည်။

"လူသတ်သမားက ကျင်းရှောင်ရဲ့ အလောင်းကို နေရာပြောင်းပစ်လိုက်တာ အကြောင်းရှိရမယ်"

ကျင်းကျင်းက သူ့ကို စိုက်ကြည့်ကာ မေးလိုက်သည်။



"ရှင် ရိပ်မိထားပြီးပြီလား"

သူက အနည်းငယ် စဉ်းစားလိုက်သည်။

"လူသတ်သမားရဲ့ လျှို့ဝှက်ချက်ကို ကျင်းရှောင်က အမှတ်မထင် တွေ့သွားလိမ့်မယ်၊ ဒါကြောင့် လူသတ်သမားက နှုတ်ပိတ်ပစ်လိုက်တာပဲ၊ ပြီးတော့ အသတ်ခံရတဲ့နေရာကို အပြောင်းအလဲ လုပ်ပစ်လိုက်တာဟာ သူ ရှိနေတဲ့နေရာကို လူတွေ သိသွားမှာ စိုးလို့ပဲ ဖြစ်ရမယ်"

ကျင်းကျင်း မျက်မှောင်ကြုတ်လိုက်သည်။

"ရှင် ဘာကို ဆိုလိုတာလဲ"

ဟု မေးလိုက်သည်။

ဝမ်းဖုံးက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ဥပမာ မင်းရဲ့ အခန်းထဲကို လူတစ်ယောက် ဝင်လာတယ် ဆိုပါတော့၊ သူ့ကို မင်းက သတ်ပစ်လိုက်မယ်၊ ပြီးတော့ လူသိမခံချင်တာနဲ့ တစ်နေရာရာကို သွားစွန့်ပစ်လိုက်မယ် မဟုတ်လား၊ သည်လိုဆိုယင် မင်းသတ်တာ ဘယ်သူမှမသိနိုင်တော့ဘူး၊ အခုကိစ္စကလည်း သည်အတိုင်းပဲလို့ ကျုပ် ထင်ထားတယ်"

ကျင်းကျင်းမှာ တဖြည်းဖြည်း သဘောပေါက်လာသည်။

ကျင်းရှောင်မှာ တစ်စုံတစ်ယောက်၏လျှို့ဝှက်ချက်အား တွေ့မြင်သွားပေလိမ့်မည်။

ထို့ကြောင့်...

နှုတ်ပိတ်ခံရခြင်း ဖြစ်နိုင်၏။ ဤသို့ဆိုပါလျှင်...

ကျင်းရောင် မည်သည့်နေရာ၌ နှုတ်ပိတ်ခံရသနည်း။

ထိုနေရာတွင် လူသတ်သမား မုချရှိနိုင်ပေသည်။

ကျင်းကျင်းက ဝမ်းဖုံးအား အကဲခတ် ကြည့်လိုက်လေ၏။

"အစ်ကိုကြီး အသတ်ခံရတဲ့နေရာ ဘယ်မှာလဲ ရှင် တွေးမိရဲ့လား"

ဝမ်းဖုံးက အနည်းငယ်စဉ်းစားကာ...

"အင်း တည်းခိုခန်းခြံဝင်းထဲမှာ ဖြစ်နိုင်တယ်"

ဟု ပြောလိုက်၏။

ထို့နောက်...

သူ့ စကားအား သူ့ကိုယ်သူ ပြန်ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ ခြံဝင်းထဲမှာ ဖြစ်ခဲ့လို့သာ ခြံအပြင်ကို ရောက်နေတာပေါ့။ ကျင်းရောင် အပြင်ထွက်သွားယင်း ရန်သူနဲ့ တွေ့ပြီး အသတ်ခံလိုက်ရတဲ့ပုံ၊ လူသတ်သမားက ဖန်တီးထားတာ ဖြစ်ရမယ်လို့ ကျုပ်ယူဆတယ်"

ကျင်းကျင်း စိတ်ဝင်စားစွာဖြင့်...

"ခြံဝင်းထဲမှာဆိုတော့ ဘယ်နေရာမှာ ဖြစ်နိုင်သလဲ"

ဟု မေးလိုက်၏။

ဝမ်းဖုံးက အဖြေမပေးချေ။

ကျင်းကျင်းအား စူးစမ်းသော အကြည့်ဖြင့် ကြည့်ကာ မေးလိုက်၏။

"ကျင်းရောင်ကို ဘယ်အချိန်လောက်က နောက်ဆုံး တွေ့လိုက်ရသလဲ"



ကျင်းကျင်းက စဉ်းစားလိုက်သည်။

"အစ်ကိုကြီးက ကျွန်မကို လိုက်ရှာမယ်ဆိုပြီး ထွက်သွားတာ၊ ကျွန်မ ရှင့်အခန်းက ပြန်တဲ့ အချိန်လောက် ဖြစ်မှာပေါ့"

ဝမ်းဖုံးက...

"ဒါဆို သိပ်မကြာသေးဘူးပေါ့"

ကျင်းကျင်းက...

"ဟုတ်တယ်၊ တိုတောင်းတဲ့ အချိန်အတွင်းမှာ ဖြစ်သွားတာပဲ"

သူက စကားဆက်မပြောတော့ဘဲ လေးလေးနက်နက် တွေးဆနေပုံရ၏။

ကျင်းကျင်းက စကားဆက်လိုက်သည်။

"အမှန်တော့ အစ်ကိုကြီးဟာ ကျွန်မကြောင့် သေရတာပါ၊ ကျွန်မကို လိုက်ရှာယင်း ရန်သူနဲ့ တိုးမိလို့ အသတ်ခံရတာ"

ကျင်းကျင်းသည် ပြောယင်း ဝမ်းနည်းကြေကွဲလာသည့်အလား အသံများ တုန်ယင်လာ၏။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ပြည့်လျှံလာလေသည်။

နှုတ်ခမ်းများလည်း တဆတ်ဆတ် တုန်ယင်နေပြီး မငိုမိစေရန် တင်းကြပ်စွာ ချုပ်တည်းထားပုံရ၏။

ဝမ်းဖုံး သက်ပြင်းချလိုက်သည်။

သူကသာ ကျင်းကျင်းအား ဆိုင်ပိုင်ရှင်နှင့် လူမှားပြီး ဖမ်းခေါ်မလာမိလျှင် ဤကဲ့သို့ ကြေကွဲဖွယ်ရာ အဖြစ်ဆိုးနှင့် ကြုံတွေ့ရ

မည် မဟုတ်ပါချေ။

ကျင်းရောင် အသတ်ခံရသည်မှာ သူ့ထံတွင် လုံးလုံးလျားလျား တာဝန်ရှိသည်ဟု တွေးမိလေ၏။

ထို့ကြောင့်...

အံကို တင်းတင်းကြိတ်ကာ ပြောလိုက်သည်။

"ကျင်းရောင် အသတ်ခံရတဲ့အတွက် ကျုပ်လဲ မင်းနဲ့ ထပ်တူထပ်မျှ ကြေကွဲရတယ်ဆိုတာ ယုံပါ၊ လူသတ်တရားခံကို ကျုပ် မရမက ဖော်ထုတ်ပေးပါ့မယ်"

သူ၏အသံမှာ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာခြင်း ဖြစ်၏။

သူ့လို လူစားမျိုးမှာ မတရားလျှင် အသက်ပင် အသေခံကာ ရင်ဆိုင်ဖြေရှင်းမည့် လူစားမျိုး ဖြစ်၏။

မည်သူမည်ဝါဟု ပုဂ္ဂိုလ်စွဲ မရှိဘဲ မတရားမှု ပြုခြင်းခံရသည့်ဘက်မှ ရပ်တည်မည့် လူစားမျိုး ဖြစ်သည်။

ကျင်းကျင်း၏မျက်ဝန်းအစုံမှ မျက်ရည်များမှာ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးဆင်းကျလာလေသည်။

ဝမ်းဖုံးမှာ စိတ်ညှို့ထားခြင်း ခံရသူတစ်ယောက်ပမာ သူမအား ငေးကြည့်နေမိ၏။

ထို့နောက်...

တစ်စုံတစ်ရာ၏ဆွဲငင်မှုကို သူ မလွန်ဆန်နိုင်တော့ချေ။

"ညီမရယ် မငိုပါနဲ့ကွယ်၊ လူသတ်တရားခံကို အစ်ကို ရအောင် ရှာဖွေပေးပါ့မယ်"



ပြောပြောဆိုဆိုဖြင့် ကျင်းကျင်းအား သူ၏ရင်ခွင်ထဲသို့ အသာအယာ ဆွဲသွင်းကာ ပွေ့ဖက်ထားလိုက်သည်။

ကျင်းကျင်းကလည်း တရှုံ့ရှုံ့ ငိုကြွေးယင်း အလိုက်သင့် ပါသွား၏။

သူတို့နှစ်ယောက်သည် မည်သည့်စကားမှ မဆိုမိကြတော့ချေ။

တစ်ယောက်ကိုတစ်ယောက် အတန်ကြာသည်အထိ တင်းကြပ်စွာ ပွေ့ဖက်ထားမိကြလေသည်။

တအောင့်မျှ ကြာသွားတော့မှ ကျင်းကျင်းက ဝမ်းဖုံး၏ရင်ခွင်ထဲမှ တိုးထွက်လိုက်၏။

ဝမ်းဖုံးက လေပူတစ်ချက် မှုတ်ထုတ်ကာ ပြောလိုက်လေသည်။

"ကဲ အချိန်ရှိတုန်း လူသတ်တရားခံကို ရှာဖွေကြစို့"

စကားဆုံးသည်နှင့် ကျင်းကျင်း၏လက်ကို ဆွဲကာ သူငွေးမင်းတည်းခိုခန်း ခြံဝင်းအတွင်းသို့ ပြန်လည် လှမ်းဝင်သွားကြ၏။

ထိုအချိန်တွင်...

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းဆီမှ လင်းအာရုဏ်များပျို့လာပြီဖြစ်သည်။

* * *

အလင်းရောင်မှာ တဖြည်းဖြည်း ရောက်ရှိလာလေသည်။

အမှောင်ထုမှာ အလင်းရောင်အား ရင်မဆိုင်ရဲသည့်အလား နောက်သို့ တရွေ့ရွေ့ ဆုတ်သွား၏။

ကျင်းကျင်းနှင့် ဝမ်းဖုံးမှာ အပြန်လမ်းတစ်လျှောက် ပတ်ဝန်းကျင်အား မျက်ခြည်မပြတ် အကဲခတ်လာကြ၏။

ခြံဝင်းအတွင်း မြေကွက်လပ်သို့ ရောက်သော် ရုတ်တရက် ဝမ်းဖုံးမှာ ခြေလှမ်းရပ်တန့်သွားလေသည်။

သူ၏မျက်နှာပေါ်တွင် ထူးခြားသည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။



မျက်လုံးအစုံကမူ မြေပေါ်သို့ စူးစူးစိုက်စိုက် ကြည့်နေလေသည်။

ကျင်းကျင်းကလည်း ခြေလှမ်းရပ်တန့်လိုက်လေသည်။

သူမက ဝမ်းဖုံး စိုက်ကြည့်နေသော မြေပေါ်သို့ စူးစူးစိုက်စိုက် လှမ်းကြည့်လိုက်သည်။

သို့သော်...

ထူးခြားချက်ဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ရချေ။

ထို့ကြောင့်...

သူမက တအံ့တသြဖြင့် မေးလိုက်သည်။

"အစ်ကို ဘာဖြစ်လို့ မြေပေါ်ကို သည်လောက်တောင် စိုက်ကြည့်နေရတာလဲ"

ဝမ်းဖုံး ရုတ်တရက် အဖြေမပေးချေ။

မြေပေါ်သို့သာ မျက်တောင်မခတ် စိုက်ကြည့်နေ၏။

အတန်ကြာမှ...

စိတ်လှုပ်ရှားသော လေသံဖြင့် ပြောလိုက်သည်။

"မြေပေါ်ကို သေသေချာချာ ကြည့်ယင် အကြောင်းအရာ တစ်ခု တွေ့ရလိမ့်မယ်၊ ဒါဟာ ကျင်းရောင်ရဲ့ အလောင်းကို ဆွဲသွားတာ ဖြစ်နိုင်တယ်"

ထိုစကား ကြားသောအခါ ကျင်းကျင်းက တစ်စုံတစ်ရာကို သတိရလိုက်သည်။

"ဟုတ်ပြီ၊ အစ်ကိုကြီးရဲ့ အင်္ကျီအဝတ်အစားတွေပေါ်မှာ ဖုန်တွေ၊ သဲတွေ ပေနေတာကို တွေ့ရတယ်၊ ထူးဆန်းတယ်လို့တောင်

ကျွန်မက ထင်ခဲ့မိသေးတယ်"

ဝမ်းဖုံး ညွှန်ပြလိုက်မှ ရေးရေးမြင်လာသော စွပ်ကြောင်းကို ကြည့်ကာ ပြောလိုက်ခြင်း ဖြစ်သည်။

ဝမ်းဖုံးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ထို့နောက်...

"လာ ညီမ၊ အဲသည် စွပ်ကြောင်းရာနောက်ကို လိုက်သွားရအောင်"

သူတို့နှစ်ယောက်သည် မထင်မရှား တွေ့ရသော စွပ်ကြောင်းရာနောက်သို့ လိုက်သွားကြ၏။

မကြာမီ...

မြေကွက်လပ်ကို ဖြတ်ကျော်ပြီး မြင်းလှည်းတန်းများ အနီးသို့ ရောက်သွားကြသည်။

ထိုအချိန်တွင် ကျင်းစန်းနှင့် လွေမင်းတို့မှာ အိပ်ယာမှ ထလာကြပြီ ဖြစ်သည်။

အမှန်တွင်...

သူတို့နှစ်ယောက်မှာ အိပ်စက်အနားယူခဲ့ကြခြင်း လုံးဝမရှိချေ။

တစ်ညလုံး ငုတ်တုတ်ထိုင်နေပြီး နံနက်မိုးလင်းသည်နှင့် ထွက်လာကြခြင်းသာ ဖြစ်၏။

မြင်းလှည်းများအနီး၌ အစောင့်အကြပ်များ ထူထပ်စွာ ချထားလေသည်။

ကျင်းရှောင် အသတ်ခံရပြီးနောက် ရန်သူ ရှိနေကြောင်း



သိရ၍ မြင်းလှည်းများအား အကာအကွယ် ပေးနေကြခြင်း ဖြစ်၏။

ကျင်းစန်း၊ လွေမင်းနှင့် အာမခံအဖွဲ့သားများမှာ နံနက်စောစောစီးစီး အပြင်မှ ပြန်လာကြသော ကျင်းကျင်းနှင့် ဝမ်းဖုံးတို့အား တွေ့လိုက်သောအခါ အံ့သြသွားကြလေသည်။

ကျင်းကျင်းက ဖခင်ဖြစ်သူထံ တည်ငြိမ်စွာပင် လျှောက်လှမ်းသွား၏။

ဝမ်းဖုံး မည်သူ့ကိုမျှ ဂရုမစိုက်တော့ချေ။

မြေပေါ်တွင် ထင်ကျန်ခဲ့သော စွပ်ကြောင်းရာကိုသာ စိုက်ကြည့်နေပေသည်။

အမှန်တွင်...

သူက ဂရုစိုက်မိသောကြောင့်သာ တွေ့မြင်ခဲ့ရခြင်း ဖြစ်လေသည်။

သိမ်းငှက်အာမခံဌာနသားများမှာမူ ကျင်းရှောင် အသတ်ခံလိုက်ရသည့်အတွက် ထိတ်လန့်တုန်လှုပ်နေကြသောကြောင့် သတိမမူခဲ့ကြခြင်း ဖြစ်သည်။

ကျင်းရှောင်က သမီးဖြစ်သူအား နားမလည်နိုင်စွာ ကြည့်လိုက်၏။

"သမီး"

သူ စကားမစနိုင်မီ ကျင်းကျင်းက ကြားဖြတ်ပြောလိုက်လေသည်။

ညက ဝမ်းဖုံးက သူမအား ဆိုင်ရှင်နှင့်မှားကာ ဖမ်းသွားသည့်အချိန်မှ စပြီး တွေ့ကြုံခဲ့ရသော အကြောင်းအရာများကို တစ်

လုံးမကျန် ပြောပြလိုက်၏။

သူမ စကားဆုံးသွားသောအခါ ကျင်းစန်းနှင့် လွှေမင်းတို့မှာ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြလေသည်။

ထို့အပြင်...

ဝမ်းဖုံးကိုလည်း လေးစားသော အကြည့်ဖြင့် လှမ်းကြည့်လိုက်ကြသည်။

ယင်းအချိန်တွင်...

ဝမ်းဖုံးမှာ မြင်းလှည်းများအနီးသို့ ရောက်ရှိနေချေပြီ။

သူသည် မြင်းလှည်းတစ်စီးနံဘေး၌ ရပ်လျက် မြင်းလှည်းတံခါးအား စိုက်ကြည့်နေ၏။

သူ ကြည့်နေသော မြင်းလှည်းမှာ မြင်းလှည်းတန်း၏နောက်ဆုံးတွင် ရှိသော မြင်းလှည်းပင် ဖြစ်လေသည်။

* * *



## တရားခံ

ဝမ်းဖုံး၏မျက်လုံးများမှာ ယခုထက်တိုင် နေရာမရွေ့သေးချေ။

မြင်းလှည်းတံခါးကိုသာ မမှိတ်မသုန် စိုက်ကြည့်နေ၏။

အတန်ကြာမှ...

အေးတိအေးစက် လေသံဖြင့် ပြောလိုက်သည်။

"မြင်းလှည်းထဲက မိတ်ဆွေ ကျေးဇူးပြုပြီး အပြင်ကို ထွက်ခဲ့ပါဗျာ"

သူ၏လေသံမှာ ကျယ်လောင်ခြင်း မရှိချေ။

သို့သော်...

ကြားရသူအပေါင်းမှာ နားထဲသို့ မိုးကြိုးပစ်ချခြင်း ခံလိုက်ရသည့်အလား ကြောက်ရွံ့ထိတ်လန့်သွားကြ၏။

ဝမ်းဖုံး ငြိမ်သက်စွာ ရပ်နေဆဲ ဖြစ်၏။

သူ၏ခန္ဓာကိုယ်မှာ လုံးဝလှုပ်ရှားခြင်း မရှိချေ။

မျက်လုံးအစုံမှာ မြင်းလှည်းတံခါးအား မမှိတ်မသုန် ကြည့်နေလေသည်။

သူသည် လက်နှစ်ဖက်ကို ဘေးသို့ ကားထား၏။

ကျင်းစန်း၊ လှေမင်းနှင့် အာမခံအဖွဲ့သားများမှာ အသက်ပင် မရှူဝံ့ဘဲ ငြိမ်သက်စွာ ရပ်နေကြ၏။

သူတို့၏မျက်လုံးများမှာ ဝမ်းဖုံးနှင့် နောက်ဆုံး မြင်းလှည်းဆီသို့သာ စုပြုံရောက်ရှိနေကြသည်။

ကျင်းကျင်း၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပလာလေသည်။

ဝမ်းဖုံးမှာ သူ၏အစ်ကို ဖြစ်သူအား သတ်ဖြတ်သွားသည့်လူသတ်တရားခံကို တွေ့ထားပြီးပြီဟု ယူဆထားေ ာသည်။

မြေကွက်လပ်ရှိ လူအားလုံးမှာ လုံးဝလှုပ်ရှင်းခြင်း မရှိဘဲငြိမ်သက်စွာ ရပ်နေကြလေသည်။

ထို့ကြောင့်...

ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

အတန်ကြာမှ...

ဝမ်းဖုံးက စတင်လှုပ်ရှားလိုက်သည်။



ခြေနှစ်ဘက်ကို မြေတွင် အားယူ၍ အပေါ်သို့ ခုန်လိုက်ပြီးမြင်းလှည်းတံခါးအား ခြေစုံကန်ချလိုက်၏။

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ မြင်းလှည်းတံခါးမှာ ကျိုးကြေပျက်စီးသွားတော့သည်။

ယင်းအခိုက်...

သူ၏ဝဲယာလက်နှစ်ဖက်မှ အလင်းတန်းများ ထွက်ပေါ်လာ၏။

သူ၏ကျော်ကြားလှသော လက်နက်များမှာ ပျက်စီးနေသော မြင်းလှည်းတံခါးမှတစ်ဆင့် အတွင်းဘက်သို့ ပစ်လွှင့်သွားလေသည်။

ဝမ်းဖုံး လှုပ်ရှားလိုက်သည်နှင့် ပထမဦးဆုံး သတိဝင်လာသူမှာ ကျင်းကျင်း ဖြစ်၏။

သူမက ကျောတွင် လွယ်ပိုးထားသော ဓားရှည်ကို ဆွဲထုတ်လိုက်ပြီး ရှေ့သို့ ခုန်ထွက်လိုက်သည်။

တဆက်တည်းပင်...

မြင်းလှည်းပေါ်သို့ ခုန်တက်သွားလေ၏။

ထိုအခါမှ ကျင်းစန်း၊ လှေမင်းနှင့် ကျန်လူများ သတိဝင်လာကြပြီး ညာသံပေးကာ မြင်းလှည်းအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

* * *

မြင်းလှည်းမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

တံခါးပွင့်သွားသောအခါ အတွင်းဘက်၌ ကုန်ပစ္စည်းများ မပါရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေသည်ကို တွေ့လိုက်ကြရသည်။

သို့သော်...

မြင်းလှည်းအား လူတစ်ယောက် ကောင်းမွန်စွာ နေထိုင်နိုင်ရန် အိပ်ခန်းတစ်ခုအဖြစ် ဖန်တီးထား၏။

ကောက်ရိုးမွေ့ယာတစ်ချပ်၊ စောင်တစ်ထည်၊ ဖယောင်းတိုင် စသည့် လူ့အသုံးအဆောင် ပစ္စည်းများ ရှိနေလေသည်။

"ဟင်"

ဝမ်းဖုံး အကြီးအကျယ် အံ့သြသွား၏။

တစ်စုံတစ်ရာအား နားလည်သလို ရှိလာ၏။



ချက်ချင်းပင်...

"ဟေ့ မြင်းလှည်းတံခါးအားလုံး ရိုက်ချိုးဖွင့်လိုက်စမ်း"

ဟု အော်ဟစ်လိုက်၏။

ကျင်းစန်းကလည်း...

"ဟေ့ မြန်မြန်လုပ်ကြ"

ဟု လောဆော်လိုက်၏။

အမိန့်သံအဆုံး...

"ဝုန်း"

"ဒုန်း"

အာမခံအဖွဲ့သားများက မြင်းလှည်းအသီးသီး၏တံခါးများကို ရိုက်ချိုးဖျက်ဆီးလိုက်ကြ၏။

တံခါးပွင့်သွားသောအခါ ငွေသေတ္တာများ ဟူ၍ လုံးဝမတွေ့ရချေ။

ငွေသေတ္တာများအစား လူ့အသုံးအဆောင် ပစ္စည်းများကိုသာ တွေ့ရသည်။

သို့သော်...

အသုံးပြုသူ လူတစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

ဤမြင်းလှည်းများအတွင်း၌ လူတစ်စု တိတ်တဆိတ် လိုက်ပါလာကြခြင်းသာ ဖြစ်၏။

ဤသို့ဆိုပါလျှင်...

မြင်းလှည်းများအတွင်း တိတ်တဆိတ် လိုက်ပါလာကြသူများမှာ မည်သူများ ဖြစ်ကြပါသနည်း။

"တောက်"

ဝမ်းဖုံး ဒေါသတကြီး တက်ခေါက်လိုက်၏။

သူ၏မျက်နှာတစ်ခုလုံး ခက်ထန်တင်းမာနေသည်။

တုကုချင်းက သူ့အား တစ်ပတ်ရိုက်ခဲ့ကြောင်း ကောင်းစွာ သဘောပေါက်လာလေသည်။

တုကုချင်းထံတွင် မည်သို့သော အကြံအစည်များ ရှိနေပါသနည်း။

ဝမ်းဖုံးမှာ သူ၏ယူဆချက်များ ခိုင်မာလာပြီ ဖြစ်ကြောင်း ယုံကြည်လာ၏။

ရှေ့မည်သို့ ဆက်လုပ်ရမည်ကိုလည်း ကြိုတင်တွေးတော စဉ်းစားထားလိုက်လေတော့သည်။

* * *



## ပြေးသူနှင့် လိုက်သူ

မိုးစင်စင် လင်းလာပြီ ဖြစ်သည်။

ဝမ်းဖုံးတို့လူစုမှာ တည်းခိုခန်းထဲသို့ စုရုံးရောက်ရှိလာကြသည်။

သူတို့က မကြာသေးမီကပင် ဂရုပြု၍ စောင့်ရှောက်ခဲ့ကြသော မြင်းလှည်းများကို လုံးဝဂရုမစိုက်ကြတော့ချေ။

တည်းခိုခန်းအတွင်းသို့ ရောက်သည်နှင့် စားသောက်ခန်းမအတွင်းသို့ စုပြုံရောက်ရှိသွားကြ၏။

နံနက်စောစော အချိန်ဖြစ်၍ စားသောက်ခန်းမတွင် စားသောက်သူ နည်းပါးသေးသည်။

ဝမ်းဖုံးမှာ ဆိုင်လုလင်တစ်ယောက်အား လှမ်းခေါ်လိုက်ပြီး စားသောက်ဖွယ်ရာများနှင့် အရက်များ မှာကြားလိုက်၏။

ဆိုင်လုလင်များမှာ စုရုံးရောက်ရှိလာသော အာမခံဌာနသားများကို ကြည့်ယင်း ကြောင်အမ်းအမ်း ဖြစ်နေသည်။

အဘယ်ကြောင့်...

ယခုကဲ့သို့ နံနက်စောစောစီးစီး စုပြုံရောက်လာကြသည်ကိုလည်း စဉ်းစား၍ မရကြချေ။

မကြာမီ...

ဝမ်းဖုံးမှာကြားသမျှ စားသောက်ဖွယ်ရာများနှင့် အရက်များအား လာရောက်ချပေးလိုက်၏။

အာမခံဌာနသားများမှာလည်း ကိုယ်ကြိုက်နှစ်သက်ရာ မှာကြားစားသောက်နေကြသည်။

သူသည် ဆိုင်လုလင်တစ်ယောက်အား လှမ်းခေါ်လိုက်သည်။

ဆိုင်လုလင်က ပျာပျာသလဲဖြင့် ရောက်လာ၏။

ဆိုင်လုလင်က ဦးညွှတ်ယင်း...

"ဘာအလိုရှိပါလဲ အစ်ကိုလေး"

ဟု မေးလာသည်။

ဝမ်းဖုံးက...

"မင်းတို့ ဆိုင်ပိုင်ရှင် ဘယ်သွားလဲ"

ဟု မေးလိုက်သည်။

ဆိုင်လုလင် ခေါင်းတွင်တွင် ခါယမ်းကာ...

"ဆရာ မရှိဘူးဗျ"

ဝမ်းဖုံး မျက်မှောင်ကုပ်ကာ...

"ဘာလဲ အိပ်ရာမထသေးလို့လား"



ဆိုင်လုလင်က...

"မဟုတ်ပါဘူးဗျာ"

"ဒါဖြင့်"

ဆိုင်လုလင်က...

"ဆရာက မနက်စောစောကပဲ ခရီးထွက်သွားပါတယ်"

ဟု ပြောလိုက်သည်။

"ဟင်"

ဝမ်းဖုံး အံ့အားသင့်သွားသည်။

သူက လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး...

"ခရီးထွက်သွားတယ် ဟုတ်လား၊ သူ ဘယ်ကိုသွားလဲ"

ဟု မေးလိုက်သည်။

ဆိုင်လုလင် ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ မသိပါဘူးဗျာ၊ ဆရာက ခရီးသွားယင် ဘယ်သွားမယ် မပြောတတ်ဘူးဗျ"

"ဒုက္ခပဲ"

ဝမ်းဖုံး လွှတ်ခနဲ ညည်းညူလိုက်သည်။

ဆိုင်လုလင်က သူ့အား အကဲခတ်ကြည့်ကာ...

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်ဗျာ"

ဝမ်းဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဘာများလဲ"

အလောသုံးဆယ် မေးလိုက်၏။

ဆိုင်လုလင်က…

"ဆရာက ခရီးသွားတော့မယ်ဆိုယင် မြို့မြောက်ဘက်က ဘုံကျောင်းမှာ ဝတ်ပြုပြီးမှ သွားလေ့ရှိတယ်ဗျ။ ခင်ဗျားက အရေးကြီးတဲ့ကိစ္စ ပြောစရာရှိယင် မြန်မြန်သွားလိုက်ပါ မီနိုင်သေးတယ်ဗျ"

ဝမ်းဖုံး ဝမ်းသာသွားသည်။

"ကျေးဇူးမဲကွာ"

သူက ဆိုင်လုလင်အား ငွေတုံးလေးတစ်တုံး ပေးလိုက်၏။

ဆိုင်လုလင်က ဦးညွှတ်အရိုအသေ ပြုကာ ထွက်ခွာသွားလေသည်။

ဝမ်းဖုံးက ကျင်းစန်းအား ကြည့်လိုက်၏။

ကျင်းစန်းကလည်း သူ့အား ကြည့်နေ၏။

ဝမ်းဖုံးက…

"ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်သည်။

ကျင်းစန်း ပင့်သက်ရှိုက်လိုက်သည်။

သူက သမီးဖြစ်သူ ပြောပြချက်အရ အဖြစ်အပျက်များကို သိရှိထားပြီ ဖြစ်သည်။

ထို့ကြောင့်…

သူ၏အာမခံဌာနအမည်ကို အလွဲသုံးစားပြု၍ မတရားကျူးလွန်ခဲ့သူများအား ဖော်ထုတ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်၏။

ဝမ်းဖုံးက သူ၏အာမခံဌာနသို့ လာရောက်ငှားရမ်းစဉ်က အလွန်ထူးဆန်းသည်ဟု တွေးမိသည်။



သို့သော်…

သူ ပေးအပ်ခဲ့သော အခကြေးငွေမှာ လေးသိန်း ဖြစ်သောကြောင့် မက်မောလောက်စရာပင်။

အမှန်တွင်…

ကျင်းစန်းမှာ အသက်ကြီးလာပြီ ဖြစ်၍ အာမခံဌာနမှ လုံးဝအနားယူလိုပေသည်။

ငွေများများ ရနိုင်သည့် အလုပ်သုံးလေးခုမျှ လက်ခံပြီးနောက် အာမခံဌာနကို ဖျက်သိမ်းကာ အေးချမ်းသည့် နေရာရှာ၍ ဘဝကို ရိုးသားသိမ်မွေ့စွာ ဖာတ်မြှုပ်နေရန် ဆုံးဖြတ်ထား၏။

ထို့ကြောင့်…

ဝမ်းဖုံး လာရောက်ငှားရမ်းသောအခါ လက်လွှတ်မခံခဲ့ခြင်း ဖြစ်သည်။

ဤအချက်ကပင် သူ၏အမှားပင် ဖြစ်သည်။

ထိုအမှားကြောင့်ပင် သူ၏သား ကျင်းရှောင်မှာလည်း အသက်ဆုံးရှုံးခဲ့ရပြီ မဟုတ်ပါလား။

ကျင်းစန်းမှာ မြင်းလှည်းခုနစ်စီးအတွင်း လူသုံးဆယ်ထက်မနည်း တိတ်တဆိတ် လိုက်ပါခဲ့ရမည်ဟု ထင်မြင်ယူဆမိသည်။

ယင်းသို့ ပုန်းအောင်းလိုက်လာခဲ့သူများမှာ ယခုတော့ ပျောက်ချင်းမလှ ပျောက်ကွယ်သွားချေပြီ။

သူတို့ မည်သည့်နေရာသို့ ရောက်ရှိသွားကြပါသနည်း။

အကယ်၍…

ထိုလူများသည် ပင့်ကူနက်ဂိုဏ်းသားများ ဖြစ်ကြလျှင် မြေ

ခွေးနက်အဖွဲ့နှင့် ဆက်သွယ်မှု ရှိရပေမည်။

ထို့အပြင်...

မြေခွေးနက်အဖွဲ့နှင့် သူဌေးမင်းတည်းခိုခန်း ပိုင်ရှင်မှာလည်း ကျိန်းသေ အဆက်အသွယ် ရှိရပေမည်။

ထို့ကြောင့်...

ကျင်းစန်း ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ ကျုပ်တို့ အမြန်ဆုံး လိုက်သွားကြတာပေါ့"

ပြောယင်း လှေမင်းဘက် လှည့်ပြောလိုက်ပြန်သည်။

"လှေမင်း၊ မင်း သည်မှာ ကြည့်ပြီး ထိန်းထားလိုက်"

"စိတ်ချပါ ဆရာ"

ထိုအချိန်တွင်...

ဝမ်းဖုံးမှာ ရှေ့ဆုံးမှ ထွက်ခွာသွားပြီ ဖြစ်သည်။

သူ၏နောက်မှ ကျင်းစန်းနှင့် ကျင်းကျင်းတို့က ပြေးလွှားလိုက်ပါသွားကြလေတော့သည်။

* * *

သူဌေးမင်းတည်းခိုခန်းပိုင်ရှင်...

ထိုသူ၏အမည်မှာ 'ကြူးခုံး' ဖြစ်သည်။

ကြူးခုံးသည် မြို့၏မြောက်ဘက် ဘုံကျောင်းဆီသို့



လျှောက်လာခဲ့၏။

မကြာမီ...

ဘုံကျောင်းအတွင်းသို့ ရောက်လာသည်။

ကြူးခုံးက ဘုံကျောင်းအတွင်း ဝတ်ပြုပြီးသည်နှင့် ပြန်ထွက်လာခဲ့သည်။

ထို့နောက်...

အရှေ့ဘက်စူးစူးသို့ ထွက်သွားလေသည်။

သူ၏နောက်သို့ လူတစ်ယောက်သည် နောက်ယောင်ခံလိုက်ပါသွားသည်။

သို့သော်...

ဤသည်ကို ကြူးခုံးတစ်ယောက် မသိချေတကား။

နောက်ယောင်ခံလိုက်လာသူသည် မည်သူနည်း။

* * *

## ကိုယ်ရုံတော်နန်းကုန်းစု

မြို့၏မြောက်ဘက်စွန်းတွင် ဘုံကျောင်းငယ်တစ်ခု ရှိ၏။

ဝမ်းဖုံးမှာ နှစ်ကြိမ်တိုင်တိုင် ရောက်ခဲ့ဖူးသဖြင့် လမ်းကို ကောင်းစွာ ကျွမ်းကျင်နေပြီ ဖြစ်သည်။

ထို့ကြောင့်...

သူဌေးမင်းတည်းခိုခန်းမှ ထွက်လာပြီး တခဏ အကြာမှာပင် ဘုံကျောင်းသို့ ရောက်အောင် လာနိုင်ခဲ့၏။

ဘုံကျောင်းငယ်မှာ ထုံးစံအတိုင်း တိတ်ဆိတ်နေ၏။

ဝမ်းဖုံးက သတိကြီးစွာ ထားယင်း ကျောက်လှေကားထစ်များအတိုင်း အပေါ်သို့ ပြေးတက်သွားလေသည်။



ထို့နောက်...

ဘုံကျောင်းငယ်အတွင်း လူသူတစ်စုံတစ်ယောက်မျှ ရှိမနေပါချေ။

ဝမ်းဖုံးမှာ ချက်ချင်းပင် ဘုံကျောင်းအနောက်ဘက်မှ ထွက်လိုက်ပြီး တဲအိမ်ကလေး ရှိရာသို့ ပြေးသွား၏။

ကျင်းစန်းနှင့် ကျင်းကျင်းတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

ထို့နောက်...

ဘာမှ မပြောကြတော့ဘဲ ဝမ်းဖုံးနောက်သို့ ထပ်ကြပ်မကွာ လိုက်လာကြသည်။

တဲအိမ်ကလေးသို့ ရောက်သောအခါ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရချေ။

အိမ်တွင်း၌ ဖုန်များ တက်နေပြီး ပင့်ကူအိမ်များ ရှိနေ၏။

ထို့ကြောင့်...

လူသူ မနေခဲ့သည်မှာ ကြာမြင့်ခဲ့ဟန် ရှိပေသည်။

ဝမ်းဖုံးမှာ စိတ်ပျက်သွား၏။

တည်းခိုခန်းပိုင်ရှင် ကြူးခုံးမှာ ခြေရာပျောက်သွားခဲ့ပြီ မဟုတ်ပါလား။

ကျင်းစန်းတို့သားအဖမှာလည်း စကားမပြောနိုင်ကြချေ။

ဝမ်းဖုံးကို ကြည့်ကာ ငေးငိုင်နေကြလေသည်။

အတန်ကြာမှ...

ဝမ်းဖုံးက ကျင်းစန်းတို့ဘက် လှည့်ကာ...

"ကျုပ်တို့ သည်အတိုင်း နေလို့ မဖြစ်ဘူး၊ တည်းခိုခန်း ပြန်ပြီး အကျိုးအကြောင်း စုံစမ်းကြမှ ဖြစ်မယ်"

ဟု ပြောလိုက်သည်။

ကျင်းစန်း သဘောတူလိုက်၏။

"ကောင်းပြီလေ"

ထို့နောက်...

သူတို့သုံးယောက်မှာ ဘုံကျောင်းထဲမှ ပြန်လည် ထွက်ခွာခဲ့ကြသည်။

ဘုံကျောင်းတံခါးမှ အပြင်ဘက်သို့ လှမ်းထွက်မိသောအခါ ဝမ်းဖုံး၏ခြေလှမ်းမှာ ရုတ်တရက် ရပ်တန့်သွားလေသည်။

ကျင်းစန်းတို့လည်း ရပ်တန့်လိုက်ကြသည်။

အကြောင်းကား...

ကျောက်လှေကားထစ်အဆုံးတွင် လူတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

တိတိကျကျဆိုရသော် လေလွင့်အဘိုးအိုပင် ဖြစ်ပေသည်။

* * *



လေလွင့်အဖွဲ့...

သိုင်းလောကမှ ထူးခြားသော အဖွဲ့အစည်းတစ်ခု ဖြစ်၏။

နေရာအတည်တကျမရှိ။

ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာနေထိုင်ကြသူများ စုပေါင်းဖွဲ့စည်းထားသော အဖွဲ့တစ်ဖွဲ့ ဖြစ်၏။

လေလွင့်အဖွဲ့မှာ လူအင်အားများလှပြီး နေရာအနှံ့ အဖွဲ့ဝင်များ ရှိနေ၍ သိုင်းလောကမှ ထူးခြားသည့် သတင်းများကို ဦးဦးဖျားဖျား သိနေတတ်ကြပေသည်။

ဝမ်းဖုံးမှာ လေလွင့်အဘိုးအိုအား တွေ့သည်နှင့် ဝမ်းသာသွားသည်။

ယင်းလေလွင့်အဘိုးအိုသည် သူ တစ်ချိန်က ဘုံကျောင်းသို့ အလာတွင် တွေ့ခဲ့ရသူ မဟုတ်ပါလား။

ဝမ်းဖုံးက လှေကားရင်းသို့ ခပ်သွက်သွက် ပြေးဆင်းသွားသည်။

လေလွင့်အဘိုးအိုမှာ မလှုပ်မယှက် ထိုင်နေဆဲ ဖြစ်၏။

သူသည် လေလွင့်အဘိုးအိုအား တစ်ကိုယ်လုံး ခြုံ၍ အကဲခတ်ကြည့်လိုက်သည်။

ထို့နောက်...

သူက ပြုံးပြလိုက်ပြီး...

"ကျေးဇူးပြုပြီး အကူအညီ တစ်ခုလောက် ပေးပါလားဗျာ"

ဟု ပြောလိုက်သည်။

လေလွင့်အဘိုးအို ဆတ်ခနဲ ခေါင်းမော့လာသည်။

ဝမ်းဖုံးကို နားမလည်နိုင်စွာဖြင့် ကြည့်ယင်း...

"ကျုပ်လို လူစားမျိုးက မင်းကို ဘာများ အကူအညီ ပေးနိုင်မှာလဲ"

ဟု မေးလိုက်၏။

အဘိုးအို၏မျက်လုံးအစုံမှာ စူးရှတောက်ပြောင်နေပြီး သံမဏိစိတ်ဓာတ် ရှိသူဖြစ်သည့် မျက်နှာမျိုး ဖြစ်ကြောင်း တွေ့ရ၏။

အဘိုးအိုမှာ သာမန်လူတစ်ယောက် မဖြစ်နိုင်ကြောင်း ကျင်းစန်း ရိပ်စားမိလိုက်သည်။

ဝမ်းဖုံး သက်ပြင်းချလိုက်၏။

အဘိုးအိုအား တည်ကြည်လေးနက်သော မျက်နှာထားဖြင့်



ကြည့်ကာ...

"ကျုပ်ကလဲ ခင်ဗျား ပေးနိုင်လောက်တဲ့ အကူအညီမျိုးပဲ တောင်းမှာပါ"

ဟု ပြောလိုက်၏။

လေလွင့်အဘိုးအို မျက်မှောင်ကြုတ်သွား၏။

"မင်းနဲ့ ကျုပ် မသိဘဲ အကူအညီတောင်းတာ မလွန်ဘူးလား"

ဝမ်းဖုံး ပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားကို သိထားလို့ ခင်ဗျားဆီက အကူအညီ တောင်းနေရတာပါ"

ထိုစကားကြောင့် အဘိုးအိုမှာ မျက်နှာပျက်သွားလေ၏။

ထို့နောက်...

ဝမ်းဖုံးအား ကြည့်ကာ အေးစက်သော လေသံဖြင့်...

"မင်း အထင်လွဲနေပြီ၊ ကျုပ်လို အညတရတစ်ယောက်ဟာ မင်းနဲ့ ပတ်သက်စရာအကြောင်း မရှိပါဘူး"

ဟု ပြောလိုက်၏။

ဝမ်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ခင်ဗျားက အညတရတစ်ယောက်မှ မဟုတ်ဘဲ"

လေလွင့်အဘိုးအို သက်ပြင်းချလိုက်၏။

သူ၏မျက်နှာပေါ်တွင် ထူးခြားသည့် အရိပ်အယောင်များ ပေါ်ထွက်လာသည်။

သူက ဝမ်းဖုံးအား စိုက်ကြည့်ကာ...

"မင်း ဘယ်လို အကူအညီ လိုချင်သလဲ ပြောပါ"

ဟု မေးလိုက်သည်။

ဝမ်းဖုံး ဝမ်းသာသွားသည်။

လေလွင့်အဘိုးအိုအား ကြည့်ကာ...

"သည်ကနေ့ မနက် ကျုပ်တို့ထက် အရင် ဘုံကျောင်းကို လာတဲ့လူများ တွေ့မိသလား"

ဟု မေးလိုက်သည်။

လေလွင့်အဘိုးအို မျက်မှောင်ကြုတ်လိုက်သည်။

"ဘုံကျောင်းပဲ လူတိုင်း လာပြီး ဝတ်ပြုကြမှာပေါ့၊ မနက်စောစော လူတွေ ရောက်လာတတ်တာ မထူးဆန်းပါဘူး၊ ကျုပ် ဘယ်လိုလုပ် သတိထားမိမှာလဲ"

ဟု ပြောလာ၏။

ဝမ်းဖုံးက...

"သေသေချာချာ စဉ်းစားပါဦး၊ သည်ဘုံကျောင်းကို လာတဲ့လူက သိပ်မများပါဘူးဗျာ၊ တစ်ယောက်ချင်း မှတ်ထားလို့တောင်ရတယ်၊ ကျုပ် စိတ်ထင် ပြောရယင် သည်ကနေ့မနက် လူတစ်ယောက်ပဲ ရောက်လာလိမ့်ဦးမယ်"

အဘိုးအိုက တအံ့တသြဖြင့် သူ့အား ကြည့်လာသည်။

သို့သော်...

ဘာမျှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်။



ဝမ်းဖုံးက...

"အဲသည်လူ သွားတဲ့နေရာကို သိယင် ပြောပြပါလားဗျာ"

အဘိုးအိုက ဝမ်းဖုံးအား ကြည့်ကာ...

"မင်းအတွက် သိပ်အရေးကြီးသလား"

ဟု မေးလာသည်။

ဝမ်းဖုံးက ပြုံးလိုက်ပြီး...

"ကျုပ်တစ်ယောက်တည်းတင်မကဘူး၊ နယ်စားကြီးအတွက်ပါ အရေးကြီးတယ်ဗျ"

ဟု ပြောလိုက်သည်။

"ဟင်"

အဘိုးအို အံ့အားသင့်သွားသည်။

ဝမ်းဖုံးအား စေ့စေ့ကြည့်ကာ...

"နယ်စားကြီးအတွက် အရေးကြီးတယ် ဟုတ်လား"

ဟု မေးလိုက်သည်။

ဝမ်းဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ အထူးသဖြင့် ကိုယ်ရံတော်နန်းကုန်းစုအတွက် သေရေးရှင်ရေးတမျှ အရေးကြီးတယ်"

အဘိုးအို၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ဝမ်းဖုံးအား မျက်လုံးပြူးကြီးဖြင့် ကြည့်ကာ...

"ဘာ..ဘာပြောတယ်၊ မင်း သေသေချာချာ ပြောယင်ကောင်းမယ်"

ဟု အလောသုံးဆယ် မေးလိုက်၏။

ဝမ်းဖုံး ပြုံးလိုက်၏။

သူက ပြန်လည် စိုက်ကြည့်လိုက်ပြီး...

"ကျုပ်တို့က လူတစ်ယောက်ကို လိုက်ရှာနေကြတာ၊ အဲသည်လူဟာ လုယန်မြို့မှာ ဖြစ်ပွားခဲ့တဲ့ ပြစ်မှုကြီးကို သက်သေခံနိုင်အောင် ကြီးကျယ်တဲ့ လူတစ်ယောက်ပဲ၊ သူ့ကို လွှတ်ပေးလို့ မဖြစ်ဘူး"

"ဟာ"

ထိုစကားကြောင့် လေလွင့်အဘိုးအို၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားလေသည်။

ဝမ်းဖုံးအား အရောင်တလက်လက် တောက်ပနေသော မျက်လုံးများဖြင့် စိုက်ကြည့်ကာ...

"မင်း...မင်း တကယ် ပြောတာလား"

ဟု မေးလိုက်သည်။

သူ၏လေသံမှာ စိတ်လှုပ်ရှားမှုကြောင့် တုန်ခါနေပေသည်။

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"သိပ်သေချာတာပေါ့ဗျာ၊ သူဟာ သည်အမှုရဲ့ ပထမဆုံးသော သက်သေခံတစ်ယောက်ပဲ၊ သူ့ကိုမိယင် သည်အမှုဟာ ရှင်းလင်းသွားသလောက်ပဲ"

အဘိုးအို၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး...

"လာ ကျုပ် နောက်လိုက်ခဲ့ကြ"



ဟု ပြောလိုက်သည်။

ထို့နောက်...

ရှေ့မှ ခပ်သုတ်သုတ် ထွက်ခွာသွားသည်။

ဝမ်းဖုံး ပြုံးလိုက်သည်။

သူက ကျင်းစန်းတို့သားအဖအား မျက်ရိပ်ပြလိုက်လေ၏။

ယင်းနောက် လေလွင့်အဘိုးအိုနောက်သို့ သုံးယောက်စလုံး လိုက်ပါသွားကြလေတော့သည်။

* * *

လေလွင့်အဘိုးအို…

လေလွင့်အဘိုးအိုသည် ကြံ့ဝှာမြို့မှ လမ်းများအား ကျွမ်းကျင်ထားပုံရ၏။

သူတို့သည် လေလွင့်အဘိုးအို ခေါ်ဆောင်ရာ လမ်းကြိုလမ်းကြားများအား အသုံးပြုကာ ပြေးလွှားလာခဲ့ကြလေသည်။

သူတို့လေးဦးတွင် လေလွင့်အဘိုးအိုမှာ အတက်ကြွဆုံး ဖြစ်နေသည်ဟု ကျင်းကျင်း ထင်မိသည်။

အဘယ်ကြောင့် ထိုသို့ ဖြစ်ရမည်ကို သူမက စဉ်းစားမရချေ။

လေလွင့်အဘိုးအိုကား ဦးဆောင်ပြေးနေဆဲ။

မကြာမီ…



ခြံဝင်းတစ်ခုရှေ့သို့ ရောက်ရှိလာကြသည်။

ယင်းခြံဝင်းမှာ အုတ်တံတိုင်းများဖြင့် ကာရံထားပြီး အတွင်းဘက်၌ စံအိမ်တစ်လုံး ရှိ၏။

လေလွင့်အဘိုးအိုသည် ခြံဝင်းရှေ့အရောက်တွင် ခြေလှမ်းရပ်တန့်လိုက်သည်။

ထို့နောက်…

ဝမ်းဖုံးဘက်လှည့်ကာ…

"မင်းတို့ လိုက်ရှာနေတဲ့လူဟာ သူဌေးမင်းတည်းခိုခန်းပိုင်ရှင် ကြူးခုံး မဟုတ်လား"

ဟု မေးလိုက်သည်။

ဝမ်းဖုံး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

လေလွင့်အဘိုးအိုက ခြံဝင်းထဲသို့ ညွှန်ပြကာ…

"အေး သူ ခြံဝင်းထဲ ဝင်သွားတယ်"

ဟု ပြောလိုက်သည်။

ဝမ်းဖုံးက ဦးညွတ်ကာ…

"အခုလို တကူးတက လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောလိုက်၏။

အဘိုးအို လက်ကာပြလိုက်၏။

"ကိစ္စမရှိဘူး၊ မင်းတို့သာ သတိထားကြပါ"

"စိတ်ချပါဗျာ"

လေလွင့်အဘိုးအိုက နှုတ်ဆက်ကာ ထွက်သွား၏။

သူ၏ခန္ဓာကိုယ်မှာ တခဏချင်းပင် အဝေးသို့ ရောက်ရှိကာ ပျောက်ကွယ်သွားတော့၏။

"အတော်ကောင်းတဲ့ ကိုယ်ဖော့ပညာပဲ"

ကျင်းစန်းက လွတ်ခနဲ ချီးကျူးမိလိုက်၏။

ကျင်းကျင်းကလည်း...

"သည်လူဟာ သာမန်လူတစ်ယောက် မဖြစ်နိုင်ဘူး၊ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ပဲ ဖြစ်ရမယ်"

ဟု မှတ်ချက်ပြုလိုက်သည်။

ဝမ်းဖုံး ပြုံးလိုက်၏။

ကျင်းကျင်းအား ကြည့်ကာ...

"သူ့နာမည်ကိုသာ သိရယင် ညီမ သည်ထက် ပိုပြီး အံ့ဩသွားမယ်"

ကျင်းကျင်း မျက်မှောင်ကြုတ်သွားပြီး...

"သူ့ကို အစ်ကို ကောင်းကောင်း သိထားတယ်ပေါ့ ဟုတ်လား"

ဟု မေးလိုက်သည်။

ဝမ်းဖုံး ခေါင်းညိတ်လိုက်၏။

"အင်း သိတယ်"

ကျင်းကျင်းက...

"သူ ဘယ်သူလဲ"

ဟု မေးလိုက်သည်။



ဝမ်းဖုံးက တည်ကြည်သော မျက်နှာထားဖြင့်...

"သူဟာ နန်းကုန်းစုလို့ ခေါ်တယ်၊ အများကတော့ ကိုယ်ရဲ့တော် နန်းကုန်းစုလို့ ခေါ်ကြတယ်"

"ဟင်"

ထိုစကားကြောင့် ကျင်းကျင်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ကျင်းစန်းမှာလည်း အံ့ဩလွန်းမက အံ့ဩနေ၏။

ထို့နောက်...

မယုံကြည်နိုင်သော လေသံဖြင့်...

"ကိုယ်ရံတော် နန်းကုန်းစု ဟုတ်လား"

ဟု မေးလိုက်သည်။

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျင်းစန်း တွေဝေသွားသည်။

အတန်ကြာမှ...

သူက နားမလည်နိုင်သော လေသံဖြင့်...

"ဒါဖြင့် သူက ဘာကြောင့် လေလွင့်အဘိုးအိုအဖြစ် ဟန်ဆောင်နေရတာလဲ"

ဟု မေးလိုက်ပြန်သည်။

ဝမ်းဖုံး သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက်...

သူက တွေးတွေးဆဆဖြင့်...

"သခင်လေး ပျောက်ဆုံးမှုအတွက် လျှို့ဝှက်စုံစမ်းနေတာ ဖြစ်ပါလိမ့်မယ်"

ဟု ပြောလိုက်သည်။

ကျင်းစန်း၏မျက်နှာ ပြုံးရွှင်သွားသည်။

သူ၏ရင်ထဲတွင် အင်အားများ တိုးပွားလာသည်ဟု ခံစားလိုက်ရသည်။

နန်းကုန်းစုကဲ့သို့ မင်းမှုထမ်းတစ်ဦး၏အကူအညီရလျှင် ကြီးမားသော ရာဇဝတ်မှုတစ်ခုအား ကျိန်းသေ ဖော်ထုတ်နိုင်တော့မည် မဟုတ်ပါလား။

ထိုစဉ်...

ဝမ်းဖုံး၏စကားသံက သူ၏အတွေးများကို ဖြတ်တောက်ပစ်လိုက်သည်။

"ကဲ အချိန်ရှိတုန်း ကျုပ်တို့ ခြံဝင်းထဲ ဝင်ကြစို့"

ကျင်းစန်း သဘောတူလိုက်၏။

"ကောင်းပြီ"

ထို့နောက်...

သုံးယောက်သား ခြံဝင်းအုတ်တံတိုင်းအား ကျော်တက်၍ အတွင်းဘက်သို့ ထိုးဖောက်ဝင်ရောက်သွားကြလေတော့သည်။

* * *



## ထောင်ချောက်

မြေခွေး...

မြေခွေးကား ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်သည့် သတ္တဝါအဖြစ် လူတို့က တင်စားကြ၏။

မှန်ပေသည်။

မြေခွေးမှာ ခြသေ့်တို့ထက်ပင် ပါးနပ်လိမ္မာပြီး သားကောင်ဖမ်းရာတွင် ကျွမ်းကျင်ကြ၏။

အုပ်စုဖွဲ့ကာ ကျက်စားတတ်ပြီး ညအမှောင်ကို အကာအကွယ် ယူ၍ လှုပ်ရှားတတ်ကြပေသည်။

ထို့ကြောင့်...

မြေခွေးများ၏အန္တရာယ်ကို ကာကွယ်ရန် လွန်စွာ ခက်ခဲလှပေသည်။

အကယ်၍...

ညအမှောင်အောက်တွင် အနက်ရောင် မြေခွေးတစ်ကောင် ရှိနေသည် ဆိုပါဦး။

သင်က သူ့ရှေ့သို့ ရောက်လျှင်ပင် သူ့ကို သတိပြုမိမည် မဟုတ်ပါချေ။

ထိုအခါ...

အနက်ရောင်မြေခွေးက သင့်အား ချောင်းမြောင်းတိုက်ခိုက်ပေလိမ့်မည်။

ထိုကဲ့သို့...

သိုင်းလောကတွင် အနက်ရောင်မြေခွေးကဲ့သို့ ကောက်ကျစ်ယုတ်မာသည့် လူမျိုးများစွာ ရှိနေသည်ဟု ဆိုပါလျှင်...

* * *



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

ခြံဝင်းထဲတွင် အစောင့်အကြပ်ဟူ၍ လုံးဝမတွေ့ရချေ။

ဝမ်းဖုံး၊ ကျင်းကျင်းနှင့် ကျင်းစန်းတို့မှာ စံအိမ်ကြီးအနီးသို့ တိုးကပ်သွားကြသည်။

သူတို့က သတိကြီးစွာထား၍ ချဉ်းကပ်သွားကြခြင်း ဖြစ်ပေသည်။

မကြာမီ...

စံအိမ်အနီးသို့ ရောက်သွားကြ၏။

ကျင်းစန်းက ဝမ်းဖုံးအား ကြည့်လိုက်၏။

ထိုအခါ...

ဝမ်းဖုံးက ခေါင်းအသာ ဆတ်ပြလိုက်၏။

ယင်းနောက်...

စံအိမ်အတွင်းဘက်သို့ ခုန်ဝင်လိုက်ကြသည်။

ကျင်းစန်းနှင့် ကျင်းကျင်းတို့လည်း တုံ့နှေးမနေကြပါ။

ဝမ်းဖုံးနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ခုန်ဝင်လိုက်ကြသည်။

အတွင်းဘက်သို့ ရောက်သော် အိမ်ကြီးအတွင်း ထူးခြားစွာ တိတ်ဆိတ်နေသည်ကို သတိထားမိလိုက်ကြ၏။

အိမ်ကြီးအတွင်း၌ လူသူတစ်ဦးတစ်ယောက်မျှ ရှိမနေပါ ချေ။

"ဟင်"

ဝမ်းဖုံး အံ့သြသွား၏။

ကျင်းစန်း မျက်မှောင်ကြုတ်သွားပြီး...

"ဘယ်လိုဖြစ်တာလဲ၊ တစ်ယောက်မှလဲ မရှိပါလား"

ဟု လွှတ်ခနဲ ရေရွတ်လိုက်သည်။

"ဟုတ်တယ်၊ အဖိုးတန် ပရိဘောဂတွေ ရှိနေလျက်နဲ့ လူ မတွေ့ရတာ အံ့သြစရာပဲ"

ဝမ်းဖုံး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

သူက စကားတစ်လုံးမျှ မပြောချေ။

ရှိနေသော အခန်းကိုသာ စူးစူးစိုက်စိုက်ကြည့်ကာ အကဲခတ် ကြည့်နေ၏။

အခန်းမှာ ဧည့်ခန်း ဖြစ်နိုင်ပြီး တန်ဖိုးရှိသော အိမ်ထောင် ပရိဘောဂများ ရှိနေ၏။

သူတို့ ရောက်မလာမီ အချိန်ထိ အသုံးပြု နေထိုင်ခဲ့ကြောင်း အထောက်အထားများ တွေ့ရ၏။

အခန်းအလယ်ရှိ စားပွဲပေါ်၌ အရက်ခွက်များ ရှိနေခြင်းပင်



ဖြစ်၏။

ထို့ကြောင့်...

အိမ်ကြီးအတွင်း ရှိနေခဲ့သူများမှာ သူတို့ ရောက်လာမှ တိတ်တဆိတ် ရှောင်ခွာသွားခြင်းဖြစ်ကြောင်း သိသာနိုင်၏။

ဤသို့ဆိုပါလျှင်...

မည်သည့်နေရာသို့ ရှောင်ခွာသွားကြပါသနည်း။

ဝမ်းဖုံး အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်လိုက်၏။

သူသည် ဟိုအရင်က နန်းကုန်းစုအား သုံးလေးကြိမ်ထက်မနည်း မြင်တွေ့ခဲ့ဖူး၏။

ထို့ကြောင့်...

ဘုံကျောင်းငယ်တွင် လေလွင့်အဘိုးအိုအား တွေ့ရစဉ် ထူးထူးခြားခြား လူတစ်ယောက်နှင့် တူနေသည်ဟု သတိထားလိုက်မိ၏။

ထို့ကြောင့်...

နောက်တစ်ကြိမ် သွား၍ ရှာဖွေခဲ့ခြင်း ဖြစ်သည်။

သို့သော်...

လေလွင့်အဘိုးအိုအား မတွေ့ရတော့ချေ။

ယနေ့မှ...

လေလွင့်အဘိုးအိုနှင့် ဒုတိယအကြိမ်အဖြစ် ပြန်လည် ဆုံတွေ့ခဲ့ခြင်းဖြစ်၏။

ထိုအခါ...

ဝမ်းဖုံးက သတိထား၍ သေသေချာချာ အကဲခတ် ကြည့်ရှုလိုက်သည်။

မှန်ပေသည်။

သူ ထင်သည့်အတိုင်း မလွဲချေ။

နန်းကုန်းစုမှ နန်းကုန်းစုပေတကား။

ဝမ်းဖုံး သက်ပြင်းချလိုက်၏။

နန်းကုန်းစုမှာ သူ့အား လိမ်ညာ၍ ထောင်ချောက်အတွင်းသို့ ပို့မည် မဟုတ်ချေ။

သူတို့အား ထောင်ချောက်ဆင်နေကြသူများမှာ ဤအိမ်ကြီးအတွင်းရှိ လူများ ဖြစ်ရပေမည်။

သူတို့ ဝင်ရောက်လာသောအခါ ခြံဝင်းတစ်ခုလုံး လူရိပ်လူယောင်ကိုသော်လည်းကောင်း၊ လှုပ်ရှားမှုဟူ၍လည်းကောင်း လုံးဝမတွေ့ရတော့သည်ကို ဝမ်းဖုံး အမှတ်ရလာ၏။

ထို့ကြောင့်...

ဤအိမ်အတွင်း ရှိနေကြသူများမှာ ထွက်ပြေးသွားခြင်း မဖြစ်နိုင်ချေ။

အိမ်အတွင်း တစ်နေရာ၌ ပုန်းအောင်းနေကြခြင်းသာ ဖြစ်မည်ဟု ဝမ်းဖုံး တွက်ဆလိုက်သည်။

မှန်ပေသည်။

ဤအိမ်မှာ လူတစ်စု ပုန်းအောင်းနေနိုင်လောက်အောင်ပင် အခန်းများစွာ ရှိပြီး အလွန်ပင် ကျယ်ဝန်းလှသည်ဟု ဆိုနိုင်ပေသည်။

ကျင်းစန်းက ဟိုဟိုသည်သည် အကဲခတ် ကြည့်လိုက်သည်။

ထို့နောက်...

တွေဝေနေသော ဝမ်းဖုံးကို ကြည့်ကာ...



"မင်း ဘယ်လို သဘောရသလဲ"

ဟု မေးလိုက်သည်။

ဝမ်းဖုံးက ပတ်ဝန်းကျင်အား အကဲခတ်ကြည့်နေယင်းမှ...

"သည်အိမ်ထဲက လူတွေ မြန်မြန်ဆန်ဆန် ထွက်ပြေးသွားနိုင်မှာတော့ မဟုတ်ဘူး၊ တစ်နေရာရာမှာ ပုန်းအောင်းနေကြတာ ထင်တယ်"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် ကျင်းစန်းနှင့် ကျင်းကျင်းတို့ စိတ်ဓာတ်တက်ကြွလာကြသည်။

ကျင်းစန်းက ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ကာ...

"သည်အိမ်ကြီးက အကျယ်ကြီးပဲ၊ အခန်းတွေကလည်းများတော့ ကျုပ်တို့ လူစုခွဲပြီး လိုက်ရှာရမယ် ထင်တယ်"

ဟု ပြောလာသည်။

ဝမ်းဖုံးက သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်လေ၏။

သူက ခေါင်းတစ်ချက်ညိတ်ကာ...

"လူစုခွဲပြီးတော့ ရှာရမှာပဲ၊ ဒါပေမယ့် အန္တရာယ်များလွန်းတယ်ဆိုတာ မေ့လို့မဖြစ်ဘူး"

ဟု သတိပေးလိုက်၏။

ကျင်းကျင်း အံတင်းတင်းကြိတ်လိုက်သည်။

"ဘယ်လိုအန္တရာယ်မျိုးမဆို ကျွန်မ ရင်ဆိုင်ဝံ့တယ်၊ ကျွန်မအစ်ကိုအတွက် မတရားမှုကို တွန်းလှန်ပစ်မှာပဲ"

သူမက နိုင်မာပြတ်သားသော လေသံဖြင့် ပြောလာခြင်း

ဖြစ်သည်။

ကျင်းစန်းမှာ စောဒက မတက်ချေ။

သမီးဖြစ်သူ၏အကြောင်းကို ကောင်းကောင်း နားလည်ထား၏။

ကျင်းကျင်းမှာ မည်သည့်အရာမဆို တိကျပြတ်သားစွာ ရင်ဆိုင်ဝံ့သူ ဖြစ်လေသည်။

ဝမ်းဖုံးက ကျင်းကျင်းအား တစ်ချက် ကြည့်လိုက်လေသည်။

သူက ကျင်းကျင်းအား စိတ်မချနိုင်ချေ။

သို့သော်...

သူ့အနေဖြင့် မည်သို့မျှ မတတ်နိုင်ချေ။

ရန်သူ လွတ်သွားမည်ကိုသာ စိုးရိမ်နေ၏။

ထို့အပြင်...

ကြောက်မက်ဖွယ်ရာကောင်းသော ရန်သူနှင့် ရင်ဆိုင်ရပါက ကျင်းကျင်း သူ့အနီးတွင် ရှိမနေပါက ပိုကောင်းမည်ဟု ယူဆထားသည်။

သို့မှသာ...

သံယောဇဉ် အနှောင်အဖွဲ့ ကင်းမဲ့စွာဖြင့် ရန်သူကို ပြတ်ပြတ်သားသား ရင်ဆိုင်နိုင်မည် ဖြစ်လေသည်။

ထိုစဉ်...

ကျင်းကျင်း၏စကားသံ ထွက်ပေါ်လာလေသည်။

"ကျွန်မ အပေါ်ထပ်ကို တာဝန်ယူမယ်"

တဆက်တည်းပင်...



ကျင်းစန်းက ပြောလာသည်။

"ကျုပ်က ခြံဝင်းထဲ လိုက်ရှာမယ်"

ဤသို့ဆိုလျှင်...

ဝမ်းဖုံးက အောက်ထပ်သို့ ရှာရန် တာဝန်ယူရတော့မည်။

သူက သက်ပြင်းတစ်ချက်ချကာ...

"ကောင်းပြီ၊ ကျုပ်တို့အားလုံး သတိထားပြီး လိုက်ရှာကြတာပေါ့၊ အန္တရာယ်နဲ့ တွေ့ယင် အော်ပြီး အချက်ပေးလိုက်ပါ၊ အသံကြားတဲ့လူက ချက်ချင်းလာပြီး အကူအညီ ပေးရမယ်"

ကျင်းစန်း ခေါင်းညိတ်လိုက်၏။

"ကျုပ်အတွက် စိတ်ချ"

စကားဆုံးသည်နှင့် အိမ်အပြင်ဘက်သို့ ပြေးထွက်သွား၏။

ထိုအခါ...

ဝမ်းဖုံးနှင့် ကျင်းကျင်းတို့နှစ်ယောက်သာ ကျန်ရစ်ခဲ့လေ၏။

ဝမ်းဖုံးက ကျင်းကျင်းအား ကြည့်ကာ...

"ညီမ သတိထားသွားနော်"

ဟု သတိပေးစကား ပြောလိုက်၏။

ကျင်းကျင်း ပြုံးပြလိုက်၏။

"ညီမအတွက် စိတ်ချပါရှင်"

သူမက ပြောပြောဆိုဆို...

"ချွမ်း"

ကျောမှ ဓားကို ဆွဲထုတ်လိုက်၏။

ထို့နောက်...

အပေါ်ထပ်သို့ တက်ရာ လှေကားထစ်များအတိုင်း တစ်လှမ်းချင်း သတိဖြင့် တက်သွားလေ၏။ မကြာမီ...

အပေါ်ထပ် ရောက်သွားကာ မြင်ကွင်းမှ ကွယ်ပျောက်သွား၏။

အောက်ထပ်တွင်မူ ဝမ်းဖုံးတစ်ယောက်ထဲသာ ကျန်ရစ်ခဲ့လေတော့သည်။

* * *



စံအိမ်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေပေသည်။

ကျင်းစန်းနှင့် ကျင်းကျင်းတို့မှာ ရန်သူကို လိုက်လံရှာဖွေနေကြပြီ ဖြစ်သည်။

ဝမ်းဖုံးမှာ နေရာတွင် မလှုပ်မယှက် ရပ်နေ၏။

အမှန်တွင်...

ရန်သူအား မည်သို့ ရှာဖွေရမည်ကို စဉ်းစားနေခြင်း ဖြစ်၏။

သို့သော်...

မည်သို့မျှ စဉ်းစားမရချေ။

မတတ်သာသည့်အဆုံး တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့်...

သူနှင့် အနီးဆုံး အခန်းတစ်ခုထဲသို့ တံခါးဖွင့်ကာ လှမ်းဝင်လိုက်သည်။

အကယ်၍...

ရန်သူက သူ့အား ထောင်ချောက်ဆင်မည်ဆိုပါက ငါးတစ်ကောင်အား ရေနှစ်သတ်သကဲ့သို့ပင် ရှိချေမည်။

"ကျွီ"

အခန်းတံခါး ပွင့်သွားသည်။

ဝမ်းဖုံး သတိကြီးစွာထား၍ ဝင်လာခဲ့သည်။

အခန်းမှာ သန့်ရှင်းသပ်ရပ်သော အခန်း ဖြစ်၏။

ကုတင်တစ်လုံးသာ ရှိလေသည်။

ဤအခန်းမှာ တစ်ခါတစ်လေမျှသာ အပန်းဖြေ အနားယူသည့်အခါ အသုံးပြုပုံရ၏။

ဝမ်းဖုံးက အခန်းတွင်းသို့ လှည့်ပတ်ကြည့်ရှုလိုက်လေ၏။

သို့သော်...

မသင်္ကာဖွယ် ဟူ၍ စိုးစဉ်းမျှ မတွေ့ရချေ။

ဝမ်းဖုံး သက်ပြင်းချလိုက်၏။

"ရန်သူက သည်အိမ်ကြီးထဲမှာ ရှိနေတာ သေချာတယ်၊ သူတို့ ဘယ်ရောက်နေသလဲ"

သူက စိတ်ထဲမှ တွေးလိုက်မိသည်။

ထို့နောက်...

အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

အခန်းအပြင်သို့ ရောက်လာသည်နှင့်...

ရုတ်တရက်...

"ဝှစ်"



လေတိုးသံတစ်ချက်နှင့်အတူ အလင်းတန်းတစ်ခုက သူ့ထံ တိုးဝင်လာသည်ကို တွေ့လိုက်ရ၏။

"ဟင်"

ဝမ်းဖုံး ရင်ထိတ်သွား၏။

ရှည်ခြည်းပင် ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်တိမ်းပေးလိုက်သည်။

"ဒုတ်"

ပစ်လွှင့်လာသော အရာဝတ္ထုမှာ တံခါးဘောင်တွင် စိုက်ဝင်သွား၏။

ဝမ်းဖုံးက လှမ်းကြည့်လိုက်၏။

ထိုအခါ...

လှံတိုတစ်လက်ဖြစ်ကြောင်း တွေ့မြင်လိုက်ရသည်။

သူ လိုက်ရှာနေသော ရန်သူများသည် သူ့အား ထိပ်တိုက်ရင်ဆိုင်လာချေပြီ။

ဝမ်းဖုံး ပြုံးလိုက်၏။

ရန်သူများက သူတို့အား လူစုခွဲသွားစေရန် ကြံစည်ကာ ခြေရာဖျောက်ခဲ့ကြခြင်းဟု နားလည်မိလိုက်သည်။

ယခု...

သူ့အား အနက်ရောင်ဝတ်ဆင်ထားသူ ဆယ်ယောက်ခန့်က ဝိုင်းရံထားကြပေသည်။

ဝမ်းဖုံးက တိုက်ခိုက်ရန် အသင့်ဖြစ်စေအောင် အကြောများ ဖြေလျှော့ထားလိုက်၏။

ထိုစဉ်မှာပင်...

"ဝုန်း"

"အား"

အပေါ်ထပ်ဆီမှ ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျင်းကျင်းသည် ရန်သူနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း နားလည်လိုက်သည်။

ထိုစဉ်မှာပင်...

"ယား"

ဝတ်စုံနက်များက ညာသံပေးကာ ပြေးဝင်တိုက်ခိုက်လာကြသည်။

ဝမ်းဖုံး မဲ့ပြုံးပြုံးလိုက်၏။

ယင်းနောက်...

လက်နှစ်ဖက်အား ခပ်သွက်သွက် ဝှေ့ယမ်းလိုက်လျှင်...

"ဝှစ်...ဝှစ်...ဝှစ်"

ဝင်းလက်သော အလင်းရောင်တန်းများ ဖြာထွက်သွား၏။

မရှေးမနှောင်းတွင်...

"ဝုန်း"

"အား"

အနက်ရောင်ဝတ်ဆင်ထားသူလေးယောက်မှာ ကြမ်းပြင်ပေါ် လဲကျသွားသည်။

ကျန်လူများသည် ထိတ်လန့်သွားရမည့်အစား ဒေါသ



ခြောင်းခြောင်း ထွက်သွားကြသည်။

"ယား"

"သေပေတော့"

အော်ငေါက်ကာ တရကြမ်း ပြေးဝင်တိုက်ခိုက်လာကြသည်။

သူတို့၏ဓားချက်များက ပြင်းထန်စွာ ကျရောက်လာလေသည်။

ဝမ်းဖုံး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

သူက စိတ်ကို တည်ငြိမ်အောင် စုစည်းထားလိုက်သည်။

ထို့နောက်...

အနီးသို့ ဦးစွာ ရောက်လာသော ဝတ်စုံနက်၏ဓားကိုင်လက်အား ဖမ်းဆွဲကာ ဓားကို လုယူလိုက်သည်။

တဆက်တည်းပင် ခြေထောက်တစ်ချက် ကန်ထုတ်လိုက်၏။

"ဝုန်း"

ဝတ်စုံနက်မှာ အခန်းထောင့်သို့ လွင့်စဉ်သွားသည်။

ဝမ်းဖုံးက ကိုယ်ပေါ် ကျရောက်လာသည့် ဓားချက်များအား လုယူထားသည့် ဓားဖြင့် ခံပေးလိုက်၏။

"ချွမ်း"

ကျယ်လောင်သော အသံတစ်ခု ထွက်ပေါ်လာ၏။

ဝတ်စုံနက်ခြောက်ယောက်မှာ ဓားကိုင်လက်များ ထုံကျဉ်သွားသည်။

သူတို့က ဓားမလွတ်ကျစေရန် ထိန်းယင်း နောက်ဆုတ်

လိုက်ကြ၏။

ယင်းခဏမှာပင်...

ဝမ်းဖုံး၏လက်ထဲမှ ဓားက အရောင်တောက်ပသွား၏။

"ဝုန်း"

"အား"

"အွန့်"

ဝတ်စုံနက်လေးယောက်မှာ စူးရှစွာ အော်ဟစ်ယင်း လဲကျသွားသည်။

"ဟင်"

"ဟာ"

ကျန်ဝတ်စုံနက်နှစ်ယောက် မျက်လုံးပြူးသွား၏။

ဝမ်းဖုံးကိုလည်း အထိတ်တလန့်ဖြင့် ကြည့်မိလိုက်ကြ၏။

ဝမ်းဖုံးက ရှေ့သို့ ရုတ်ခြည်းတိုးယင်း...

"သွားစမ်း"

အော်ငေါက်ကာ ကန်ထုတ်လိုက်လျှင်...

"ဝုန်း"

ဝတ်စုံနက်နှစ်ယောက်မှာ လူတစ်ခြား ဓားတစ်ခြားဖြင့် လွင့်စဉ်သွားတော့သည်။

ဝမ်းဖုံးက ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်၏။

ယင်းအချိန်မှာပင်...

"အမယ်လေး"

အပေါ်ထပ်ဆီမှ စူးရှသော အော်ဟစ်သံတစ်ချက် ထွက်



ပေါ်လာသည်။

"ဟင်"

ဝမ်းဖုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ကျင်းကျင်း အန္တရာယ် တွေ့နေပြီဖြစ်ကြောင်း ချက်ချင်းရိပ်မိလိုက်သည်။

ထို့ကြောင့်...

သူက ချက်ချင်းပင် အပေါ်ထပ်သို့ ပြေးတက်လာခဲ့လေတော့သည်။

* * *

ကျင်းကျင်းမှာ အပေါ်ထပ်သို့ ရောက်သည်နှင့် လူတစ်စု၏အလစ်ဝင်ရောက် တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။

သို့သော်...

သူမက သတိကြီးစွာ ထားခဲ့ခြင်းကြောင့် ချက်ချင်းပင် ပြန်လည်တိုက်ခိုက်လာနိုင်ခဲ့၏။

"ဝုန်း"

"အား"

သူမ၏ဓားချက်ကြောင့် ဝတ်စုံနက်သုံးယောက် လဲကျသွား၏။

ဝတ်စုံနက်လူစုမှာ ရှစ်ယောက်ခန့် ရှိသည်။

သုံးယောက် လဲကျသွားသည်နှင့် ကျန်ငါးယောက် ဒေါသထွက်သွားကြ၏။



"ယား"

"သေပေတော့"

အော်ငေါက်ကာ ဝိုင်းရံတိုက်ခိုက်လာကြသည်။

ကျင်းကျင်း၏သိုင်းပညာ မခေလှပါ။

ထို့ကြောင့်...

ဝတ်စုံနက်များမှာ လူငါးယောက် ဖြစ်သော်လည်း အနိုင်မရချေ။

ကျင်းကျင်း၏သွက်လက်သော ဓားချက်အောက်တွင်သာ ဖရိုဖရဲ ဖြစ်သွားကြသည်။

"ဝုန်း"

"အား"

ဝတ်စုံနက်နှစ်ယောက်မှာ လဲကျသွား၏။

ကျန်သုံးယောက်မှာလည်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကြ၏။

ကျင်းကျင်းက အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်...

"ဟူး"

လေတိုးသံနှင့်အတူ လူရိပ်တစ်ခုသည် သူမ အနီးသို့ ရုတ်ခြည်း ပြေးဝင်လာသည်။

ကျင်းကျင်း ရင်ထိတ်သွားသည်။

သူမက တိုးဝင်လာသူထံ ဓားဖြင့် ထိုးသွင်းလိုက်သည်။

သူမ၏လှုပ်ရှားမှုမှာ လျှပ်ပြက်သကဲ့သို့ လျင်မြန်လွန်းလှပေသည်။

သို့သော်...

ထိုလူက ဓားကိုင်လက်အား ဖမ်းဆွဲကုတ်ဆွဲချလိုက်လျှင်...

"အမယ်လေး"

ကျင်းကျင်း အထိတ်တလန့် အော်ကာ နောက်ဆုတ်သွားရ၏။

သူမ၏ဓားမှာ ထိုလူ၏လက်ထဲတွင် ကျန်ရစ်ခဲ့သည်။

ထို့အပြင်...

သူမ၏လက်မှာလည်း ထိုလူ၏ကုတ်ဆွဲမှုကြောင့် ဒဏ်ရာရရှိသွားပေသည်။

ကျင်းကျင်း အထိတ်တလန့် ဖြစ်သွား၏။

ဝင်ရောက်တိုက်ခိုက်လာသူကိုလည်း မျက်လုံးအပြူးသားဖြင့် ကြည့်လိုက်မိသည်။

ဝင်ရောက်တိုက်ခိုက်လာသူမှာ အဖြူရောင်ဝတ်ဆင်ထားသူတစ်ယောက် ဖြစ်သည်။

မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြင့် သွေးရောင်ကင်းမဲ့နေသည်။

ထိုလူ၏ခန္ဓာကိုယ်မှ အေးစိမ့်သော အငွေ့အသက်များထွက်ပေါ်နေသည်ဟု ကျင်းကျင်း ခံစားမိလိုက်လေသည်။

အဘယ်ကြောင့်မှန်းမသိ သူမ၏ရင်ထဲတွင် ကြောက်ရွံ့တုန်လှုပ်သော စိတ်များ ဖြစ်ပေါ်လာလေသည်။

* * *



## မျက်နှာတစ်ထောင်တစ္ဆေအဖွဲ့

ထိုလူက လက်ထဲမှ ဓားအား ဝှေ့ယမ်းကစားနေ၏။

ကျင်းကျင်းက...

"ရှင် ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ထိုလူ၏သိုင်းပညာမှာ ကြောက်မက်ဖွယ်ကောင်းကြောင်း သူမ နားလည်လိုက်ပြီး ဖြစ်သည်။

ထိုလူက အေးစက်သော လေသံဖြင့်...

"ကျုပ် ဘယ်သူလဲဆိုတာ မင်း သိစရာ မလိုဘူး၊ မင်း သိ

ထားဖို့က အေးအေးဆေးဆေး အဖမ်းခံဖို့ပဲ"

ဟု ပြောလာ၏။

ထိုလူ၏စကားကြောင့် ကျင်းကျင်း ခံပြင်းသွားသည်။

သူမက နှာခေါင်းတစ်ချက်ရှုံ့ယင်း...

"ကျွန်မကို အလွယ်တကူ ဖမ်းဆီးလို့ ရမယ်ထင်ယင် မှားသွားမှာပေါ့"

သူမက ပြောပြောဆိုဆို ပြေးဝင်တိုက်ခိုက်လိုက်၏။

ထိုလူ မဲ့ပြုံးပြုံးလိုက်သည်။

"မင်း ဘာတတ်နိုင်မှာလဲ"

ပြောယင်း လက်တစ်ဖက် ဝှေ့ယမ်းလိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလျှင်...

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး ကျင်းကျင်းမှာ နောက်သို့ ငါးလှမ်းမျှ ဆုတ်သွားရလေသည်။

သူမ မျက်စိမျက်နှာ ပျက်သွား၏။

ထိုလူက...

"မင်း ဘာတတ်နိုင်သေးလဲ"

ကျင်းကျင်းက...

"အစ်ကိုဝမ်းဖုံး ရောက်လာယင် ရှင် သက်သာမှာ မဟုတ်ဘူး"

ထိုလူ နှာခေါင်းရှုံ့လိုက်၏။

"ကျုပ်က ဝမ်းဖုံးကို ဂရုစိုက်ရမှာလား"



သူက ကျင်းကျင်းအား စေ့စေ့ကြည့်ကာ...

"ကျုပ်က မင်းကို ဖမ်းချုပ်ထားယင် သူ ဘာတတ်နိုင်မှာလဲ"

စကားဆုံးလျှင် ကျင်းကျင်း အနီးသို့ ချဉ်းကပ်သွား၏။

"ရှင်...ရှင်"

ကျင်းကျင်းက နောက်ဆုတ်သွား၏။

ထိုအခါ...

သူမနောက်တွင် ရပ်နေသော ဝတ်စုံနက်သုံးယောက်က ရှေ့တိုးကာ ဖမ်းဆီးရန် ပြင်လာကြ၏။

ကျင်းကျင်းမှာ ဘေးကျပ်နံကျပ် ဖြစ်သွား၏။

ထိုအခိုက်မှာပင်...

"ဝုန်း"

"အား"

"အွန့်"

သူမနောက်မှ ဝတ်စုံသုံးယောက်မှာ ကြမ်းပြင်ပေါ် ဒူးရှစွာ အော်ဟစ်ကာ လ[illegible]သွား၏။

ကျင်းက[illegible] ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူမက အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ...

ဝတ်စုံနက်သုံးဦးစလုံး၏လည်ပင်းတွင် သံရူးကလေးများ စိုက်ဝင်နေသည်ကို တွေ့လိုက်ရသည်။

ကျင်းကျင်း ဝမ်းသာသွားသည်။

သူမက သံစူးပစ်လှွင့်ရာဘက်သို့ ဂုဗျာကယာ လှမ်းကြည့်လိုက်သည်။

ထိုအခါ…

လူတစ်ယောက် သူမ၏အနီးသို့ လျှောက်လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။

ထိုသူကား…

သံစူးဝမ်းဖုံးပင် ဖြစ်လေသည်။

* * *

ဝမ်းဖုံး ရောက်ရှိလာပြီ ဖြစ်သည်။

"အစ်ကို"

ကျင်းကျင်းက ဝမ်းသာအားရ ခေါ်[illegible]၏။

ဝမ်းဖုံးက ပြုံးပြယင်း…

"ညီမ ဘာမှ မဖြစ်ဘူးနော်"

ကျင်းကျင်း ခေါင်းခါယမ်းလိုက်၏။

"ဘာမှ မဖြစ်ပါဘူးရှင်"

ဝမ်းဖုံးက အဖြူရောင်ဝတ်စုံနှင့်လူဘက် လှည့်လိုက်၏။

ထို့နောက်…

တအံ့တဩ လေသံဖြင့်…



"ကွေထင်း၊ ခင်ဗျားတို့ မျက်နှာတစ်ထောင်တစ္ဆေအဖွဲ့က သည်ကိစ္စထဲ ဘာကြောင့် ဝင်ပါချင်ရတာလဲ"

ဟု မေးလိုက်၏။

ကွေထင်းဆိုသူက…

"ငါတို့ဟာ ကိုယ့်အဖွဲ့နဲ့ကိုယ် လှုပ်ရှားတယ်၊ သူများနဲ့ မပူးပေါင်းဘူး၊ သူများ ဩဇာမခံဘူးဆိုတာ မင်း သိထားတယ် မဟုတ်လား"

ဝမ်းဖုံး ခေါင်းလိုက်၏။

"ဟုတ်တယ်လေ"

ကွေထင်းက…

"အေး အချိန်အခါအလိုက် အခြေအနေဆိုတာ ပြောင်းလဲတတ်စမြဲပါ၊ ဒါကြောင့် ငါတို့လဲ သည်ကိစ္စထဲ ဝင်ပါလာရတာပေါ့"

ဝမ်းဖုံးက…

"ခင်ဗျားတို့ကို ပင့်ကူနက်အဖွဲ့က စည်းရုံးလိုက်နိုင်တာကိုး"

ကွေထင်း ခေါင်းခါယမ်းလိုက်၏။

"မျက်နှာတစ်ထောင်တစ္ဆေအဖွဲ့ဆိုတာ ဘယ်လိုလူစားမျိုးတွေဆိုတာ မင်း သိပါတယ်၊ ငါတို့ကို ဘယ်သူကမှ စည်းရုံးလို့ မရဘူး"

"ဒါဖြင့်"

ကွေထင်းက ပြုံးယင်း…

"ပင့်ကူနက်ဂိုဏ်းက အကျိုးတူ ပူးပေါင်းဖို့ ကမ်းလှမ်းလာတာ၊ ငါတို့က သဘောတူလိုက်လို့ မဟာမိတ်ဖွဲ့ခဲ့တာပဲ"

ဟု ပြောလာ၏။

ဝမ်းဖုံး၏ရင်ထဲ တစ်စထက်တစ်စ လေးလံလာသည်။

မျက်နှာတစ်ထောင်တစ္ဆေအဖွဲ့...

ထိုအဖွဲ့သည် မြောင်နယ်ခြားဒေသတွင် အလွန်ကြောက်စရာကောင်းလှသည့် လူစားမျိုးများ စုဖွဲ့ထားသော အဖွဲ့တစ်ဖွဲ့ ဖြစ်ပေသည်။

အဖွဲ့ဟုဆိုသော်လည်း လူခြောက်ယောက်သာ ရှိသည်။

ထိုလူခြောက်ယောက်စလုံးသည် သိုင်းပညာ ထူးချွန်ရုံသာမက ရုပ်ပြောင်းရုပ်လွှဲ ပညာလည်း အထူးကျွမ်းကျင်ကြသည်။

သူတို့သည် အလွန်ပါးနပ်ကာ အသက်ပြင်းလှသူများလည်း ဖြစ်ကြပေသည်။

ကွေထင်းနှင့် လွန်ခဲ့သော အတိတ်က ဝမ်းဖုံးတို့ ယှဉ်ပြိုင်ခဲ့ကြဖူးသည်။

ယှဉ်ပြိုင်ပွဲ၌ ကွေထင်း ရှုံးနိမ့်သွားခဲ့သည်။ သို့သော်...

ဝမ်းဖုံး၏နာမည်ကျော် သံရူးမှာ ကွေထင်းအား အသက်မခြွေနိုင်ခဲ့ချေ။ ယခု...

ကွေထင်းနှင့် မမျှော်လင့်ဘဲ ပြန်လည် ရင်ဆိုင်တွေ့မိပြီ ဖြစ်သည်။

ကွေထင်းက အကျီရင်ဘတ်အား အသာချွတ်ပြလိုက်၏။

ထိုအခါ...

သူ၏လည်ပင်းအနီး တစ်ထွာခန့်တွင် အမာရွတ်တစ်ခုအား တွေ့လိုက်ရသည်။



ကွေထင်းက...

"ဟောသည် အမာရွတ်ကို စမ်းမိတိုင်း ငါ မင်းကို ဘယ်တော့မှ မမေ့ဘူးကွ"

သူ၏လေသံမှာ အေးစက်ခြင်းမက အေးစက်နေ၏။

ဝမ်းဖုံး သက်ပြင်းချလိုက်၏။

"ကျုပ်လဲ ခင်ဗျားကို လွှဲချော်ပြီးကတည်းက လေ့ကျင့်လာခဲ့တာ အခုဆို အတော်တိုးတက်လာပါပြီ၊ သည်တစ်ခါတော့ လွဲမှာမဟုတ်တော့ပါဘူး"

ကွေထင်း မဲ့လိုက်၏။

"ကျုပ်ကလဲ စမ်းချင်နေတာ ကြာပြီ"

အခြေအနေမှာ ရုတ်ခြည်းပင် တင်းမာသွား၏။

ကွေထင်းအား တွေ့ရသည်နှင့် ကျန်လူများလည်း ရှိနိုင်သည်ဟု ဝမ်းဖုံး နားလည်ထားသည်။

မျက်နှာတစ်ထောင်တစ္ဆေအဖွဲ့ ပါဝင်လာ၍ အခြေအနေမှာ ပိုမို ရှုပ်ထွေးလာခဲ့သည်။ ထို့ကြောင့်...

သူက ကွေထင်းအား ဦးစွာ ရှင်းလင်းပစ်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ကွေထင်းက ကျင်းကျင်းထံမှ လုယူထားသော ဓားအား ဝေ့ယမ်းကာ...

"ကဲ သတိထားပေတော့"

ပြောယင်း ပြေးဝင် တိုက်ခိုက်လာသည်။

ဝမ်းဖုံးက သံရူးလက်နက်ပုန်းသုံးရန် မစဉ်းစားပါ။

ကွေထင်းက ကောင်းစွာ ရင်ဆိုင်နိုင်မည်ဟု အလိုလို နားလည်ထားသည်။ ထို့ကြောင့်…

အခွင့်အရေးရမှ ပိုင်ပိုင်နိုင်နိုင် အသုံးချရန် သူက ဆုံးဖြတ်လိုက်လေသည်။

* * *

ကွေထင်း၏ခြေချက်များသည် အလွန်ပြင်းထန်ကာ ကြောက်မက်ဖွယ်ကောင်းလှသည်။

သူက ဝမ်းဖုံးအား လဲကျသွားစေရန် ရည်ရွယ်၍ တိုက်ခိုက်နေခြင်း ဖြစ်သည်။

ဝမ်းဖုံး မပေါ့ဆဝံ့ချေ။

လက်ဝါးနှစ်ဘက်ကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သော တိုက်ပွဲမှာ ရုတ်ခြည်း ဖြစ်ပေါ်လာလေတော့သည်။

* * *



ကျင်းကျင်းမှာ တိုက်ပွဲအား မျက်တောင်မခတ် ငေးကြည့်နေ၏။

အလွန်လျင်မြန်လှသောကြောင့် လူရိပ်များပင် မသဲကွဲတော့ပါချေ။

သူမက အရေးကြုံလျှင် ဝမ်းဖုံးဘက်မှ ကူညီတိုက်ခိုက်ရန် ဆုံးဖြတ်ထားလိုက်၏။

တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာသည်။

သိုင်းနှစ်ဆယ်ကျော်သွားသည့်တိုင် မည်သူမျှ အသာစီး မရသေးချေ။

ကွေထင်း ဒေါသထွက်လာသည်။

သူက ပို၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

ဝမ်းဖုံး၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

ကွေထင်း၏တိုက်ခိုက်မှုများကို ခုခံချေဖျက်ယင်းမှ သံစူး ဖြင့် တိုက်ခိုက်ရန် အခွင့်ကောင်းကို ချောင်းနေ၏။

သူက သတိကြီးစွာ ထားနေသည့်ကြားမှပင် ကွေထင်း၏ ဓားချက်ကြောင့် ဝဲဘက်ပခုံးတွင် ဒဏ်ရာတစ်ချက် ရရှိသွားလေ၏။

ကွေထင်း အားတက်သွားသည်။

"ယား"

ညာသံပေးကာ ဖိ၍ တိုက်ခိုက်လိုက်သည်။

ဝမ်းဖုံးက နောက်သို့ ဆုတ်ပေးလိုက်၏။

ယင်းခဏမှာပင်...

ကျင်းကျင်းက ကွေထင်းအား ပြေးဝင်တိုက်ခိုက်လာ၏။

ဝမ်းဖုံးအား သုတ်သင်ရန် စိတ်လောနေသည့် ကွေထင်း ရင်ထိတ်သွားသည်။

"သွားစမ်း"

နောက်လှည့်ကာ ကန်ကျောက်လိုက်၏။

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ ကျင်းကျင်းမှာ အခန်း ထောင့်သို့ လွင့်စဉ်သွား၏။

ကွေထင်းက ကျင်းကျင်းအား လှည့်၍ တိုက်ခိုက်လိုက်သည့် အခြေအနေကို ဝမ်းဖုံး ကောင်းစွာ အသုံးချလိုက်၏။

သူ၏လက်နှစ်ဖက် ဆတ်ခနဲ လှုပ်ရှားသွားပြီး ဝင်းလက် သော အလင်းရောင်များ ထွက်ပေါ်လာသည်။



မရှေးမနှောင်းမှာပင်...

"အား"

ကွေထင်း၏စူးရှသော အော်သံနက်ကြီး ထွက်ပေါ်လာလေ သည်။

ဝမ်းဖုံး သက်ပြင်းတစ်ချက်ချလိုက်သည်။

ကွေထင်းမှာ ကြမ်းပြင်ပေါ် လဲကျသွားသည့် အချိန်ထိ သူ့ အား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ကြည့်နေခဲ့သည်။

ယခု...

သူက မည်သည့်အခါမှ ပြန်ထလာနိုင်တော့မည် မဟုတ် ချေ။

အကြောင်းမှာ...

သူ၏လည်ပင်းတွင် ဝမ်းဖုံး၏သံစူးက စိုက်ဝင်နေခြင်း ကြောင့်ပင်။

ဝမ်းဖုံးက ကျင်းကျင်းဘက် လှည့်လိုက်၏။

ကျင်းကျင်း ဒဏ်ရာရသွားလောက်ပေသည်။

သူက စိုးရိမ်သွားပြီး ကျင်းကျင်း လွင့်စဉ်သွားရာဘက်သို့ လျှောက်ရန် ခြေလှမ်းပြင်လိုက်၏။

ရုတ်တရက်...

"ဟာ"

ဝမ်းဖုံး လွတ်ခနဲ ရေရွတ်လိုက်၏။

သူ၏မျက်လုံးအစုံ ပြူးကျယ်သွားကာ လှမ်းရန် ပြင်သော ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွားသည်။

အကြောင်းမှာ...

ကျင်းကျင်းသည် ပျောက်ချင်းမလှ ပျောက်ဆုံးသွားသော ကြောင့်ပင် ဖြစ်လေသည်။

ဝမ်းဖုံး ခေါင်းနပန်း ကြီးသွားသည်။

"ဒုက္ခပဲ"

လွှတ်ခနဲ ညည်းညူလိုက်၏။

ထိုစဉ်...

"အား"

ခြံဝင်းထဲမှ ကျင်းစန်း၏အော်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဝမ်းဖုံး တုန့်ဆိုင်းမနေတော့ပါ။

ချက်ချင်းပင် အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

ခြံဝင်းအနှံ့ လိုက်လံရှာဖွေသော်လည်း ကျင်းစန်းမှာ ပျောက်ချင်းမလှ ပျောက်နေ၏။

အခြား မည်သည့်ထူးခြားချက်များလဲ မတွေ့ရပါချေ။

"သူ ဘယ်ရောက်သွားလဲ"

ဝမ်းဖုံး ရေရွတ်လိုက်၏။

သူက ဘာမျှ တွေးတောစဉ်းစား၍ မရပါချေ။

ထိုစဉ်မှာပင်...

လေပြင်းတစ်ချက် ဝှေ့ယမ်း တိုက်ခတ်လာလေတော့သည်။

* * *



## ထိပ်တိုက်

ဝမ်းဖုံး၊ ကျင်းစန်းနှင့် ကျင်းကျင်းတို့မှာ ထွက်ခွာသွားကြပြီ ဖြစ်သည်။

လွေမင်း သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်မိသည်။

စိတ်ဓာတ်ကျဆင်းနေသော အာမခံအဖွဲ့သားများအား မည်သို့ ထိန်းချုပ်ထားရပါမည်နည်း။

လွေမင်းကိုယ်တိုင်ပါ တဖြည်းဖြည်း စိတ်ဓာတ်ကျဆင်းလာသည်။

သူသည် စဉ်းစားတွေးတောယင်း အရက်ကိုသာ ဖိသောက်နေမိလေသည်။

အရက်တစ်အိုးမျှ သောက်မိသောအခါ သူ၏ဦးခေါင်းမှာ ရီဝေလာသည်။

ထိုစဉ်...

စားသောက်ခန်းထဲသို့ ငယ်သားတစ်ယောက် ဝင်လာ၏။

ယင်းငယ်သားက လွှေမင်းအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

ထို့နောက်...

တရိုတသေဖြင့် သတင်းပို့ တင်ပြလိုက်သည်။

"ဆရာ၊ အမျိုးသမီးတွေသာ တည်းခိုရတဲ့ အနောက်ဘက်အဆောင်မှာ လူအတော်များများ ရှိနေတာကို တွေ့ရပါတယ်"

"ဘာ"

လွှေမင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"လူအတော်များများ ရှိနေတယ် ဟုတ်လား"

ငယ်သားက...

"ဟုတ်ပါတယ် ဆရာ၊ သူတို့ဟာ လူမြင်မခံဘဲ လျှို့ဝှက်နေကြပါတယ်၊ ကျွန်တော်တို့ မြင်းလှည်းတွေထဲက ပျောက်သွားတဲ့ လူတွေများ ဖြစ်နေမလား မသိဘူး"

ဟု စကားဆိုလာ၏။

ယင်းစကားကြောင့် လွှေမင်း အရက်မူးခြင်းမှာ လျှင်မြန်စွာ ပျောက်သွား၏။

ထို့အပြင်...

သူ၏နားကိုလည်း မယုံနိုင်အောင် ဖြစ်သွားသည်။

"ဒါ..ဒါ တကယ်လား"

ဟုလည်း မေးလိုက်မိ၏။



ငယ်သားက...

"တကယ်ပါ ဆရာ"

လွှေမင်း ဆတ်ခနဲ ထရပ်လိုက်၏။

ထို့နောက်...

သူက ချက်ချင်းပင် လက်အောက်ငယ်သားများအား စုစည်းလိုက်သည်။

ယင်းနောက်...

"အားလုံး သတိမပြတ်စေနဲ့ အနောက်ဘက်ဆောင်ကို သွားကြမယ်"

ဟု ပြောလိုက်သည်။

ယင်းနောက် သူက ဦးဆောင်၍ အနောက်ဘက်ဆောင်သို့ ထွက်ခွာလာခဲ့တော့သည်။

* * *

အနောက်ဘက်အဆောင်မှာ တိတ်ဆိတ်နေသည်။

ရုတ်တရက် ကြည့်မည်ဆိုလျှင် လူသူတစ်စုံတစ်ယောက်မျှပင် ရှိနေပုံ မရချေ။

သို့သော်…

သေသေချာချာ ကြည့်မည်ဆိုလျှင် ဆိုင်လုလင်များ ဝင်ထွက်သွားလာနေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

အမှန်တွင်…

တည်းခိုဆောင်တွင် အမျိုးသမီးများ တည်းခိုနေကြသောကြောင့် ဆိုင်လုလင်များ ဝင်ထွက်သွားလာကြသည်မှာ အဆန်းမဟုတ်ချေ။

သို့သော်…

အမျိုးသမီး အနည်းငယ်မျှ တည်းခိုနေသော အနောက်ဘက်အဆောင်တွင် ဤမျှ ဆိုင်လုလင်များ ဝင်ထွက်စရာအကြောင်း



မရှိပေ။

အနောက်ဘက်အဆောင်ရှိ အခန်းတိုင်းလိုလို တံခါးများမှာ တင်းကျပ်စွာ ပိတ်ဆို့ထားကြလေသည်။

သို့သော်…

ပြတင်းပေါက်မှနေ၍ အခန်းတွင်းမှ မသိမသာ လှုပ်ရှားနေသော လူရိပ်များကို တွေ့ရလေသည်။

လွှမ်းမင်း၏မျက်လုံးများ အရောင်တလက်လက် တောက်ပလာသည်။

သူ၏စိတ်ထဲ လှုပ်ရှားလာသည်။

ထိုလူများသည် မြင်းလှည်းထဲ၌ လျှို့ဝှက်စွာ လိုက်ပါလာကြသူများ ဖြစ်ရမည်ဟု တစ်ထစ်ချ တွက်ဆမိလိုက်သည်။

သူက တုန့်ဆိုင်းခြင်း မပြုတော့ချေ။

သိမ်းငှက်အာမခံအဖွဲ့သားများအား လက်စတ်ချက်ဝှေ့ယမ်းပြကာ…

"ဟော့ အနောက်ဘက်အဆောင်ကို ဝိုင်းထားကြစမ်း"

ဟု အမိန့်ပေးလိုက်၏။

ထိုအခါ…

သိမ်းငှက်အာမခံအဖွဲ့သားများသည် အနောက်ဘက်အဆောင်အား ချက်ချင်းပင် ဝိုင်းရံထားလိုက်ကြသည်။

လွှမ်းမင်းက ဝန်းကျင်အား အကဲခတ်ကြည့်လိုက်၏။

အနောက်ဘက်အဆောင်တစ်ခုလုံးမှာ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေ၏။

လွှမင်းက ချက်ချင်းပင် အနောက်ဘက်အဆောင်ရှေ့ မြေကွက်လပ်သို့ ထွက်ကာ...

"အဆောင်ထဲက မိတ်ဆွေတို့ အပြင်ဘက်ကို ထွက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"

ဟု အော်ပြောလိုက်၏။

သူ၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော်...

အနောက်ဘက်အဆောင်အတွင်းမှ မည်သို့မျှ တုန့်ပြန်မှု မရှိပါချေ၏။

ပကတိ တိတ်ဆိတ်နေ၏။

မုန်တိုင်းမကျမီ ပင်လယ်ပြင်၏ငြိမ်သက်နေခြင်းမျိုးပင်။

လွှမင်း နှာခေါင်းရှုံ့လိုက်၏။

"တွေ့ကြသေးတာပေါ့"

သူက စိတ်ထဲမှ ကြုံးဝါးလိုက်၏။

တဆက်တည်းပင်...

လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး...

"လေးသည်တော်တွေ အသင့်ပြင်"

ဟု အမိန့်ပေးလိုက်သည်။

ထိုအခါ...

လေးသည်တော်အချို့ ရှေ့သို့ ထွက်လာကြ၏။

တစ်ဖန်...

လေးသည်တော်များက လေးများဖြင့် အနောက်ဘက်



ဆောင်အား ချိန်ရွယ်ထားလိုက်ကြလေသည်။

လွှမင်းမှာ လေးသည်တော်များ၏အစွမ်းကို ကောင်းစွာ ယုံကြည်ထား၏။

သိမ်းငှက်အာမခံဌာနမှ လေးသည်တော်များမှာ ပျံနေသော ငှက်ကိုပင် မလွတ်တမ်း ပစ်ချနိုင်သည်ဟု သိုင်းလောကသားများကပင် တင်စားကြရပေသည်။

လွှမင်း သဘောကျစွာ ပြုံးလိုက်သည်။

ထို့နောက်...

"အနောက်ဘက်အဆောင်က မိတ်ဆွေများ ကျေးဇူးပြုပြီး အပြင်ကို ထွက်လာကြပါဗျာ၊ ဒါမှမဟုတ်ယင် ကျုပ်တို့ အဆောင်ကို မီးရှို့လိုက်ရပါလိမ့်မယ်"

ဟု အော်ဟစ်ပြောဆိုလိုက်၏။

သို့သော်...

သူက ဒုတိယအကြိမ် သတိပေးလိုက်သော်လည်း တုံ့ပြန်သံကား လုံးဝထွက်ပေါ်မလာချေ။

လွှမင်း၏မျက်နှာပေါ်မှ အပြုံးများမှာ တဖြည်းဖြည်း ကွယ်ပျောက်သွား၏။

တင်းမာခက်ထန်သော အရိပ်အယောင်များအစား တိုးဝင်ရောက်လာသည်။

လွှမင်းမှာ တိကျပြတ်သားသူ ဖြစ်သည်။

ဆုံးဖြတ်ချက်ချပြီးလျှင် ပြန်ပြင်ရိုးထုံးစံ သူ့တွင် မရှိချေ။

ထို့ကြောင့်...

လေးသည်တော်များဘက်သို့ လှည့်ကာ အမိန့်ပေးလိုက်သည်။

"မီးမြားတွေ အသင့်ပြင်"

သူ၏အမိန့်ပေးသံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် လေးသည်တော်များက လေးမြားကို တင်လိုက်သည်။

အဖွဲ့သားငါးယောက်က မြားတံထိပ်တွင် မီးစာများကို ချည်နှောင်ကာ မီးရှို့ပေးလိုက်ကြ၏။

မီးမြားများ အဆင်သင့် ဖြစ်သွားခဲ့ချေပြီ။

လွှမင်းက လက်ကို ဝှေ့ယမ်းပြရန် ဟန်ပြင်လိုက်လေ၏။

ယင်းအခိုက်...

"ဝုန်း"

အသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာပြီး အနောက်ဘက်အဆောင်၏ တံခါးမကြီး ပွင့်ထွက်သွားသည်။

ယင်းအခိုက် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသူသုံးယောက်မျှ ပြေးထွက်လာ၏။

တဆက်တည်းပင်...

လွှမင်းတို့ လူစုရှိရာသို့ မည်းမည်းအရာများဖြင့် ပစ်ပေါက်ကြ၏။

"ဟင်"

လွှမင်းတို့မှာ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။



ထိုစဉ်...

သူတို့ရှေ့သို့ ကျရောက်လာသော အရိပ်မည်းသဏ္ဌာန်များက...

"ဝုန်း"

ကျယ်လောင်သော မြည်သံများနှင့်အတူ ပေါက်ကွဲသွား၏။

"ဟာ"

လွှမင်း ထိတ်တလန့် ဖြစ်သွားသည်။

ရန်သူများက ယမ်းထုပ်များဖြင့် တိုက်ခိုက်နေပြီဖြစ်ကြောင်း ချက်ချင်း သိရှိလိုက်၏။

ထို့ကြောင့်...

အာမခံအဖွဲ့သားများအား အော်ဟစ်အမိန့်ပေးလိုက်လေသည်။

"အားလုံး နောက်ဆုတ်ကြ၊ ရန်သူတွေရဲ့ ယမ်းထုပ်တွေကို လွတ်အောင် ရှောင်ကြ"

ယမ်းထုပ်များမှာ အကြီးအကျယ် ဒုက္ခပေးနိုင်ကြောင်း အားလုံး သဘောပေါက်ထား၏။

ယင်းကြောင့်...

အာမခံအဖွဲ့သားများမှာ အပြေးအလွှားပင် နောက်ဆုတ်သွားကြ၏။

"ဝုန်း...ဝုန်း"

"အား"

"အွန့်"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာ၏။

နောက်ကျသွားသူများမှာ ယမ်းထုပ်ပေါက်ကွဲမှုကြောင့် မြေပေါ်လဲကျကုန်ကြသည်။

လွှမင်းတို့ အဖွဲ့မှာ တခဏအတွင်းမှာပင် ဖရိုဖရဲ ဖြစ်သွားကြ၏။

ထိုစဉ်မှာပင်...

"ဟေး...ဟေး"

"တိုက်ကြဟေ့"

ညာသံပေး အော်ဟစ်သံများနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားကြသူများသည် အနောက်ဘက်အဆောင်အတွင်းမှ ပြေးထွက်လာကြ၏။

လွှမင်း စိတ်လှုပ်ရှားမှုကို ထိန်းချုပ်လိုက်လေသည်။

သိမ်းငှက်အာမခံဌာနမှ လေးသည်တော်တစ်ဝက်မှာ ယမ်းထုပ်များ ပေါက်ကွဲမှုကြောင့် သေဆုံးသွားကြပြီ ဖြစ်၏။

ကျန်လေးသည်တော်တစ်ဝက်အနက် ဆယ်ယောက်ခန့်မှာ ဒဏ်ရာရရှိထားပေသည်။

လွှမင်းမှာ မမျှော်လင့်ဘဲ မရှုမလှ ခံလိုက်ရလျှင် ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

"မြားနဲ့ ပစ်ကြစမ်း"

သူက အော်ဟစ်အမိန့်ပေးလိုက်၏။

ထိုအခါ...

အကောင်းပကတိ ကျန်နေသော လေးသည်တော်ခြောက်



ယောက်က ပြေးဝင်လာသော အနက်ရောင်ဝတ်ဆင်သူများထံသို့ လေးများဖြင့် ချိန်ရွယ်ပစ်ခတ်လိုက်ကြသည်။

"ဗွစ်...ဗွစ်...ဗွစ်"

လေတိုးသံနှင့်အတူ မြားတံများ ပလူပျံသွားကြလေသည်။

မရှေးမနှောင်းမှာပင်...

"အား"

"အွန့်"

ပြေးဝင်လာသော အနက်ရောင်ဝတ်ဆင်ထားသူများ တစ်ယောက်ပြီးတစ်ယောက် မြေပေါ်လဲကျသွား၏။

သို့သော်...

သူတို့က နောက်တွန့်သွားကြခြင်း မရှိပါ။

"ယား"

"တိုက်ကြဟေ့"

ကျယ်လောင်စွာ ညာသံပေးကာ အုပ်စုလိုက် ပြေးဝင်လာကြ၏။

မကြာမီ...

လေးသမားများအနီး ရောက်ရှိကာ တရကြမ်း တိုက်ခိုက်လိုက်ကြသည်။

"အား"

"အွန့်"

လေးသမားများမှာ စူးရှစွာ အော်ဟစ်ယင်း လဲကျသွားကြသည်။

အနက်ရောင်ဝတ်ဆင်ထားသူများက လေးသမားများအား တိုက်ခိုက်ဖြတ်ကျော်ပြီးသည်နှင့် အာမခံအဖွဲ့သားများအား ဦးတည် တိုက်ခိုက်လာကြသည်။

လွှမင်း၏မျက်နှာ မည်းမှောင်နေ၏။

ဒေါသထွက်လွန်း၍ အသားများပင် တဆတ်ဆတ် တုန်ယင်နေသည်။

သူ၏လေးသည်တော်များမှာ မရှုမလှ ရှုံးနိမ့်သွားကြသည် မဟုတ်ပါလား။

ယခု...

ရန်သူများက ထိုးစစ်ဆင် တိုက်ခိုက်လာကြပြီ ဖြစ်လေ၏။

လွှမင်း အံတင်းတင်းကြိတ်လိုက်သည်။

ထို့နောက်...

အနက်ရောင်ဝတ်ဆင်ထားသူများအား ပြန်လည်တိုက်ခိုက်လိုက်၏။

"အား"

"အွန့်"

သူ၏ပြင်းထန်သော တိုက်ခိုက်မှုကြောင့် အနက်ရောင်ဝတ်ဆင်ထားသူ သုံးယောက် လဲကျသွားသလို ကျန်လူများလဲ ဖရိုဖရဲ ဖြစ်သွားကြ၏။

ထိုအချိန်မှာပင်...

"တိုက်ကြ"

"ရန်သူကို ချေမှုန်းကြ"



"သိမ်းငှက်အာမခံအဖွဲ့သားတွေကွ"

အော်ဟစ်ညာသံပေးသံနှင့်အတူ သိမ်းငှက်အာမခံအဖွဲ့သားများက အနက်ရောင်ဝတ်ဆင်ထားသူများအား တရကြမ်း တိုက်ခိုက်လိုက်ကြသည်။

လွှမင်း၏ဦးဆောင်မှုဖြင့် သူတို့က ရှပ်ရှပ်ချုံချုံ တိုက်ခိုက်လိုက်ကြခြင်းပင် ဖြစ်သည်။

အထူးလေ့ကျင့်ထားသူများ ဖြစ်သလို အတွေ့အကြုံ ရင့်ကျက်ကြသူများ ဖြစ်သည်မို့ သူတို့၏တိုက်ခိုက်မှုများမှာ မြိုင်ဆိုင်၍ ကြောက်မက်ဖွယ်ရာကောင်းအောင် ပြင်းထန်လှပေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများကလည်း တုန်လှုပ်သွားကြခြင်း မရှိဘဲ တရကြမ်း တိုက်ခိုက်လာကြလေသည်။

တခဏအတွင်းမှာပင် ပြင်းထန်သော တိုက်ပွဲတစ်ခု ရုတ်ခြည်း ဖြစ်ပေါ်လာလေ၏။

နှစ်ဘက်အဖွဲ့သားများမှာ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြလေတော့သည်။

* * *

## နောက်ကွယ်မှလူ

လေပြင်းတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသည်။

ဝမ်းဖုံး မလှုပ်မယှက် ရပ်နေ၏။

သို့သော်...

သူ၏မျက်လုံးများက အရောင်တလက်လက် တောက်ပသွား၏။

လေအဝှေ့တွင် ထူးခြားသော အနံ့တစ်ခု ပါလာကြောင်း သတိထားမိလိုက်၍ ဖြစ်သည်။

သူက မလှုပ်မယှက်ပင် ရပ်နေလိုက်၏။



အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ဝမ်းဖုံးက ကျောက်ရုပ်ပမာ ရပ်နေဆဲပင်။

မကြာမီ...

သက်ပြင်းချသံသဲ့သဲ့နှင့်အတူ လူတစ်ယောက် ရောက်ရှိလာလေတော့သည်။

* * *

လူတစ်ယောက် ရောက်ရှိလာသည်။

အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်ပင်။

ထိုလူ၏ခန္ဓာကိုယ်သည် လေနှင့်အတူ လွင့်မျောလာသည်နှင့်ပင် တူလှပေသည်။

ထိုလူက ဝမ်းဖုံးနှင့် ခြေငါးလှမ်းမျှ အကွာတွင် ရပ်တန့်လိုက်သည်။

ဝမ်းဖုံးက ထိုလူအား စိုက်ကြည့်လိုက်သည်။

ထိုလူကလည်း ဝမ်းဖုံးအား ပြန်လည် စိုက်ကြည့်နေ၏။

အတန်ကြာမှ...

ထိုလူက ပြုံးပြယင်း...



"မင်းက ကျင်းစန်းတို့သားအဖကို လိုက်ရှာနေတာလား"

ဟု မေးလိုက်သည်။

ဝမ်းဖုံးက...

"ဟုတ်တယ်"

ထိုလူက...

"သူတို့ ကျုပ်တို့ လက်ထဲမှာ ရှိနေပါတယ်၊ သူတို့ကို မင်း တွေ့ချင်မယ် ထင်တယ်"

ဝမ်းဖုံး မဲ့ပြုံးပြုံးလိုက်၏။

"ယီစု၊ မင်း အပိုစကားတွေ မပြောယင် ကောင်းမယ်၊ ကျင်းကျင်းတို့ ဘယ်မှာလဲ"

ဟု မေးလိုက်၏။

သူ၏လေသံမှာ တင်းမာနေ၏။

အနက်ရောင်ဝတ်ဆင်ထားသူမှာ မျက်နှာတစ်ထောင်တစ္ဆေအဖွဲ့တွင် ပါဝင်သော ဝိညာဉ်နက်ယီစုပင် ဖြစ်ပါသည်။

"ဟား..ဟား..ဟား"

ယီစု သဘောကျစွာ ရယ်မောလိုက်ပြီး...

"ဝမ်းဖုံး၊ မင်းက အတော်လောကြီးနေတာကိုး၊ ငါ လာတာ သူတို့ဆီ မင်းကို ခေါ်သွားမလို့ပါကွ"

ဝမ်းဖုံးက ဘာမျှ မပြောဘဲ အေးစက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေ၏။

ယီစုက...

"ကွေထင်းက မင်းကို တစ်ကြိမ် ရှုံးသွားပြီးကတည်းက

ငါတို့အားလုံး မင်းကို တွေ့ချင်နေကြတာ"

ဝမ်းဖုံးက နှုတ်ခမ်းတွန့်ရုံမျှ ပြုံးယင်း...

"အခု တွေ့နေရပြီလေ"

ယီစု ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကွေထင်းကလဲ မင်းကို အနိုင်မယူခဲ့ဘူး၊ ငါတို့က မင်းကို ပိုပြီး ယှဉ်ပြိုင်ချင်လေပဲ"

ဝမ်းဖုံး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"ယီစု၊ မင်း အပိုစကားတွေ ပြောမနေနဲ့၊ မင်း ငါနဲ့ ယှဉ်ချင်ယင် အချိန်မရွေးပဲ"

ယီစု သဘောကျသွားသည့်အလား ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ဝမ်းဖုံးအား ကြည့်ကာ...

"ငါကလဲ သည်စကားမျိုးပဲ ကြားချင်တာပါ၊ ပင့်ကူနက်အဖွဲ့ကလဲ မင်းကို အလိုမရှိတော့ဘူး၊ ဒါကြောင့် မင်း သေသွားလဲ ကိစ္စ မရှိတော့ဘူး၊ မင်းလဲ ငါတို့ကို စိတ်ကြိုက်ယှဉ်နိုင်ပြီ၊ ငါ့ကို အနိုင်ရခဲ့ယင် ကျင်းစန်းတို့သားအဖ ရှိတဲ့ နေရာကို ချိန်စန်းက လမ်းပြလိမ့်မယ်"

ဝမ်းဖုံးက...

"မင်းက ငါ့ကို ကျိန်းသေ အနိုင်ရမယ်လို့ တွက်ဆထားတယ်ပေါ့ ဟုတ်လား"

ဟု မေးလိုက်သည်။

ယီစုက ဘာမျှ မပြောပါ။



ပြုံး၍သာနေ၏။

ဝမ်းဖုံး ဘာမျှ မပြောတော့ပါ။

လက်နှစ်ဖက်ကို ဘေးသို့ ကား၍ ရပ်တန့်လိုက်လေသည်။

ယီစု၏မျက်နှာမှာလည်း ချက်ချင်းပင် တိုက်ပွဲဝင်တော့မည့် စစ်သူကြီးတစ်ယောက်အသွင်သို့ ကူးပြောင်းသွားလေသည်။

"မင်းက စမလား၊ ငါက စရမလား"

ဝမ်းဖုံးအား စိုက်ကြည့်ကာ မေးလိုက်၏။

ဝမ်းဖုံးက...

"မင်းပဲ စပါ"

ယီစုက...

"ကောင်းပြီ သတိထားပါ"

စကားဆုံးလျှင် ဝမ်းဖုံးထံ တိုးဝင်ကာ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။

ဝမ်းဖုံးက ချက်ချင်းပင် လက်ဝါးတစ်ဘက် ဆန့်ထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်လျှင်...

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး နှစ်ယောက်သား ပြိုင်တူပင် နောက်ဆုတ်သွားကြရသည်။

ယီစုက...

"မင်းက ဘယ်ဆိုးလို့လဲ သည်တစ်ခါ သတိထားပေတော့"

စကားဆုံးလျှင် လက်ဝါးဖြင့် ပင့်ရိုက်ချလာ၏။

တဆက်တည်းပင်…

ခြေလက်များ အသုံးပြုကာ တိုက်ခိုက်လာသည်။

ဝမ်းဖုံး မပေါ့ဆလှပါ။

ယီစု၏သိုင်းပညာမှာ ကွေထင်းထက် အဆင့်မြင့်ကြောင်း သိရှိထားပေသည်။

ထို့ကြောင့်…

သူက အစွမ်းထက်သော တိုက်ကွက်များ အသုံးပြုလိုက်လေတော့သည်။

* * *

အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ယီစုနှင့် ဝမ်းဖုံးတို့မှာ အပြင်းအထန် ယှဉ်ပြိုင်တိုက်ခိုက်နေကြဆဲပင်။

တစ်ကြိမ်တွင်…

လူရိပ်နှစ်ခု ပူးကပ်သွားကြပြီးနောက်…

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာကာ လူချင်းကွဲသွား၏။

ယီစု၏နှုတ်ခမ်းထောင့်တွင် သွေးများ စီးကျလာသည်။



သူက ဝမ်းဖုံးအား မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်သည်။

"မင်း…မင်း"

စကားဆုံးအောင် မပြောနိုင်ဘဲ ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်လာပြီး…

"ဝုန်း"

မြက်ခင်းပြင်ပေါ် လဲကျသွား၏။

ယီစု လဲကျသွားပြီး မရှေးမနှောင်းမှာပင် အနီရောင်ဝတ်ဆင်ထားသူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်။

ထိုလူက ဝမ်းဖုံးအား စေ့စေ့ကြည့်ကာ…

"ကျူပ်နောက်လိုက်ခဲ့"

ခပ်ပြတ်ပြတ်ပြောကာ ရှေ့ဆက်လျှောက်သွား၏။

ဝမ်းဖုံးက ဘာမျှမပြောဘဲ နောက်မှ လိုက်သွားသည်။

ထိုအနီရောင်ဝတ်ဆင်ထားသူမှာ မျက်နှာတစ်ထောင် တစ္ဆေအဖွဲ့တွင် ပါဝင်သော သွေးဘီလူးချိန်စန်းပင် ဖြစ်ကြောင်း ဝမ်းဖုံး ရိပ်စားမိထားသည်။

ချိန်စန်းက စံအိမ်ကြီး အနောက်ဘက်သို့ ကွေ့ပတ်လျှောက်လာ၏။

ထိုအခါမှ…

စံအိမ်အနောက်ဘက်တွင် အဆောင်တစ်ခု ရှိနေပြီး ထိုအဆောင်ဆီသို့ ဦးတည်သွားနေခြင်း ဖြစ်ကြောင်း ရိပ်မိလိုက်လေတော့သည်။

* * *

လေမှင်းက ချက်ချင်းပင် အနောက်ဘက်အဆောင်ရှေ့ မြေကွက်လပ်သို့ ထွက်ကာ...

"အဆောင်ထဲက မိတ်ဆွေတို့ အပြင်ဘက်ကို ထွက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"

ဟု အော်ပြောလိုက်၏။

သူ၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော်...

အနောက်ဘက်အဆောင်အတွင်းမှ မည်သို့မျှ တုန့်ပြန်မှု မရှိပါချေ။

ပကတိ တိတ်ဆိတ်နေ၏။

မုန်တိုင်းမကျမီ ပင်လယ်ပြင်၏ငြိမ်သက်နေခြင်းမျိုးပင်။

လေမှင်း နှာခေါင်းရှုံ့လိုက်၏။

"တွေ့ကြသေးတာပေါ့"

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သူသည် ကျင်းစန်းကိုသော်လည်းကောင်း၊ ကျင်းကျင်းကို သော်လည်းကောင်း လိုက်ရှာရန် မလိုတော့ပါချေ။

အကြောင်းကား...

ကျင်းကျင်းနှင့် ကျင်းစန်းတို့မှာ သူ၏ရှေ့တွင် ရောက်ရှိနေပြီ ဖြစ်သောကြောင့်ပင်။

ကျင်းကျင်းမှာ ခေါင်းငုံ့ထားပြီး ငြိမ်သက်စွာ ထိုင်နေသည်။

ကျင်းစန်းမှာမူ အံကို တင်းတင်းကြိတ်ထား၏။

သူ၏ပုံစံမှာ ခြင်္သေ့တစ်ကောင် ခုန်အုပ်တိုက်ခိုက်တော့မည့်



ပုံစံမျိုး ဖြစ်နေသည်။

သို့သော်...

သူက မည်သူ့ကိုမျှ ခုန်အုပ်တိုက်ခိုက်ခြင်း မပြုချေ။

အကြောင်းကား...

သူက လှုပ်ရှားလိုက်မည်ဆိုလျှင် နေရာတွင် အချိန်မရွေး ခုတ်ချလာနိုင်သော ဓားတစ်လက်စီ တင်ထားခြင်းကို ခံနေရသော ကြောင့် ဖြစ်သည်။

ဤသို့ဆိုပါလျှင်...

မည်သူက ကျင်းစန်းနှင့် ကျင်းကျင်းတို့ကို ဖမ်းဆီးနိုင်ခဲ့ပါ သနည်း။

မျက်နှာတစ်ထောင်တစ္ဆေအဖွဲ့မှ လူများ၏လက်ချက်ဖြစ် ကြောင်း ဝမ်းဖုံး ရိပ်မိထားသည်။

ဝမ်းဖုံး သက်ပြင်းတစ်ချက် ကျိတ်၍ ချလိုက်လေသည်။

သူ၏လည်ဂုတ်ပေါ်တွင် ဓားတစ်လက်ပင် တင်ထားခြင်း မရှိချေ။

မည်သူကမျှလည်း သူ့အား ခြိမ်းခြောက်တားမြစ်ထားခြင်း မရှိချေ။

သို့သော်...

သူ့အနေနှင့် သူ၏လည်ဂုတ်ပေါ်သို့ ဓားနှစ်လက်ဖြင့် ချိန် ရွယ်ထားခြင်း ခံနေရသည်ဟု ခံစားနေရ၏။

ယခင်က တိတ်ဆိတ်နေခဲ့ပုံရသော အခန်းတွင်း၌ ယခုအခါ စိုစိုပြည်ပြည် ဖြစ်လာချေပြီ။

အခန်းတွင်း၌...

ဝမ်းဖုံး၊ ကျောင်းစန်းနှင့် ကျောင်းကျောင်းတို့အပြင် အခြားလူပိုလေးယောက် ရှိနေသည်။

ယင်းလူပိုလေးယောက်မှာ...

သူဌေးမင်းတည်းခိုးခန်းပိုင်ရှင် ကြူးခုံး၊ မြေခွေးနက်အဖွဲ့မှ မားဖိန်၊ ပင့်ကူနက်ဂိုဏ်းမှ ဒုဂိုဏ်းချုပ် တုကုချင်းနှင့် သွေးဘီလူးချိန်စန်းတို့ပင် ဖြစ်လေသည်။

တုကုချင်းတို့အား တွေ့ရသော်လည်း ဝမ်းဖုံးမှာ အံ့သြခြင်း မရှိပါချေ။

အကြောင်းကား...

တုကုချင်း၏ကောက်ကျစ်စဉ်းလဲသော အကြံအစည်အားလုံးကို သူ ကြိုတင်ခန့်မှန်းနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ကြူးခုံးနှင့် မားဖိန်တို့မှာ ကျောင်းစန်းနှင့် ကျောင်းကျောင်းတို့အား ဓားကိုယ်စီဖြင့် ချိန်ရွယ်ထားကြလေသည်။

သွေးဘီလူးချိန်စန်းမှာ တုကုချင်း၏ဘေးတွင် ရပ်နေပေ၏။

သူက ဝမ်းဖုံးအား စူးရဲသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

ကွေထင်းနှင့် ယီစုတို့ သေဆုံးသွားခြင်းကြောင့် လုံးဝကျေနပ်သည် မဟုတ်ကြောင်း ဝမ်းဖုံး ကောင်းကောင်း နားလည်ထား၏။

သူက ချိန်စန်းအား မမှုပါ။

ချိန်စန်းသည် ဒေါသကြီးလွယ်သူတစ်ယောက် ဖြစ်၍ အချိန်မရွေး ရင်ဆိုင်နိုင်ပေသည်။



သူ စိုးရိမ်နေသည်မှာ သူ့အတွက် မဟုတ်ဘဲ ကျောင်းစန်းတို့ သားအဖနှစ်ယောက်အတွက်သာ ဖြစ်နေပေတော့သည်။

တုကုချင်းမှာ ဝမ်းဖုံးအား အကျပ်ကိုင်နိုင်ပြီ ဖြစ်၍ သဘောကျနှစ်ခြိုက်နေလေသည်။

သို့သော်...

သူ၏အကြံအစည်များမှာ ဝမ်းဖုံးတို့ကြောင့် ပျက်စီးသွားရသည်ကို တွေးမိ၍ မကျေမနပ် ဖြစ်နေ၏။

မည်သို့ဆိုစေ...

လုယန်မြို့တွင်းမှ ထွက်ခွာလာနိုင်ခဲ့သည်မှာ သူ့အတွက် ကြီးမားသော ရလဒ်တစ်ခုပင် ဖြစ်သည်။

ထို့နောက်...

သူသည် သိမ်းငှက်အာမခံဌာနအား အသုံးချကာ သခင်လေးအား ဂိုဏ်းချုပ်ကြီး ညွှန်ကြားရာ စီးဂူရေကန်သို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်၏။

သို့မှသာ...

လုယန်မြို့မှ အထွက်တွင် အန္တရာယ် ကင်းရှင်းမည် ဖြစ်၏။

ထို့အပြင်...

စုမာထင်းအား ဖမ်းဆီးကာ ဝမ်းဖုံးအား အကျပ်ကိုင်ခဲ့ခြင်းမှာလည်း ဂိုဏ်းချုပ်ကြီး၏အမိန့်ကြောင့်သာ ဖြစ်သည်။

သိမ်းငှက်အာမခံဌာနခေါင်းဆောင် ကျောင်းစန်းနှင့် သံစူးဝမ်းဖုံး၏အရှိန်အဝါကြောင့် ခရီးစဉ်တစ်လျှောက်တွင် အန္တရာယ် ကင်းရှင်းခဲ့ပေသည်။

သို့သော်...

ဝမ်းဖုံးကြောင့် ခရီးစဉ်မှာ လမ်းတစ်ဝက်မှာပင် ပျက်စီးခဲ့ရပြီ ဖြစ်၏။

ယင်းကြောင့်...

တုကုချင်းမှာ မကျေမနပ် ဖြစ်နေလေသည်။

ဝမ်းဖုံး မျက်နှာဟန်မူရာ ကင်းမဲ့လျက် ရှိနေပေသည်။

တုကုချင်းက သူ့ကို အေးတိအေးစက် စိုက်ကြည့်ကာ ပြောလိုက်သည်။

"ခင်ဗျား ကျုပ်ရဲ့ အကြံအစည်ကို အနှေးနဲ့အမြန် ရိပ်မိသွားလိမ့်မယ်ဆိုတာ ကျုပ် ရိပ်မိပါတယ်"

ဝမ်းဖုံးက တုကုချင်းအား အကဲခတ်ကြည့်ကာမေးလိုက်၏။

"သခင်လေးကော"

"ရှိပါတယ်"

"သူ့ရဲ့ အခြေအနေ ကောင်းရဲ့လားဗျ"

တုကုချင်း ခေါင်းညိတ်လိုက်၏။

"ကောင်းပါတယ်၊ ခရီးကြမ်းသွားရလို့ ပင်ပန်းတာက လွဲပြီး တခြား ဘာမှမဖြစ်ပါဘူး"

ပြောယင်း ဝမ်းဖုံးအား ချီးကျူးသော အကြည့်ဖြင့် ကြည့်ကာ...

"နေစမ်းပါဦး၊ ခင်ဗျားက ဘယ်လိုလုပ်ပြီး ကျုပ်ရဲ့ အကြံအစည်ကို ရိပ်မိသွားတာလဲ၊ မင်းကို ချီးကျူးရလိမ့်မယ် ထင်တယ်"

"ဟား...ဟား...ဟား"



ဝမ်းဖုံး ရယ်မောလိုက်၏။

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

တုကုချင်း မျက်မှောင်ကုပ်သွားသည်။

သို့သော်...

ဘာမျှတော့ မပြောချေ။

ဝမ်းဖုံးက အတန်ကြာအောင် ရယ်မောပြီးမှ မားဖိန်အား ညွှန်ပြကာ...

"သူ့ကြောင့် ကျုပ် ရိပ်မိသွားတယ်လို့ ဆိုရမှာပဲ"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် မားဖိန်၏မျက်နှာ မည်းမှောင်သွားလေသည်။

ဝမ်းဖုံးကိုလည်း မကျေမနပ်ဖြင့် ကြည့်လိုက်၏။

တုကုချင်းမှာမူ အံ့သြသွားသည်။

မားဖိန်အား တစ်ချက်ကြည့်ကာ...

"ဘာ သူ့ကြောင့် ဟုတ်လား"

ဟု မေးလိုက်သည်။

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

တုကုချင်းက...

"သူက ဘာများ အမှားလုပ်မိလို့လဲ"

ဝမ်းဖုံးက တည်ကြည်သော မျက်နှာထားဖြင့်...

"သူက ကျုပ်ဆီလာတာ သိပ်မှားသွားတယ်၊ မြေခွေးနက်

အဖွဲ့ဆိုတာ သိုင်းလောကမှာ မရှိဘူး၊ သူ လုပ်ကြံပြောတယ်ဆိုတာ ကျုပ် ရိပ်မိတာပေါ့"

တုကုချင်း ပြုံးလိုက်သည်။

"အင်း မင်း မဆိုးဘူး၊ သိုင်းလောကရဲ့ အဖွဲ့အစည်းတွေအကြောင်း တော်တော်များများ သိထားတာကိုး၊ သည်အချက်ကို ကျုပ် မေ့သွားတယ်"

ဝမ်းဖုံးက...

"နောက်တစ်ချက်ကတော့ လူမမာပါတဲ့ မြင်းလှည်းတစ်စီးကို ကျုပ်တို့နဲ့အတူ ထည့်လိုက်မယ်ဆိုတာပဲ"

ဟု ပြောလိုက်သည်။

တုကုချင်း သက်ပြင်းချလိုက်သည်။

"ဒါဟာလဲ မလုပ်မဖြစ်လို့ ကျုပ်က အမိန့်ပေးပြီး လုပ်ခိုင်းရတာပဲ"

ဝမ်းဖုံးက မျက်မှောင်ကြုတ်ကာ...

"ဒါဖြင့် မားဖိန်က ခင်ဗျားတို့ ဂိုဏ်းကပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

တုကုချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူဟာ ပင့်ကူနက်ဂိုဏ်းက ဂိုဏ်းခွဲမှူးတစ်ယောက်ပါပဲ"

ဝမ်းဖုံးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ဒါကြောင့် ထင်ပါတယ်၊ သူဟာ စကားပြောလို့ ခင်ဗျားနာမည် ပါလာယင် လေးစားသွားတယ်၊ ဒါထက် မျက်နှာတစ်ထောင်



တစ္ဆေအဖွဲ့ဟာ ဘာကိစ္စ သည်ပြဿနာထဲ ပါဝင်လာရတာလဲ"

တုကုချင်းက ပြုံးကာ...

"မျက်နှာတစ်ထောင်တစ္ဆေအဖွဲ့နဲ့ ကျုပ်တို့ ပင့်ကူနက်ဂိုဏ်း မဟာမိတ်ဖွဲ့ခဲ့တာ မကြာသေးပါဘူး၊ အခု အစီအစဉ်တွေ လွဲချော်သွားခဲ့တော့ စိတ်မချလို့ ဂိုဏ်းချုပ်ကြီးက သူတို့ကို လွှတ်လိုက်ရတာပါ"

"ဩော်"

ဝမ်းဖုံး ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ပြီးမှ...

"ကျုပ် စိတ်ထင် သခင်လေးဟာ ကျန်းမာရေး ချို့တဲ့နေတယ်ဗျ"

"ဟင်"

ကောက်ကာငင်ကာ ပြောလိုက်သော စကားကြောင့် တုကုချင်းမှာ မျက်လုံးပြူးကျယ်သွားလေသည်။

ဝမ်းဖုံးကိုလည်း စူးရဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

သူ၏အကြံအစည်များကို ဝမ်းဖုံးက အမှန်ပင် ဖျက်ဆီးပစ်နိုင်ကြောင်း သဘောပေါက်လာလေတော့သည်။

* * *

[illegible]

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

အခန်းတွင်းရှိ လူခုနစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် အလစ်မပေးဘဲ စိုက်ကြည့်နေကြ၏။

အတန်ကြာမှ...

တုကုချင်းက သက်ပြင်းရှည်တစ်ချက်ချကာ ပြောလာ၏။

"အင်း မင်းတို့ဟာ ငါတို့အကြောင်း သိသွားပြီဆိုတော့ ဆက်အသုံးပြုစရာ မလိုတော့ဘူးပေါ့၊ မထူးတော့ပါဘူး၊ မင်းတို့က သေရတော့မှာပဲ၊ ဂရုစိုက်စရာ မလိုတော့ပါဘူး၊ မရှင်းတာလေးတွေ သိသွားရအောင် ကျုပ် ပြောပြလိုက်ပါ့မယ်"



သူ၏မျက်လုံးအစုံတွင် တောက်ကျစ်စဉ်းလဲသည့် အရိပ်အယောင်များ ထွက်ပေါ်လာလေတော့သည်။

ဝမ်းဖုံးအား စိမ်းစိမ်းကြည့်ကာ ပြောလိုက်၏။

"မင်း မရှင်းတာရှိယင် မေးပါ"

ဝမ်းဖုံးက အေးတိအေးစက် လေသံဖြင့်...

"သခင်လေးရဲ့ ကျန်းမာရေး အခြေအနေက စိုးရိမ်စရာကောင်းနေပြီ ထင်တယ်၊ ကျုပ် ပြောတာ ဟုတ်ရဲ့လား"

ဟု မေးလိုက်သည်။

တုကုချင်း အံ့သြသွားသည်။

ပြီးမှ ခေါင်းညိတ်ကာ ပြောလိုက်၏။

"ဟုတ်တယ် အပြင်းဖျားနေတယ်"

သူက ဝမ်းဖုံးအား အကဲခတ်ကြည့်ကာ...

"နေပါဦး၊ မင်းက ဘယ်လိုလုပ် သိတာလဲ"

ဟု ပြန်မေးလိုက်၏။

ဝမ်းဖုံး ခေါင်းခါယမ်းလိုက်၏။

"ကျုပ် သေသေချာချာတော့ မသိပါဘူး၊ ခန့်မှန်းမိသလောက် ပြောတာပါ၊ မြင်းလှည်းထဲမှာ အလုံပိတ်ခံရပြီး ခရီးပြင်းသွားရယင် ဘယ်သူမဆို ပင်ပန်းနွမ်းနယ်မှာပဲ သခင်လေးကျတော့ ပိုဆိုးတာပေါ့"

တုကုချင်းက သဘောကျစွာ ပြုံးလိုက်သည်။

"ကျုပ်တို့လူစု မြင်းလှည်းထဲမှာ ပုန်းပြီး လိုက်ခဲ့တာ မင်းသိတယ်ပေါ့"

ဝမ်းဖုံးက တည်ကြည်လေးနက်သော လေသံဖြင့် ပြောလိုက်သည်။

"ခင်ဗျားတို့က ကျင်းရောင်ကို မဆင်မခြင် သတ်လိုက်တာဟာ မဟာအမှားပဲ၊ ကျင်းရောင်ကို သတ်ပြီးတာနဲ့ ဆက်ပြီး ပုန်းနေလို့ မဖြစ်တော့ဘူးပေါ့"

တုကုချင်း၏မျက်နှာပေါ်တွင် ဒေါသဖြစ်သော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

"အဲသည်ကောင်သာ မြင်းလှည်းတံခါးကို မဖွင့်ဘူးဆိုယင် အသတ်ခံရမှာ မဟုတ်ဘူး"

ကျင်းရောင်မှာ မြင်းလှည်းပေါ်မှ ပတ္တာချက် ပြုတ်နေသည်ကို အမှတ်မထင် တွေ့သွားသဖြင့် နှုတ်ပိတ်ခံလိုက်ရခြင်း ဖြစ်သည်ဟု ဝမ်းဖုံး ရိပ်မိလိုက်၏။

သူက တုကုချင်းအား စိုက်ကြည့်ကာ...

"သူ့ကို ဘယ်သူသတ်တာလဲ"

ဟု မေးလိုက်သည်။

တုကုချင်းက အဖြေမပေးချေ။

တိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပင် မဟုတ်ပါလား။

တုကုချင်းမှာ ကျင်းရောင်အား သူကိုယ်တိုင် သတ်ပစ်လိုက်သော သဘောဆောင်နေ၏။

ဝမ်းဖုံး မျက်ခုံးအောက်မှ အသားများ မသိမသာ တုန်ခါလာသည်။

လက်ဝါးနှစ်ဖက်ကို ဘေးသို့ ကားလိုက်၏။



တုကုချင်းက သဘောကျစွာ ပြုံးလိုက်သည်။

"ဝမ်းဖုံး၊ မင်း လှုပ်လှုပ်ရှားရှား လုပ်ဖို့ မကြိုးစားစေချင်ဘူး၊ ကျုပ် ပြောတာ မင်း သဘောပေါက်ပါတယ်နော်"

ဝမ်းဖုံးက ကျင်းစန်းနှင့် ကျင်းကျင်းတို့အား လှမ်းကြည့်လိုက်သည်။

ထို့နောက်...

လက်နှစ်ဖက်ကို ပေါင်ပေါ်သို့ ပြန်တင်ထားလိုက်၏။

ပြီးမှ...

တုကုချင်းအား မှန်းတီးစက်ဆုပ်စွာ ကြည့်ကာ ပြောလိုက်လေသည်။

"မားဖိန်ဟာ အလကားလူပဲ၊ သူက လူမမာတစ်ယောက်ကို မြင်းလှည်းတစ်စီးထဲထည့်ပြီး ကျုပ်ကို ခေါ်သွားစေချင်တယ်၊ ဒါဟာ ကျုပ်တို့နဲ့အတူ သခင်လေး ပါလာတယ်ဆိုတာ ဖော်ပြလိုက်တဲ့ သဘောပဲ"

မားဖိန်မှာ သူ့အား ပြစ်တင်စကား ပြောနေသဖြင့် ဒေါသခြောင်းခြောင်း ထွက်လာ၏။

ဝမ်းဖုံး၏စကားကြောင့် တုကုချင်းမှာ သူ့အပေါ် အထင်လွဲမှား အပြစ်ပေးလာမည်ကို တွေးကြောက်လာ၏။

ထိုစဉ်...

တုကုချင်းက ဝင်ပြောလိုက်၏။

"ဒါလဲ ကျုပ် ပြောနိုင်းလိုက်တာပါ၊ သခင်လေးဟာ အလုံပိတ်လှည်းနဲ့ ဆက်ပြီး ခရီးသွားလို့ မဖြစ်တော့ဘူး၊ ဒါကြောင့် သူ့ကို

သက်တောင့်သက်သာနဲ့ ခရီးသွားနိုင်အောင် ကျုပ် စီစဉ်ပေးတာပါ"

ဝမ်းဖုံးက ပြုံးလိုက်၏။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ အဲသည်လို စီစဉ်တာ မှားတယ်၊ မားဖိန်ရဲ့ စကားတွေထဲမှာ အမှားပါနေလို့ ကျုပ် ရိပ်မိခဲ့တယ်လေ၊ ဒါကြောင့်လဲ သက်ဆိုင်ရာ မင်းမှုထမ်းတချို့ကို..."

ဝမ်းဖုံး၏စကားမဆုံးမီ တုကုချင်းက ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

"မင်း...မင်း"

တုကုချင်းက ဒေါသတကြီး ဖြစ်နေသောကြောင့် သူ၏ စကားများမှာ ထစ်ငေါ့လျက် ရှိသည်။

ဝမ်းဖုံး သဘောကျစွာ ပြုံးလိုက်သည်။

"ခင်ဗျား တပည့်ကို ခင်ဗျား ယုံကြည်အားကိုးလွန်းတာ မှားတယ်၊ တကယ်တော့ သူဟာ စကားကို ဆင်ဆင်ခြင်ခြင် မပြောတတ်ဘူး"

တုကုချင်းမှာ မည်သည့်စိတ်ထား ပေါ်လာသည် မသိ။

သွေးဘီလူးချိန်စန်းအား တစ်ချက်ကြည့်လိုက်၏။

ပြီးမှ မားဖိန်အား စူးရဲသော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

မားဖိန် ထိတ်လန့်သွားသည်။

သူသည် ဝမ်းဖုံးအပေါ် ဒေါသခြောင်းခြောင်း ထွက်သွား၏။

"မင်း လူယုတ်မာ၊ ကျုပ်တို့ချင်း သွေးခွဲစကား ပြောပြီး



ခြေထိုးတယ်"

ဝမ်းဖုံး ပခုံးတွန့်လိုက်သည်။

"ကျုပ်က အမှန်အတိုင်း ပြောနေတာပဲ"

"တောက် သေပေတော့"

မားဖိန်သည် ပြောပြောဆိုဆိုဖြင့် ဝမ်းဖုံးအား ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်...

ဝမ်းဖုံးအနားသို့ ရောက်အောင် ချဉ်းကပ်နိုင်စွမ်း မရှိပါချေ။

သွေးဘီလူးက လျှပ်တပြက် ရှေ့တိုးကာ လက်ငါးချောင်းဖြင့် ကုတ်ဆွဲချလိုက်၏။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် မားဖိန် မရှောင်တိမ်းနိုင်တော့ပါချေ။

"အား"

စူးရှစွာ အော်ဟစ်ယင်း အရုပ်ကြိုးပြတ် လဲကျသွားလေ၏။

မမျှော်လင့်ဘဲ အခြေအနေမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားပေသည်။

သွေးဘီလူးက မားဖိန်အား တိုက်ခိုက်လိုက်သည့် တခဏမှာပင် ဝမ်းဖုံး၏လက်တစ်ဖက်မှာ လျှပ်တပြက် လှုပ်ရှားသွားလေ၏။

ထိုအခါ...

အလင်းတန်းတစ်ခုမှာ သွေးဘီလူးဆီသို့ ပစ်လွှင့်သွားလေသည်။

သွေးဘီလူးချိန်စန်းမှာ မားဖိန်အား တိုက်ခိုက်လိုက်သည့်

တခဏမှာပင် ဝမ်းဖုံးက ယခုကဲ့သို့ တိုက်ခိုက်လာလိမ့်မည်ဟု မထင်ထားပါ။

ထို့ကြောင့်...

ရှောင်တိမ်းခြင်းမှာ မစွမ်းသာတော့ချေ။

"အင့်"

သူ၏လည်ပင်းတွင် သံစူးတစ်ခု စိုက်ဝင်နေပေသည်။

သွေးဘီလူးချိန်စန်းသည် ဝမ်းဖုံးအား ပြူးကျယ်သော မျက်လုံးအစုံဖြင့် မယုံကြည်နိုင်စွာ ကြည့်ယင်း ကြည့်ပြင်ပေါ်သို့ တအိအိ ပြိုလဲကျသွားလေသည်။

မမျှော်လင့်သော အခြေအနေကြောင့် တုကုချင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုစဉ်...

ကျင်းကျင်းက ရုတ်တရက် ခုန်ထလာပြီး ကြူးခုံးအား တိုက်ခိုက်လိုက်သည်။

တည်းခိုခန်းပိုင်ရှင် ကြူးခုံးက ကျင်းကျင်းကို ဂရုစိုက်နေစဉ် ကျင်းစန်းကလည်း ခုန်ထလာကာ တိုက်ခိုက်လိုက်၏။

တည်းခိုခန်းပိုင်ရှင် ကြူးခုံး၏သိုင်းပညာမှာ ကျင်းစန်းနှင့် ကျင်းကျင်းတို့အား မမီချေ။

ထို့ကြောင့်...

ခုခံနိုင်စွမ်း မရှိတော့ဘဲ တစ်ခဏအတွင်းမှာပင်...

"အား"

ရှူးရှစွာ အော်ဟစ်လိုက်ပြီး ကြမ်းပြင်ပေါ် လဲကျသွား၏။



ယခုမူ...

တုကုချင်းတစ်ယောက်သာ ကျန်ရစ်ခဲ့လေတော့သည်။

* * *

တုကုချင်းမှာ ထိုင်နေ၏။

ဝမ်းဖုံးက မျက်နှာချင်းဆိုင်တွင် ရပ်နေ၏။

သူ၏လက်ဝါးနှစ်ဖက်မှာ တိုက်ခိုက်ရန် အသင့်ပြင်ထားပြီး ဖြစ်သည်။

ဝမ်းဖုံး၏ခန္ဓာကိုယ်အတွင်းမှာ သံစူးလက်နက် မည်မျှရှိသည်ကို မည်သူမျှ မသိချေ။

သူ၏လက်နှစ်ဖက် လှုပ်ရှားလိုက်သည်နှင့် အချိန်မရွေး သံစူးတစ်ချောင်း ပစ်လွှင့်လာနိုင်ပေသည်။

ကျင်းကျင်းမှာ သူမအား မလှုပ်နိုင်အောင် ဖမ်းဆီးခဲ့သော မားဖိန်အား စိုက်ကြည့်နေ၏။



မားဖိန်သည် ချိန်စန်း၏လက်ချက်ကြောင့် သေဆုံးသွားရသောကြောင့် ချိန်စန်း၏သိုင်းပညာမှာ ပို၍ အဆင့်မြင့်သည်ကို သိနိုင်ပေသည်။

သို့သော်...

ချိန်စန်းသည်ပင် ဝမ်းဖုံး၏လက်ချက်ဖြင့် သေဆုံးသွားချေပြီ။

ကျင်းစန်းမှာ တုကုချင်းနှင့် မျက်နှာချင်းဆိုင် ရပ်နေသော ဝမ်းဖုံးအား ကြည့်ကာ စိုးရိမ်လာသည်။

ထို့ကြောင့်...

စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ အော်ဟစ်သတိပေးလိုက်သည်။

"ဝမ်းဖုံး၊ သူ့ကို သတိထား၊ သူဟာ ငါ့ကို သိုင်းကွက်သုံးကွက်အတွင်း မိအောင် ဖမ်းနိုင်ခဲ့တယ်"

ထိုစကားကြားရသော်လည်း ဝမ်းဖုံးမှာ ထိတ်လန့်တုန်လှုပ်ခြင်း မရှိချေ။

အတန်ကြာမှ တုကုချင်းက သက်ပြင်းချကာ ပြောလိုက်၏။

"ဝမ်းဖုံး၊ မင်းဟာ တကယ့်ကို ချီးကျူးစရာကောင်းတဲ့ လူတစ်ယောက်ပဲ၊ ကျုပ်နဲ့ ပူးပေါင်းမယ်ဆိုယင် ကြီးပွားတိုးတက်လာမှာပဲ"

သူက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ခင်ဗျားလို လူမျိုးနဲ့ ဘယ်တော့မှ မပူးပေါင်းဘူး"

တုကုချင်းက...

"သခင်လေး ငါ့လက်ထဲ ရှိနေတယ်ဆိုတာ မင်း မေ့နေပြီလား"

"ဒါ ဘာဖြစ်လဲ ကျုပ်က ဂရုစိုက်တာက ကျင်းစန်းတို့သားအဖပဲ၊ အခု သူတို့ လွတ်မြောက်သွားပြီ၊ ကျုပ်က ခင်ဗျားကို မညှာနိုင်တော့ဘူး"

တုကုချင်း အံကြိတ်လိုက်၏။

ချက်ချင်းပင် ခုန်ထကာ ဝမ်းဖုံးအား တိုက်ခိုက်လိုက်၏။

ဝမ်းဖုံးက ချက်ချင်းပင် လက်နှစ်ဖက်စလုံး ဝှေ့ယမ်းလိုက်၏။

"အား"

တုကုချင်းမှာ စူးရှစွာ အော်ဟစ်ယင်း နောက်ဆုတ်သွား၏။

သူ၏ဝဲယာပခုံးနှစ်ဖက်တွင် သံစူးနှစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့ရလေသည်။

သူ၏လက်တွင်းမှ ဓားကား ကြမ်းပေါ် လွတ်ကျသွားပြီဖြစ်သည်။

"မင်း...မင်း"

တုကုချင်း အထိတ်တလန့် ဖြစ်နေ၏။

ဝမ်းဖုံးက...

"သခင်လေး ဘယ်မှာလဲ"

တုကုချင်း ခေါင်းမမာနိုင်တော့ချေ။

"သူ ဂိုဏ်းချုပ်ကြီးနဲ့အတူ ရှိပါတယ်"

"ဂိုဏ်းချုပ်ကြီးဆိုတာ ဘယ်သူလဲ၊ ဘယ်မှာနေသလဲ"



ယင်းအခိုက်...

"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံနှင့်အတူ အခန်းတွင်းသို့ လူတစ်စု ဝင်ရောက်လာလေတော့သည်။

* * *

## အကြံကြီးသူ၏နိဂုံး

သူဌေးမင်းတည်းခိုခန်း ခြံဝင်းအတွင်း တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားနေဆဲ ဖြစ်၏။

လှေမင်းတို့မှာ တစ်စထက်တစ်စ အရေးနိမ့်လာကြ၏။

အနက်ရောင်ဝတ်ဆင်ထားသူများမှာ ပင့်ကူနက်ဂိုဏ်းသား များပင် ဖြစ်သည်။

တည်းခိုခန်းရှိ တည်းခိုနေသူများ၊ ဆိုင်လုလင်များမှာ တိုက်ပွဲ ဖြစ်ပွားလာသည်နှင့် ထွက်ပြေးတိမ်းရှောင်သွားကြလေသည်။

လှေမင်းတို့မှာ တစ်စထက်တစ်စ အခြေအနေ ဆိုးလာပြီ ဖြစ်လေသည်။



သိမ်းငှက်အာမခံဌာန အဖွဲ့သားများမှာ စိတ်ဓာတ်ကျဆင်း လာကြသည်။

ယင်းအခိုက် သြဇာအာဏာ အပြည့်ရှိသော စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထိုအခါ ပြင်းထန်စွာ ဖြစ်ပွားနေသော တိုက်ပွဲမှာ မီးကို ရေနှင့် ငြိမ်းသက်လိုက်သည့်အလား တိတ်ဆိတ်ငြိမ်သက်သွားလေ သည်။

အနက်ရောင်ဝတ်ဆင်ထားသော ပင့်ကူနက်ဂိုဏ်းသားများ မှာ ထွက်ပြေးနိုင်စွမ်း မရှိကြတော့ချေ။

ပင့်ကူနက်ဂိုဏ်းသားများအား ထိန်းသိမ်းပြီး သုံးဆယ်ခန့် ခေါ်ယူကာ ကတိုက်ကရိုက် ထွက်ခွာသွား၏။

နန်းကုန်းစု မည်သည့်နေရာသို့ သွားပါသနည်း။

* * *

လူတစ်စု အခန်းတွင်းသို့ လှမ်းဝင်လာ၏။

မျက်နှာတစ်ထောင်တစ္ဆေအဖွဲ့မှ လူသုံးယောက်၊ အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်နှင့် လူရွယ်တစ်ယောက်တို့ပင် ဖြစ်သည်။

လူရွယ်မှာ နယ်စားကြီး၏သားတော်ပင် ဖြစ်ကြောင်း ဝမ်းဖုံး သိလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူမှာ ပင့်ကူနက်ဂိုဏ်းချုပ်ပင် ဖြစ်သည်။

ပင့်ကူဂိုဏ်းချုပ်က ဝမ်းဖုံးအား ကြည့်ကာ...

"ဝမ်းဖုံး၊ မင်းကြောင့် ကျုပ်ရဲ့ အကြံအစည်တွေ ပျက်ကုန်ပြီ၊ မင်းကို ချမ်းသာမပေးနိုင်ဘူး"



ဝမ်းဖုံး မဲ့လိုက်၏။

"ကျုပ်ကလဲ ခင်ဗျားကို ဆုံးမချင်တာ"

ထိုစဉ် မျက်နှာတစ်ထောင်တစ္ဆေအဖွဲ့မှ လူသုံးယောက်ထဲမှ ခေါင်းဆောင်ဖြစ်သော မျက်နှာတစ်ထောင် မုချူးက ပင့်ကူနက်ဂိုဏ်းချုပ်အား ပြောလိုက်၏။

"သူ့ကြောင့် ကျုပ်လူသုံးယောက် သေသွားရတယ်၊ သူ့ကို ကျုပ်တို့ပဲ ရှင်းလိုက်ပါ့မယ်"

ပင့်ကူနက်ဂိုဏ်းချုပ် သဘောတူလိုက်၏။

မုချူးက အဖော်နှစ်ယောက်အား မျက်ရိပ်ပြကာ ဝမ်းဖုံးအား ဝိုင်းရံတိုက်ခိုက်လိုက်ကြ၏။

ဝမ်းဖုံးကလည်း ပြန်လည် တိုက်ခိုက်လိုက်၏။

ကျင်းစန်းနှင့် ကျင်းကျင်းက ဝမ်းဖုံးဘက်မှ ကူညီတိုက်ခိုက်လိုက်ကြ၏။

အခန်းတွင်း ပြင်းထန်သော တိုက်ပွဲ ရုတ်ခြည်း ဖြစ်ပေါ်လာလေတော့သည်။

* * *

တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာသည်။

နောက်ဆုံးတွင်...

ရူးရှသော အော်ဟစ်သံနှင့်အတူ လူသုံးယောက်မှာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြ၏။

မျက်နှာတစ်ထောင်တို့ သုံးယောက်ပင် ဖြစ်သည်။

ပင့်ကူနက်ဂိုဏ်းချုပ် ထိတ်လန့်သွားသည်။

ဝမ်းဖုံးအား ကြည့်လိုက်သည်။

ကျင်းစန်းမှာ လက်တစ်ဖက် သွင်သွင်ကျိုးသွားပြီး ကျင်း



ကျင်းမှာ ဒဏ်ရာလေးချက်မျှ ရရှိထားသည်။

ဝမ်းဖုံးမှာကား တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေသည်။

ဝမ်းဖုံး ဒဏ်ရာဗရပွ ရရှိသွားသည်ကို မြင်လျှင် ပင့်ကူနက်ဂိုဏ်းချုပ် ဝမ်းသာသွား၏။

"ဟား..ဟား..ဟား မင်းလဲ မကြာခင် မင်း သူငယ်ချင်းနောက်လိုက်သွားရမှာပေါ့"

"ခင်ဗျား ဘာပြောတာလဲ"

"မင်း သူငယ်ချင်း စုမာထင်းကို ငါ သတ်လိုက်ပြီ"

"ခင်..ခင်ဗျား"

ဝမ်းဖုံး ဒေါသတကြီးဖြင့် တိုက်ခိုက်ရန် ပြင်လိုက်၏။

သို့သော် မဟန်နိုင်ဘဲ ဒယီးဒယိုင် ဖြစ်နေ၏။

ပင့်ကူနက်ဂိုဏ်းချုပ် ကောက်ကျစ်စွာ ပြုံးလိုက်၏။

သခင်လေးအား တုကုချင်း၏လက်ထဲ အပ်ကာ ဝမ်းဖုံးအားသုတ်သင်ရန် လှမ်းလာခဲ့သည်။

ဝမ်းဖုံး၊ ကျင်းစန်းနှင့် ကျင်းကျင်းဘို့မှာ ဒဏ်ရာပြင်းစွာရရှိထားသောကြောင့် ပင့်ကူနက်ဂိုဏ်းချုပ် ပြုသမျှ ငုံ့ခံရတော့မည့်အခြေအနေသို့ ရောက်ရှိနေသည်။

ရုတ်တရက် သူတို့အနီး လှမ်းလာသော ပင့်ကူနက်ဂိုဏ်းချုပ်မှာ ကြမ်းပေါ် ဝုန်းခနဲ လဲကျသွား၏။

သူ၏ကျောပြင်တွင် ဓားပျံတစ်လက် စိုက်ဝင်နေသည်။

ထိုဓားပျံ ပစ်လွှင့်လိုက်သူမှာ...

အခန်းထဲသို့ လူတစ်ယောက် ဝင်လာ၏။

နယ်စားတပ်ဖွဲ့များအား ဦးဆောင်လာသော နန်းကုန်းစုပင် ဖြစ်နေတော့သည်။

* * *



ပြဿနာ အရပ်ရပ် ပြေလည်သွားပြီ ဖြစ်သည်။

အခြေအနေ မဟန်သော တုကုချင်းက သခင်လေးအား လွှတ်ပေးကာ အဖမ်းခံခဲ့၏။

နန်းကုန်းစုမှာ တုကုချင်း၊ ပင့်ကူနက်ဂိုဏ်းသားများကို ဖမ်းဆီးကာ သခင်လေးနှင့်အတူ နယ်စားဂေဟာသို့ ခေါ်ဆောင်သွားသည်။

ကျင်းစန်းမှာ အာမခံအဖွဲ့သားများကို စုစည်းကာ လုယန်မြို့သို့ ပြန်ရန် ပြင်ဆင်ကြ၏။

အခက်ကြုံနေကြသူများမှာ ကျင်းကျင်းနှင့် ဝမ်းဖုံးတို့ပင် ဖြစ်သည်။

သူတို့နှစ်ဦးမှာ မမျှော်လင့်ဘဲ သံယောဇဉ်တွယ်မိကာ မခွဲနိုင်မခွာရက် ဖြစ်နေကြသည်။

ကျင်းကျင်းမှာ ဖခင်အား ထားပစ်ခဲ့ပြီး ဝမ်းဖုံးနောက် လိုက်ပါသွားမည် မဟုတ်ချေ။

ဝမ်းဖုံးက ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

"ဦး၊ ကျွန်တော် ဦးတို့နဲ့အတူ လိုက်ခဲ့ပါရစေ"

မဝံ့မရဲဖြင့် ပြောလိုက်၏။

ကျင်းစန်း မျက်မှောင်ကြုတ်သွား၏။

သို့သော် ငယ်ရာမှ ကြီးလာသူပီပီ အခြေအနေ အရပ်ရပ်ကို နားလည်လိုက်၏။

ထို့ကြောင့် သဘောကျစွာ ရယ်မောပြောဆိုလိုက်၏။

"အေး လိုက်ခဲ့ပေါ့ကွာ၊ မင်း လိုက်ခဲ့တော့ သားတစ်ယောက် ဆုံးရှုံးသွားပေမယ့် နောက်ထပ် သားတစ်ယောက် အစားရသလိုပေါ့ ဟား..ဟား..ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ကျင်းကျင်းနှင့် ဝမ်းဖုံးတို့မှာ ရှက်ပြုံးကိုယ်စီဖြင့် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြလေသည်။

လောကကြီးတစ်ခုလုံး သာယာလှပနေသည်တကား။

ပြီးပါပြီ။